
နှလုံးသား
စာစဉ် ၂

တက္ကသိုလ်

# နေလင်းအောင်

# သံသေတ္တာရှင်၏နှလုံးသား

(တစ်ဝဉ်-၂)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၉၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၃၄၀၄၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၁၀)

## ရှုံးနိမ့်၍ ဆုတ်ခွာခြင်း

တိတ်တဆိတ် ကျူးကျော်ဝင်ရောက်လာသော ဓည့်သည်များ၏ ရန်လိုသော စကားများကြောင့် မိုညီနောင်တို့ ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ပေ။

တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေသော လီထိုက်ဟိုနှင့် မိုရှုရိတို့ ပြောဆိုတိုင်ပင်နေကြစဉ်မှာပင် ....

မိုပိုက်ရိသည် သူ၏ ခါးကြားတွင် ထိုးစိုက်ထားသော သံမဏိစွန်ကုတ်တံကို ဆွဲထုတ်လိုက်လေသည်။

ထို့အတူ ....

လူစိမ်းဧည့်သည်များကလည်း သူတို့၏အသင့်ပါလာသော ဓားများကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။

ထို့နောက် ....

မိုပိုက်ရိသည် လှေကားထစ်မှ ခုန်လွှားကာ ဆင်းလိုက်ပြီး၊ လူစိမ်းညှော်သည်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေပြီ ဖြစ်သည်။

လောလောဆယ်တွင် ....

မိုပိုက်ရိနှင့် လူစိမ်းညှော်သည်ခေါင်းဆောင်တို့ တစ်ယောက်ချင်း ယှဉ်ပြိုင်နေကြခြင်း ဖြစ်သည်။

ကျန်သည့်လူများက .... နောက်သို့ဆုတ်၍ ရပ်ကြည့်နေကြသည်။

ကြည့်နေသော မိုညီနောင်နှစ်ဦးမှာ သူတို့အစ်ကိုကြီးဖြစ်သူ မိုပိုက်ရိအပေါ် စိုးရိမ်မှုများက မျက်နှာတွင် ပေါ်လွင်နေသည်။

ထို့အတူ ....

ချောင်းမြောင်းကြည့်ရှုနေသော မိုရှုရိမှာလည်း သူ့အစ်ကိုကြီးအတွက် ပူပန်မှုများကို မဖုံးဖိနိုင်ချေ။

ထိုစဉ်မှာပင် ...

သံသံချင်း ထိခတ်သံများ၊ အော်ဟစ်မာန်သွင်းသည့်အသံများက ဆူညံစွာ ထွက်ပေါ်လာသည်။

မိုပိုက်ရိက သံမဏိစွန်ကုတ်တံကို အသုံးပြု၍တိုက်ခိုက်သည်။

မိုပိုက်ရိ၏ သံမဏိစွန်ကုတ်တံကို ဝှေ့ယမ်းတိုက်ခိုက်ချက်များက လွန်စွာပြင်းထန်လွန်း၏။



ထို့အတူ . . .

လူစိမ်းရန်သူ၏ ငှက်ကြီးတောင်ဓားချက်ကလည်း တစိုးဝိုးနှင့် အားမာန်ပါလှသည်။

လေခတ်သံ ပေါ်ထွက်လာအောင်ပင် ... ထိုသူ၏ဓားက သွက်လက်လျင်မြန်လှသည်။

နှစ်ဘက်စလုံးမှ တိုက်ခိုက်မှုများ ..... တဖြည်းဖြည်းနှင့် ပြင်းထန်လာသည်။

ထိုစဉ် . . .

'ယား'

မိုပိုက်ရိက အားမာန်တစ်ချက်သွင်းပြီး လက်ထဲမှသံမဏိစွန်ကုတ်တံကို ရန်သူဆီသို့ ဆတ်ခနဲထိုးချလိုက်သည်။

သံမဏိစွန်ကုတ်တံထိပ်မှ လက်သည်းချွန် ငါးချောင်းက တစ်ဘက်ရန်သူ၏ ရင်ဝဆီသို့ လျင်မြန်စွာ တိုးဝင်သွားသည်။

တစ်ဘက် ရန်သူကလည်း ဘေးသို့ ခြေတစ်လှမ်းဆုတ်ကာ သူ၏ဓားဖြင့် လျင်မြန်စွာဝှေ့ယမ်း ပက်ထုတ်လိုက်ရသည်။

'ခြွမ်း'

သံ .... သံချင်း ထိခိုက်မိသည့် အသံက ပြင်းထန်စွာပေါ်ထွက်လာသည်။

ငှက်ကြီးတောင်ဓားကိုင်ရန်သူသည် သူ၏လက်မှာထုံကျင်သွားသဖြင့် လှစ်ကနဲနောက်သို့ခုန်ကာ ရှောင်တိမ်းလိုက်ရသည်။

ထိုအခါ ...

မိုပိုက်ရိကလည်း ... နောက်သို့ခြေတစ်လှမ်း ဆုတ်ပေးလိုက်ရပြီး၊ ငှက်ကြီးတောင် ဓားကိုင်ရန်သူကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

ထို့နောက် . . .

သံမဏိစွန်ကုတ်တံကို ခါးကြားသို့ ပြန်လည်ထိုးသိမ်းလိုက်ပြီးလျှင် . . .

'ကဲ ... ခင်ဗျားပြန်နိုင်ပြီ၊ ယိုးလင်ဂေဟာရဲ့ နယ်နမိတ်အတွင်းမှာ လူစိမ်းတွေရဲ့အလောင်းကို လက်မခံချင်ဘူး'

ဟု ပြောပြီး လက်ပိုက်ရပ်နေလိုက်သည်။

ထိုလူစိမ်းရန်သူလည်း သူဘာဖြစ်သွားသည်ကို သူ့ကိုယ်သူ သိနေသဖြင့် သူ့လူလေးယောက်အား လှမ်းကြည့်လိုက်သည်။

ထိုစဉ် . . .

သူ့လူလေးယောက်စလုံးက ရုတ်တရက် ရှေ့သို့တိုးလာပြီး၊ ဓားများကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ....

အသင့်စောင့်နေသော မိုညီနောင်နှစ်ဦးနှင့် တပည့်နှစ်ဦးတို့ကလည်း သူတို့၏ သံမဏိစွန်ကုတ်တံ လက်နက်များကို ဆွဲထုတ်လိုက်ပြီး အသင့် ပြင်လိုက်သည်။

သို့သော် . . .



ထိုလူက လက်ကိုဝှေ့ယမ်း၍ ကာဆီးထားလိုက်ပြီး . . .

'ဟဲ ... ဟဲ ... ခင်ဗျားတို့ရဲ့ သံမဏိအဆိပ် စွန်ကုတ်တံ သိုင်းကွက်တွေဟာ တကယ့်ကို သွက်လက်ပြီး ပြင်းထန်လှပေတယ်၊ အခုတိုက်ပွဲမှာ ကျုပ်ဒဏ်ရာရလိုက်ပြီဆိုတာ ကျုပ်ကိုယ်ကျုပ် သိတယ်၊ ဒါပေမယ့် ကျုပ်နောက်တစ်ခါ ထပ်လာခဲ့ပါအုံးမယ်၊ အဲဒီအခါကျရင် ဟိုပစ္စည်းလေးကို ယူဖို့ပဲ၊ ဒီလောက်ဆို ခင်ဗျားသဘောပေါက်တယ် မဟုတ်လား'

မိုပိုက်ရိက အားရပါးရ ရယ်မောလိုက်၏။

'ဟား ... ဟား ... ဟား ... အချိန်မရွေး လာနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားမှာ အသက်ရှိနေသေးတယ် ဆိုရင်ပေါ့ဗျာ ... ဟား ... ဟား'

ထို့နောက် . . .

ထိုလူစိမ်းရန်သူက လက်ကိုဝှေ့ယမ်း၍ အချက်ပြလိုက်သည်။

ထိုအခါ ...

သူ့လူလေးယောက်စလုံးသည် ... နောက်သို့ ချက်ချင်းပင် လှည့်ထွက်သွားကြသည်။

ထို့အတူ ...

ထိုလူစိမ်းခေါင်းဆောင်ကလည်း ... သူ့လူများ၏ ရှေ့မှ ပြေးလွှားထွက်ခွာသွားတော့သည်။

သူတို့သည် ထင်းရှူးပင်စည်တံတားပေါ်မှ သွက်လက်စွာ ဖြတ်၍ လျှောက်သွားကြသည်။

မိုပိုက်ရိက သူတို့ဖြတ်သွားနေစဉ် လက်ကို မြှောက်ပြထားလိုက်၏။

အဓိပ္ပာယ်မှာ ထိုလူစိမ်းရန်သူများ အေးဆေးစွာထွက်ခွာသွားနိုင်ရန် အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။

ထိုလူစိမ်းရန်သူများ ထွက်ခွာသွားပြီးသောအခါ ယိုးလင်ဂေဟာသည် ခေတ္တမျှ တိတ်ဆိတ်သွားလေ၏။

❖❖❖❖❖



## အခန်း (၁၁)
## အကြံတူ ရန်သူ

ကျူးကျော်ဝင်ရောက်၍ ရန်စစော်ကားလာသူ လူစိမ်းများမှာ ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်သည်။

သို့သော် ....

မိုပိုက်ရိသည် ... ထိုနေရာတွင်ပင် ရပ်နေသည်။ အတန်ကြာသည်အထိ မလှုပ်မယှက် ရပ်နေခြင်း ဖြစ်သည်။

ထို့အတူ ....

သူ၏ညီနှစ်ဦးနှင့် ဝတ်စုံနက်ဝတ်သူ တပည့်နှစ်ဦးကလည်း သူ့ကို စကားမပြောဝံ့သေးပဲ ငြိမ်သက်စွာ ရပ်နေကြသည်ကို တွေ့မြင်ရသည်။

အတန်ကြာမှ မိုပိုက်ရိ၏ ခန္ဓာကိုယ်က လှုပ်ရှားလာသည်။

သို့သော် . . .

မှုမှန်အတိုင်း လွှပ်ရှားလာခြင်းမျိုး မဟုတ်ပါ။

မိုပိုက်ရီ၏ ခန္ဓာကိုယ်သည် ဒယီးဒယိုင်ဖြင့် လဲကျတော့မည့်ပုံစံမျိုးဖြင့် လှုပ်ရှားလာခြင်း ဖြစ်သည်။

ထို့ကြောင့် . . .

မိုပိုက်ရီ၏ ညီငယ်နှစ်ဦးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး သူတို့အစ်ကိုကြီးဆီ ပြေးလာကာ ဖေးမထားလိုက်ကြသည်။

'အစ်ကိုကြီး၊ အစ်ကိုကြီး ... ဘာဖြစ်သွားလို့လဲ အစ်ကိုကြီး ဒဏ် ရာရသွားသေးသလား'

ထိုအခြင်းအရာကြောင့် လီထိုက်ဟိုနှင့် မိုရှုရီတို့ တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်မိကြသည်။

ချက်ချင်းဆိုသလိုပင် ...

သူတို့နှစ်ဦးစလုံး လှေကားပေါ်မှ လျှင်မြန်စွာ ပြေးဆင်းလာကြသည်။

မိုပိုက်ရီသည် .... သူ၏ဘယ်ဘက်လက်ပြင်ပေါ်မှ အရာတစ်ခုကို ညာလက်ဖြင့် ဆွဲနုတ်ပြီး ယူလိုက်သည်။

ပြီးနောက် . . .

ထိုအရာကို သူ့ညီမိုစုရီအား လှမ်းပေးလိုက်သည်။

ထိုအရာကား အနက်ရောင်ဖြစ်ပြီး၊ ပြောင်လက်နေကာ ... ပန်းပွင့်ပုံသဏ္ဍာန် ရှိ၏။



ယင်းသည် အဆိပ်ပန်းပွင့်ကလေးတစ်ခုပင် ဖြစ်သည်။ ပြင်းထန်သော အဆိပ်များ သုတ်လိမ်းထားသဖြင့် အဖျားပိုင်းတွင် ပို၍ မည်းနက်နေသည်။

တစ်ဘက်ရန်သူသည် ... ထိုလက်နက်ပုန်းဖြင့် မည်သည့်အချိန်က မည်ကဲ့သို့ လှမ်းပစ်လိုက်သည်ကို မည်သူကမျှ မတွေ့လိုက်မိကြပေ။

မိုပိုက်ရီကိုယ်တိုင်ကလည်း ရုတ်တရက် မသိလိုက်ပါ။

ယခုကဲ့သို့ ဦးခေါင်းတစ်ခုလုံး မူးနောက်လာပြီး၊ လက်ပြင်တစ်ခုလုံး ထုံကျင်လာတော့မှသာ သိလိုက်ရခြင်း ဖြစ်သည်။

ထို့နောက် ...

မိုပိုက်ရီက ညီဖြစ်သူ မိုချုံးရီအား လှမ်းပြောလိုက်သည်။

'ညီလေး ချုံးရီ ... အသက်ဆက် အဆိပ်ဖြေဆေး ပုလင်း မြန်မြန်ယူခဲ့'

မိုချုံးရီက ခေါင်းညိတ်လိုက်ကာ လျှင်မြန်စွာ လှေကားမှ ပြေးတတ်သွားပြီး အိမ်ထဲသို့ ဝင်သွားသည်။ သူအလျှင်အမြန် မပြေး၍ မဖြစ်ပေ၊ သူ့အစ်ကိုကြီး အဆိပ်တက်လုပြီ။

ချက်ချင်းဆိုသလိုပင် ...

မိုချုံးရီ ... ပြန်ထွက်လာသည်။

သူ့လက်ထဲတွင် ကျောက်စိမ်းရောင် ကြွေပုလင်းတစ်လုံး ပါလာသည်။

မိုပိုက်ရှိ အနီးသို့ ရောက်သောအခါ မိချုံးရီက ရပ်တန့်လိုက်လေသည်။

ဤတွင် မိုစုရီက မိချုံးရီ ရပ်နေသည်ကို ကြည့်ကာ ကမျာကယာ ဝင်ပြောလိုက်၏။

'အစ်ကိုကြီးကို အသက်ဆက် အဆိပ်ဖြေဆေး အမြန်ဆုံးတိုက်ဖို့ အရေးကြီးနေတယ်၊ အစ်ကိုချုံးရီက ဘာကြောင့်ရပ်နေတာလဲ၊ ပေး ... ပေး ညီလေးကို အဲဒီဆေးပုလင်းပေး'

မိုစုရီက ဆေးပုလင်းကို မိချုံးရီထံမှ လှမ်းတောင်းလိုက်သည်။ သူက လက်လှမ်းလိုက်သည်။

သို့သော် . . .

မိချုံးရီက မပေးသေးပဲ ရပ်မြဲရပ်နေသည်။

ထို့နောက် . . .

မိချုံးရီက မဲ့ပြုံးပြုံးလိုက်ကာ . . .

'အင်း . . ဒီအသက်ဆက် အဆိပ်ဖြေဆေးဟာ ... အလွန်အစွမ်းထက်တဲ့ ဖြေဆေးပဲ၊ တော်ရုံ အဆိပ်သင့်တဲ့ ဒဏ်ရာရရုံနဲ့တော့ ဒီဆေးကို မသုံးသင့်ဘူး၊ ဒါပေမယ့် အစ်ကိုကြီး အခုရတဲ့ လက်နက်ပုန်း အဆိပ်ဟာ ပန်းပွင့်လက်ပုန်းအဆိပ်ပဲ၊ အင်မတန်ပြင်းထန်တဲ့ အဆိပ်တွေ ဖြစ်တယ်၊ ဒါကြောင့် ... ကျွန်တော်တို့ ဘိုးဘွားပိုင်ဟောဒီ အသက်ဆက် အဆိပ်ဖြေဆေးကို မသုံးလို့ မဖြစ်တော့ဘူး၊ ဒီဆေးကို သောက်မှပဲ အသက်ချမ်းသာရာ ရနိုင်လိမ့်မယ်'



ယင်းသို့ ပြောပြီးသည့်တိုင်အောင် မိချုံးရီမှာ ဆေးပုလင်းလေးကို မပေးသေးပဲ ကိုင်၍ ရပ်နေသည်။

လီထိုက်ဟို အပါအဝင် ကျန်သူများမှာ နားမလည်နိုင်သလိုကြောင်၍ ကြည့်နေမိကြသည်။

ယင်းနောက် . . .

မိချုံးရီက ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး လီထိုက်ဟိုကို လှမ်းခေါ်လိုက်သည်။

'လီထိုက်ဟို ... ဒီနားကို ခဏလောက် လာခဲ့စမ်းပါ'

ထိုအခါ .... လီထိုက်ဟိုက မိုပိုက်ရှိကို ဆေးတိုက်ရန်အကူအညီတောင်းသည်ဟု ထင်သဖြင့် ဘာမျှ စဉ်းစားမနေတော့ဘဲ သွက်လက်စွာဖြင့် ... မိချုံးရီအနီးသို့ လျှောက်လာခဲ့သည်။

လီထိုက်ဟိုမှာ .... မိချုံးရီ အနီးသို့ ချက်ချင်းပင် ရောက်သွားလေတော့၏။

ထိုစဉ် ... ရုတ်တရက် မိချုံးရီက လီထိုက်ဟို၏ ညာဘက်လက်ပြင်ကို ဖြတ်ကနဲ တောက်လိုက်ပြီး နောက်သို့ ကျွမ်းပစ်ကာ ရှောင်တိမ်းသွားလေ၏။

ဤဖြစ်ပျက်လှုပ်ရှားမှုက အားလုံးကို အံ့အားသင့်သွားစေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသဖြင့် မည်သူမျှ တားဆီးရန် အချိန်မရလိုက်တော့ပေ။

လီထိုက်ဟိုမှာ ညာဘက်လက်မောင်းနှင့် လက်ပြင်တစ်ခုလုံး ထုံကျင်သွားသော ဝေဒနာကို ခံစားလိုက်ရ၏။

'ဟင် ...'

ရုတ်တရက်မို့ လီထိုက်ဟိုမှာ မည်သို့မျှ ရှောင်တိမ်းရန် အချိန်မရလိုက်ခြင်းကြောင့် ခံလိုက်ရခြင်းပင် ဖြစ်သည်။

လီထိုက်ဟိုမှာ အံ့အားသင့်လျက် မိုချုံးရီအား အော်မေးလိုက်သည်။

'မိုချုံးရီ ... ခင်ဗျား ...'

ထိုအချိန်တွင် ... မိုရှုရီကလည်း တစ်ပြိုင်တည်းလိုလိုပင် ဟစ်အော်ပြောလိုက်သည်။

'အစ်ကို ချုံးရီ ... ညီ့သည်ကို ဘယ်လိုလုပ်လိုက်တာလဲ'

'ဟား . . ဟား . .ဟား . . '

မိုချုံးရီက အားရပါးရ ရယ်မောလိုက်ပြီး လက်ထဲမှအဆိပ်ပြေဆေး ပုလင်းကို သူ့ရင်ဖုံးအင်္ကျီအိတ် အတွင်းသို့ ထည့်လိုက်တော့သည်။

သို့ဖြစ်ရာ ...

မိုစုရီမှာ ... ပို၍ ဒေါသထွက်လာခဲ့သည်။

သူက မိုချုံးရီအား အော်ဟစ်၍ ပြောလိုက်သည်။

'ချုံးရီ .... ဆေးပုလင်း အမြန်ပေးစမ်း၊ အစ်ကိုကြီးကို ဆေးအမြန်ဆုံး တိုက်ရမယ်၊ မင်းဘာတွေ .. လျှောက်လုပ်နေတာလဲ'



သို့ဖြစ်၍ . . .

မိုချုံးရီ ရယ်မောခြင်းကို ချက်ချင်း ရပ်တန့်လိုက်ပြီး မျက်နှာတည်တည်ဖြင့် ပြောလိုက်သည်။

'မင်းက ဆေးလိုချင်တယ်ပေါ့ ဟုတ်လား၊ ဟဲ ... ဟဲ၊ ဆေးလိုချင်ရင် ... ကျုပ်ပြောတဲ့အတိုင်း လိုက်နာကြရမယ်'

ယင်းသို့ .... မိုချုံးရီ ပြောလိုက်သော စကားကို ကြားလိုက်ရသဖြင့် အားလုံးပို၍ အံ့အားသင့်သွားကြတော့သည်။

မိုချုံးရီတစ်ယောက် မည်သို့ ဖြစ်သွားရပါသနည်း။

သူသည် မိုပိုက်ရီအား အဆိပ်ပြေဆေး မည်သည့်အတွက်ကြောင့် မပေးချင်နည်း။

ဤသည်တို့ကို မည်သူမျှ သိနိုင်လိမ့်မည် မဟုတ်ပါ။

❖❖❖❖❖

မိချုံးရိက မဲ့ပြုံးပြုံးကာ ရပ်နေ၏။ အဆိပ်ဖြေဆေးပုလင်းမှာမူ သူ၏အင်္ကျီအိတ်ထဲတွင်ပင် ရှိနေသည်။

ထိုစဉ် ....

'အစ်ကိုချုံးရိ ... ဘာဖြစ်နေတာလဲ၊ သတိထားစမ်းပါဦး'

မိရှုရိက အော်၍ သတိပေးလိုက်သည်။

မိစုရိကလည်း သူ့အစ်ကိုကြီးအား ဆွဲထူ၍ ပွေ့ထားရာမှ မိချုံးရိအား ကျယ်လောင်စွာ အော်ပြောလိုက်သည်။

'ချုံးရိ ... မင်းဘာသဘောနဲ့ လုပ်နေတာလဲ၊ ခုချိန်ဟာ နောက်ပြောင်ကျီစယ်နေရမယ့် အချိန် မဟုတ်ဘူး'

ထိုအချိန်တွင် ...

မိပိုက်ရိသည် မိချုံးရိအား နားမလည်နိုင်သောအကြည့်၊ ဒေါသထွက်သောအကြည့်ဖြင့် လှမ်းကြည့်နေရင်းမှ ရုတ်တရက် ခွေကျသွားတော့သည်။



ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

'အစ်ကို စုရိ . . အစ်ကိုကြီး လဲကျသွားပြီ၊ အမြန်ဆွဲထူထားပါဦး'

မိရှုရိက အလျင်စလို အော်ပြီး ... သတိပေးလိုက်သည်။ မိစုရိက သူ့အစ်ကိုကြီးအား ပြန်၍ ဆွဲထူနေသည်။

ထိုအခိုက်အတန့်တွင် ... လီထိုက်ဟိုမှာ မတ်တပ်ရပ်လျက် ရှိသည်။

သူက သူ့လက်ပြင်တွင်စိုက်လျက်ရှိသော ပန်းပွင့်ပုံသဏ္ဌာန် လက်နက်ပုန်းကလေးကို သူ့ဖာသာသူ ဆွဲနုတ်ယူလိုက်ပြီး ကိုင်ကြည့်နေသည်။

ယင်းလက်နက်ပုန်းကလေးမှာ .... စောစောက မိချုံးရိက သူ့ကို အယုံသွင်းခေါ်ယူပြီး ပစ်ခတ်ခဲ့သော လက်နက်ပုန်းကလေးပင် ဖြစ်သည်။

အဆိပ်များ သုတ်လိမ်းထားဟန် ရှိသည်။

ထို့နောက် လီထိုက်ဟိုက ....

'မိချုံးရိ . . ခင်ဗျားဟာ စောစောကလူတွေနဲ့ ဘယ်လိုပတ်သက်ပြီး ဆက်သွယ်မှု ရှိထားသလဲ'

သူ၏စကားဆုံးသည်နှင့် လီထိုက်ဟိုက လက်ထဲမှ ပန်းပွင့်ပုံသဏ္ဌာန်လက်နက်ပုန်းကလေးကို လက်ညှိုးနှင့်လက်ခလယ်ကြားတွင် ညှပ်ကာ မြှောက်ပြလိုက်သည်။

ထိုအချိန်တွင် မိုပိုက်ရီအား မိုစုရီက ကူ၍ ကိုင်မထားသည်၊ မိုပိုက်ရီသည် မိုချုံးရီအား သေသေချာချာ စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ဒေါသသံဖြင့် အားယူ၍ ပြောလိုက်သည်။

'ဟင် . . မင်း . . မင်း ငါ့ညီချုံးရီ မဖြစ်နိုင်ဘူး၊ ငါတို့ ယိုးလင်ဂေဟာရဲ့ ညီအစ်ကိုမောင်နှမတွေဟာ ဘယ်တုန်းကမှ ဒီလိုရိုင်းစိုင်းတဲ့အကျင့်မျိုး လုံးဝမရှိကြဘူး၊ ဟောကောင် .. မင်းဟာ ချုံးရီရုပ်နဲ့တော့ တထေရာတည်း တူနေတာပဲ၊ ဒါပေမယ့် ... မင်း . . မင်း ဘယ်သူလဲ၊ ချုံးရီရော ဘယ်မှာလဲ၊ မင်းချုံးရီကို ဘယ်လိုလုပ်ခဲ့တာလဲ .... တို့ရဲ့ ယိုးလင်ဂေဟာကို ရောက်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ'

'ဟား . . ဟား . . ဟား'

မိုပိုက်ရီ၏ မေးခွန်းများကို မိုချုံးရီက ချက်ချင်း မဖြေသေးဘဲ အားရပါးရ ရယ်မောလိုက်သည်။

ပြီးမှ . . .

'အင်း . . မိုပိုက်ရီ ခင်ဗျားအတွေးနဲ့ အမြင်ဟာ မဆိုးပါဘူး၊ ခင်ဗျားဟာ အခြေအနေ တစ်ချက်ပြောင်းသွားတာနဲ့ ချက်ချင်းအကဲခတ် ဆုံးဖြတ်တတ်တယ်၊ ဟုတ်တယ် .... မိုပိုက်ရီ၊ ခင်ဗျားရဲ့ညီ မိုချုံးရီ မဟုတ်ဘူး၊ တကယ်တော့ ... ကျုပ်ဟာ နဂိုကတည်းက မိုချုံးရီရုပ်နဲ့ နည်းနည်းဆင်နေတယ်၊ ဒီအပြင်ရုပ်ပြောင်းရုပ်လွှဲပညာပါ အသုံးပြုထားတယ်ဆိုတော့ ယိုးလင်ဂေဟာ ညီအစ်ကိုနှစ်ယောက်နဲ့ ညီမလေးတောင်မှ မမှတ်မိလောက်အောင် ဖြစ်သွားတော့တာပေါ့ဗျာ ... ဘယ့်နှယ်လဲ ... မပိုင်ဘူးလား ....

'ဟား . . ဟား . . ဟား'

ပြောပြောဆိုဆို မိုချုံးရီအတုသည် အားရပါးရ ရယ်မောနေပြန်သည်။

'ခွေး . . ခွေးကောင် . . မင်းသေပေတော့'

မိုစုရီသည် ဒေါသကို မထိန်းနိုင်တော့ပဲ သံမဏိစွန်ကုပ်တံလက်နက်ကို ခါးကြားမှ ဆွဲထုတ်လိုက်ပြီး မိုချုံးရီအတုထံ ပြေးသွားကာ .... အပြင်းအထန် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ထိုအခါ . .

မိုချုံးရီ အတုသည် ... လျှင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး အော်ငေါက်လိုက်သည်။

'မိုစုရီ ... ခင်ဗျားအစ်ကိုကြီးရဲ့ အသက်ကို မဆုံးရှုံးစေချင်ရင် ... ခင်ဗျား ငြိမ်ငြိမ်နေလိုက်စမ်းပါ'

ဤတွင် ...

မိုပိုက်ရီက လဲလျောင်းနေရာမှ မိုစုရီအားလှမ်း၍ ဟန့်တားလိုက်သည်။

'ညီလေးစုရီ သူ့စကားဆုံးအောင် ပြောပါစေဦး'

ထို့ကြောင့် . . .

မိုစုရီမှာ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

သို့သော် . . .

ဒေါသက မပြေသေးသဖြင့် လက်ထဲမှသံမဏိကုတ်တံဖြင့် မိုးချုံးရီအတုအား ထိုးညွှန်၍ ပြောလိုက်သည်။

'မင်း . .ဘယ်သူလဲ . . ပြောစမ်း'

မိုချုံးရီအတုက ရယ်မောလိုက်ပြီး ပြန်ပြောလိုက်သည်။

'ဟဲ ... ဟဲ ... ဒီလို အေးအေးဆေးဆေး ဖြစ်မှပေါ့၊ ဒါမှ ခင်ဗျားတို့ သိချင်တာတွေ ဖြေနိုင်တော့မှာပေါ့၊ ပြီးတော့ ခင်ဗျားတို့ အစ်ကိုကြီးကို သေမသွားအောင် ကျုပ်က တာဝန်ယူပေးရဦးမယ် မဟုတ်လား၊ ပြီးတော့ ... ဟိုဒေညှိသည်လီထိုက်ဟို ပါပေါ့ဗျာ၊ ခင်ဗျား မိထားတဲ့အဆိပ်က အသက်သေနိုင်လောက်တဲ့အထိ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အချိန်မီ မဖြေပေးနိုင်ရင်တော့ တစ်သက်လုံး ခုက္ခိတဘဝနဲ့ အရိုးထုတ်သွားရလိမ့်မယ်ဆိုတာကိုတော့ ကျုပ်သတိပေးလိုက်ပါတယ်'

ထိုစဉ် . . .

မိုရှုရီက မှန်းတီးရွှံရှာသော အကြည့်ဖြင့်ကြည့်ကာ ဝင်ပြောလိုက်သည်။

'ရှင်က . .ကျွန်မတို့ရဲ့ ဒီယိုးလင်ဂေဟာကနေ ထွက်ပြေးလွတ်မြောက်နိုင်လိမ့်မယ်ထင်လို့ ခုလိုပြောနေတာလား'

သူမအသံမှာ ဒေါသကြောင့် တုန်ယင်နေသည်။

မိုချုံးရီအတုက တစ်ချက်ရယ်လိုက်သည်။



'ကျုပ် . . ယိုးလင်ဂေဟာထဲကို ဝင်ရောက်လာပြီးကတည်းက အချိန်မရွေးယိုးလင်ဂေဟာထဲမှာ သေဖို့ ဆုံးဖြတ်ပြီးပါပြီ၊ အခုလက်ရှိအခြေအနေမှာတော့ ခင်ဗျားတို့ရဲ့ အထက်စီးမှာရှိနေတယ်ဆိုတာကိုလည်း သတိပြုပါဦး၊ ဒါကြောင့် ခုချိန်ကစပြီး ခင်ဗျားတို့ ကျုပ် ပြောတဲ့အတိုင်း လိုက်နာကြရမယ် ... ဒါဟာ အကောင်းဆုံးပြဿနာဖြေရှင်းတဲ့ နည်းပဲ'

မိုချုံးရီက အောင်နိုင်သူ၏ လေသံမျိုးဖြင့် ပြောလိုက်သည်။

မိုရှုရီက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ကာ . .

'ရှင် . . ဘာလိုချင်သလဲ .... ပြောပါ'

မိုချုံးရီအတုက သဘောကျစွာပြုံးလိုက်ပြီး ... ဦးခေါင်းကို ညိတ်လိုက်သည်။

'ဒီလိုဆို အတွင်းဧည့်ခန်းဆောင်သွားကြရအောင်၊ ဟိုကျမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

မိုရှုရီက ခေါင်းကိုခါယမ်း၍ ပြန်ပြောလိုက်သည်။

'မဖြစ်ဘူး၊ ရှင် ... ကျွန်မတို့ကို ကတိတစ်ခုပေးထားပါ၊ ကျွန်မတို့ အစ်ကိုကြီးရဲ့ အသက်နဲ့ ဟောဒီက ဧည့်သည်ရဲ့ အဆိပ်အန္တရာယ်ကို အရင်ဖြေရှင်းပေးပါ၊ ဒီလိုမှမဟုတ်ရင်တော့ ကျွန်မတို့က ရှင့်ကိုဒီနေရာတွင်ပဲ ... တိုက်ခိုက်ချေမှုန်းရလိမ့်မယ်'

ထိုအခါ မိုချုံးရီ အတုသည် ..... အလွန် သဘောကျသည့်အလား ရယ်မောလိုက်ပြန်သည်။

'ဟား . . ဟား . . ဟား စဉ်းစဉ်းစားစားလဲ ပြောပါဦး၊ ခုချိန်မှာ ... မင်းတို့ဘက်က တောင်းဆိုစရာ အကြောင်းလုံးဝမရှိဘူး၊ ကျုပ်ပြောသမျှကိုသာ လိုက်နာဖို့စဉ်းစားပါ။ တကယ်လို့ မင်းတို့က တိုက်ခိုက်လို့ ကျုပ် ... သေသွားခဲ့ရင်လည်း အဆိပ်ဖြေဆေးကို ရလိမ့်မယ်မထင်နဲ့၊ ကျုပ်က ... အားလုံးကုန်အောင် သောက်ပစ်လိုက်မယ်၊ ဒီလိုအကြမ်းဖက်မယ်ဆိုရင်တော့ မင်းတို့အစ်ကိုကြီးနဲ့ ဟောဟိုဧည့်သည်အတွက် ဆိုးကျိုးဖြစ်သွားစေနိုင်တယ်'

မိချုံးရိက ခြိမ်းခြောက်လိုက်သည်။

မိစုရိမှာမူ ... ဒေါသအလွန်ထွက်နေပုံပေါ်သည်။

ထိုအချိန်တွင် . . .

မိပိုက်ရိမှာ မူးဝေ၍ တစ်ကိုယ်လုံး ပျော့ခွေလာလေသည်။

မိစုရိသည် မိပိုက်ရိထံ ပြန်ပြေးလာပြီး မိပိုက်ရိအား ပွေ့ထူထားလိုက်သည်။

မိရှုရိက လီထိုက်ဟိုအား လှမ်းကြည့်လိုက်သည်။

လီထိုက်ဟိုက မချိပြုံးပြုံးလိုက်ရင်း ပြောလိုက်သည်။

'မိရှုရိ.. ကျုပ်အတွက် သိပ်မစဉ်းစားပါနဲ့၊ ခင်ဗျားတို့ အစ်ကိုကြီးအသက်က ပိုအရေးပါတယ်၊ သူ့စကားအတိုင်းသာ လိုက်နာလိုက်ကြပါ'

မိရှုရိက အတန်ငယ် စဉ်းစားလိုက်ပြီးနောက် ဆုံးဖြတ်ချက်ချလိုက်သည်။



မိရှုရိသည် .... လီထိုက်ဟိုပြောသည့်အတိုင်း မိချုံးရိအတု၏ တောင်းဆိုမှုအား လိုက်လျောရန် ဆုံးဖြတ်ချက် ချလိုက်ခြင်းပင် ဖြစ်ပါသည်။

ထို့နောက် ....

မိရှုရိက မိချုံးရိအတုအား ကြည့်ပြီး ပြောလိုက်သည်။

'ကောင်းပြီ ... ရှင်တောင်းဆိုတဲ့အတိုင်း ကျွန်မတို့ လိုက်လျောမယ်'

ဤတွင် မိချုံးရိအတုသည် ကျေနပ်စွာပြုံးလိုက်သည်။

'ဒီလိုမှပေါ့'

ပြောပြောဆိုဆို သူ့ရင်ဖုံး အင်္ကျီအိတ်ထဲမှ အဆိပ်ဖြေဆေးပုလင်းကို ထုတ်ယူလိုက်သည်။

ထို့နောက် . . .

ပုလင်းထဲမှ ဆေးလုံးနှစ်လုံးကို ထုတ်ယူလိုက်ပြန်သည်။

ဆေးလုံးကလေးနှစ်လုံးမှာ အနီရောင် ဖြစ်သည်။

မိချုံးရိအတုက ဆေးလုံးနှစ်လုံးကို ကိုင်ပြီး ပြောလိုက်သည်။

'ဟောဒီဆေးဟာ .... ခင်ဗျားတို့ ယိုးလင်ဂေဟာရဲ့ အစွမ်းအထက်မြက်ဆုံး အဆိပ်ဖြေဆေးပဲ၊ တစ်လုံးသောက်ထားရင် အဆိပ်ကို ရောက်တဲ့နေရာမှာ ရပ်ထားစေနိုင်တယ်၊ ကဲ ... ခင်ဗျားတို့ အစ်ကိုကြီးနဲ့ လီထိုက်ဟိုတို့ကို ဆေးလုံးတစ်လုံးစီ တိုက်ခွင့်ပေးပါမယ်၊

ကျုပ်ကိစ္စကို ဆောင်ရွက်ပြီးတဲ့အခါကျရင် ... ဆေးတစ်ပုလင်းကို ပြန်ပေးပါ့မယ်လို့ ကတိပေးပါတယ်၊ ဒီလိုဆိုရင် ခင်ဗျားတို့ ကျေနပ်ပြီ မဟုတ်လား'

မိုချုံးရီအတုက သူ၏စကားဆုံးသွားသည်နှင့် ဆေးလုံး နှစ်လုံးကို လှမ်းပေးလိုက်သည်။

ယင်းဆေးလုံး နှစ်လုံးကို အနားတွင်ရှိသော မိုရှုရိက လှမ်းယူလိုက်ပြီး မိုစုရီဆီသို့ ကမ်းပေးလိုက်သည်။

မိုစုရိက တစ်ဖန် တစ်လုံးကို လီထိုက်ဟိုအား ပေးလိုက်သည်။

ကျန်တစ်လုံးကိုမူအစ်ကိုကြီး မိုပိုက်ရီ၏ ပါးစပ်ထဲထည့်ပေးလိုက်သည်။

လီထိုက်ဟိုက လက်ထဲမှဆေးလုံးကို ပါးစပ်ထဲပစ်ထည့်ပြီး မျိုချလိုက်သည်။

သူတို့နှစ်ဦး အဲဆိပ်ဖြေဆေး သောက်ပြီးသောအခါ မိုရှုရိက ပြောလိုက်သည်။

'ကဲ ... ကျွန်မတို့ ဧည့်ခန်းဆောင်ကို ဝင်ကြစို့'

ဤတွင် .... မိုစုရိက သူညီမကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

'ညီမလေး . . တို့ဒီလိုနဲ့ပဲ သူ့အလိုကို လိုက်လျောရတော့မှာလား'



မိုစုရီမှာ မကျေမနပ်ဖြစ်၍ ဒေါသလည်းထွက်နေသည်။

မိုရှုရီက ... သက်ပြင်းအသာချပြီး ပြောလိုက်သည်။

'ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုစုရီ၊ အစ်ကိုကြီးရဲ့ အသက်က .... ဒီအချိန်မှာ အရေးကြီးနေတယ် မဟုတ်လား၊ ညီမလေးတို့အတွက် အစ်ကိုကြီးရဲ့ အသက်ဟာအရေးကြီးဆုံးပဲလေ ... ဘာပဲပေးရပေးရ ... ပေးရတော့မှာပေါ့'

တစ်ဖန်မိုရှုရီက လီထိုက်ဟိုဘက် လှည့်လိုက်ပြီး ပြောလိုက်ပြန်သည်။

'ကျွန်မတို့ကြောင့် ... ရှင်ပါ ဒုက္ခရောက်ရသလို ဖြစ်နေပြီ၊ ကျွန်မဝယ်ရာ အဆစ်ပါ ဆိုသလို ဖြစ်သွားတာကို ကျွန်မ တောင်းပန်ပါတယ်'

လီထိုက်ဟိုက လက်ကာပြလိုက်ရင်း ...

'ဒီအချိန်မှာ ဒီလိုစကားမျိုး ပြောနေလို့ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ ကဲ ... ဧည့်ခန်းဆောင်ထဲ ဝင်ကြစို့၊ သူဘာတွေပြောမလဲဆိုတာ နားထောင်ကြရအောင်'

ထို့နောက် ....

သူတို့အားလုံး ဧည့်ခန်းဆောင်ထဲသို့ ဝင်လာခဲ့ကြလေတော့သည်။

မိုရှုရီနှင့် မိုစုရီတို့က အစ်ကိုကြီး မိုပိုက်ရီအား ထိုင်ခုံတစ်လုံးပေါ်၌ အသာခွကာ ထိုင်စေလိုက်သည်။

အဆိပ်ဖြေဆေးတစ်လုံး သောက်လိုက်ရသဖြင့် မိုပိုက်ရိမှာ အနည်းငယ် ပြန်လည် ကြည်လင်လန်းဆန်းလာခဲ့သည်။

မှုးဝေသော ဝေဒနာများပင် သက်သာသွားသည်။

လီထိုက်ဟိုမှာမူ ပို၍ပင် လန်းဆန်းသွားသည်။

ထို့နောက် ....

မိုပိုက်ရိက အားလျော့သော လေသံဖြင့် ပြောလိုက်သည်။

'ညီမလေးရှုရိ . .သူက ဘာတွေများ တောင်းဆိုချင်သလဲ ဆိုတာ မေးစမ်းပါဦး'

ထိုသို့ ပြောပြီးသောအခါ အားလုံးက မိုချုံးရိအတုထံသို့ ဝိုင်း၍ ကြည့်လိုက်ကြသည်။

မိုချုံးရိအတုက မတ်တတ်ရပ်လျက်ပင် ရှိနေသေးသည်။

သူက ပြုံးရယ်၍ ပြောလိုက်သည်။

'ယိုးလင်ဂေဟာအရှင်သခင်ကြီး ... နေသာထိုင်သာ ရှိသွားပြီလား၊ အင်း . .ယိုးလင်ဂေဟာရဲ့ အဆိပ်ဖြေဆေးဟာ အတော်ပဲ စွမ်းပါပေတယ်၊ ကဲ ... အားလုံးနားထောင်ကြပါ၊ ကျုပ်လိုချင်တဲ့ ပထမဆုံး ပစ္စည်းတစ်ခုကို ပြောပြမယ်၊ အဲဒါကတော့ ... တစ်ခြား မဟုတ်ပါဘူး၊ မိုပိုက်ရိရဲ့အိတ်ထဲမှာ အမြဲတမ်းသိမ်းဆည်းထားတဲ့ မြေပုံစာရွက်ကလေးပဲ'

ဤတွင် မိုပိုက်ရိက သူ့အားကြည့်ကာ တုန်လှုပ်သော အမူအရာဖြင့် မေးလိုက်သည်။



'ဟင် ... မင်း ... မင်း ဘာလုပ်မလို့လဲ'

မိုချုံးရိအတုက မခိုးမခန့် တစ်ချက်ရယ်မောလိုက်ပြီး ...

'ဘာလုပ်မလို့လဲဆိုတော့ ကျုပ် ... အဲဒီမြေပုံထဲမှာပါတဲ့ လမ်းညွှန်စာအရ .... ခင်ဗျားတို့ အဘိုးရဲ့သိုင်းကွက်ပေါင်းစုံ မှုပိုင်လျှို့ဝှက်သိုင်းမှတ်စုစာအုပ်ကို ရှာဖွေ ရယူချင်လို့ပေါ့ဗျာ ဟဲ . . ဟဲ'

ထိုအခါ ... မိုပိုက်ရိက စိတ်လှုပ်ရှားလွန်းသော အသံဖြင့် ပြန်ပြောလိုက်သည်။

'မင်း . .မင်းကို ဒီမြေပုံမပေးနိုင်ဘူး'

မိုချုံးရိအတုက မိုပိုက်ရိအား လှမ်းကြည့်ကာ . . .

'မိန်းကလေး . .မင်းအစ်ကိုကြီးကို ပြောပေးပါ၊ သူ့အသက်ဟာ ဘယ်ပစ္စည်းထက်မဆို ... တန်ဖိုးရှိပါတယ်၊ အသက်ရှင်နေရင် ဘာမဆို လုပ်လို့ရတယ်၊ လုပ်နိုင်တယ်၊ အသက်သေသွားရင်တော့ ခေါင်းထဲဝင်ရဖို့ပဲ ရှိတော့တယ်'

သူက ဆက်ပြောသည်။

'ကျုပ်ရဲ့ လက်ထဲက ... အဆိပ်ဖြေဆေးပုလင်းကို မရရင် ဘယ်လို သေဆုံးသွားနိုင်သလဲဆိုတာ ... သူသိပါတယ်ဗျာ'

မိုရှုရိက သူ့အစ်ကိုကြီးအား လှမ်းကြည့်လိုက်ပြီး တောင်းပန်သော လေသံနှင့် ပြန်ပြောလိုက်သည်။

'အစ်ကိုကြီး မြေပုံစာရွက်ကို ပေးလိုက်ပါ၊ မြေပုံစာရွက်ထက် အစ်ကိုကြီးရဲ့ အသက်က ပိုပြီးအရေးကြီးပါတယ်'

ထိုစဉ် ...

မိုချုံးရိအတုသည် မျက်နှာကိုတင်းမာပြီး အသံကိုမြှင့်က
ပြောလိုက်သည်။

'မိုပိုက်ရိ ခင်ဗျားအသက်ကို ခင်ဗျား ... မနှမြောဘူးလား

မိုရှုရိလည်း ထပ်မံ ဝင်ရောက်တောင်းပန်လိုက်ပြန်သည်၊

'ပေးလိုက်ပါ အစ်ကိုကြီးရယ် ... သူ့မြေပုံ ရသွားရင်လည်း
စာအုပ်ကို လွယ်လွယ်နဲ့ ရှာယူလို့ မရနိုင်သေးပါဘူး'

မိုရှုရိသည် ထိုသို့ပြောလိုက်ပြီး မိုပိုက်ရိထံ လျှောက်သွား
ပြီးနောက် ... မိုပိုက်ရိအိတ်ထဲမှ မြေပုံစာရွက်ကို နှိုက်ယူလိုက်၏၊
မိုပိုက်ရိမှာ ညီမဖြစ်သူ၏ တောင်းပန်မှုကြောင့် စိတ်လျှော့လိုက်ရဟ
ဖြင့် ငြင်းဆန်ခြင်း၊ ပြောဆိုခြင်း မပြုတော့ဘဲ စိတ်မသက်မသာဖြ
ငြိမ်နေလိုက်သည်။

ထို့နောက် . . .

မိုရှုရိက မြေပုံစာရွက်ကလေးကို ဖြန့်ကြည့်လိုက်ပြီး မိုချုံးရိ
အတုအား သွားရောက်ပေးလိုက်သည်။

မိုချုံးရိက ... ချက်ချင်း လှမ်းမယူသေးဘဲ ပြုံးကာ ပြော
လိုက်သည်။

'မိန်းကလေး ...မင်း ကျုပ်အနားကို အရမ်းမကပ်ပါနဲ့ မင်းရဲ့
သိုင်းပညာအစွမ်းကို ကျုပ် သိထားတယ်၊ မင်းမြေပုံကို ဟောဟို
ခြည်သည်ကြီး လီထိုက်ဟိုကို ပေးထားလိုက်ပါ'



သို့ဖြစ်၍ . . .

မိုရှုရိက မြေပုံကို လီထိုက်ဟိုအား သွားရောက် ပေးထား
လိုက်ရပြန်သည်။

'ဟဲ ... ဟဲ ဒီလိုမှပေါ့ ... လီထိုက်ဟို ကျေးဇူးပြုပြီး မြေပုံ
စာရွက်ကို ခဏယူထားလိုက်ပါ၊ ကျုပ်စကား နည်းနည်းဆက်ပြော
စရာရှိသေးလို့'

မိုချုံးရိအတုက ထိုသို့ပြောလိုက်သောအခါ ... မိုပိုက်ရိက
မုန်းတီးစွာကြည့်၍ ရေရွတ်ဆဲဆိုလိုက်သည်။

'မင်းဟာ အလကားကောင်ပဲ၊ သိုင်းသမား မပီသတဲ့နည်း
နဲ့ ကြံစည်တယ်၊ တကယ်တော့ မင်းဟာ သိုင်းသမား မပီသဘူး၊
အရှက်မရှိဘူး၊ မင်းဘာကောင်လဲဆိုတာ ငါတွေးလို့ မရဘူး'

မိုချုံးရိအတုက အေးစက်စက်အမူအရာဖြင့် မခိုးမခန့်ရယ်
ကာပြောလိုက်သည်။

'အရှက် မရှိဘူး၊ သိုင်းသမား မပီသဘူးလို့ ခင်ဗျား .. ကြိုက်
သလိုပြောနိုင်တယ်၊ ကျုပ် ... လုံးဝမမှုဘူး၊ ခင်ဗျားကရော ဘာထူး
လို့လဲ၊ ဒီမြေပုံထဲမှာပါတဲ့ လျှို့ဝှက်သိုင်းမှတ်စုစာအုပ်ကို ရှာဖွေယူနိုင်
ဖို့အတွက် ကျန်း နဲ့ လီ နှစ်ဂေဟာက လူတွေကို ရန်တိုက်ပေးပြီး
တိုက်ပွဲကြီးတစ်ခုဖြစ်အောင် ဖန်တီးပေးခဲ့တယ်မဟုတ်လား'

လီထိုက်ဟို လန့်သလိုဖြစ်သွား၏၊ သူ ဤယိုးလင်ဂေဟာ
သို့ ရောက်ရှိလာရခြင်းမှာ ကျန်းနှင့်လီဂေဟာ တိုက်ပွဲအကြောင်းရင်း

ကို သိလို၍ ဖြစ်သည်။ မိုပိုက်ရီ ဝေ့လည်ကြောင်ပတ် လုပ်နေသဖြင့် ထိုအကြောင်းရင်းကို မရောက်နိုင်ဘဲ ယခုကဲ့သို့ အဖြစ်မျိုး ဖြစ်လာခဲ့သည်။

မိုချုံးရီအတုကြောင့် ဤအကြောင်းရင်းကို သူသိရပေတော့မည်။

မိုချုံးရီအတုက . .

'ဒါမှ ... ခင်ဗျားဟာ ကျန်းဂေဟာ သခင်ကြီးနဲ့ နီးစပ်မှုရှိလာပြီး ကျန်းဂေဟာ ပရဝုဏ်ထဲမှာ လျှို့ဝှက်တည်ရှိနေတဲ့ သိုင်းဂိုဏ်းပေါင်းစုံမှုပိုင် လျှို့ဝှက်သိုင်းကွက်တွေပါတဲ့ မှတ်စုစာအုပ်ကို ရှာဖွေယူနိုင်မယ် မဟုတ်လား'

မိုချုံးရီအတုက စကားကိုခေတ္တရပ်လိုက်ပြီး၊ အားလုံးကို တစ်ချက် အကဲခတ် ကြည့်လိုက်သည်။

နောက်ဆုံး ...

မိုပိုက်ရီထံ သူ၏အကြည့်က ရောက်ရှိသွားသည်။

'အခုလဲ . . ခင်ဗျားမှာ အကြံတစ်ခု ရတ်တရက် ပေါ်လာတယ်၊ လီထိုက်ဟိုကို အဆိပ်သင့်အောင်လုပ်၊ ပြီးတော့ အကျပ်ကိုင်ပြီး ဒီသိုင်းမှတ်စုစာအုပ်ကို ရှာဖွေဦးမလို့ မဟုတ်လား၊ ဒီတော့ ခင်ဗျားလည်း အရှက်မရှိတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ ဒါကြောင့် ကျုပ်ကို ခင်ဗျား ဆဲဆိုနေစရာမလိုဘူး၊ သိုင်းဂိုဏ်းပေါင်းစုံရဲ့မှုပိုင် လျှို့ဝှက်သိုင်းကွက်တွေပါတဲ့ မှတ်စုစာအုပ်ကို ... ခင်ဗျား လိုချင်



မက်မောသလို ကျုပ်လည်း လိုချင်တာပဲ၊ အမှန်တော့ ဒီစာအုပ်ဟာ သိုင်းသမားအားလုံးကို .... မက်မောလာအောင် ဆွဲဆောင်နိုင်စွမ်းရှိနေတယ်၊ ဒါကြောင့် ဘယ်သူမဆို မရရနိုင်တဲ့ နည်းနဲ့ရအောင် ယူကြမှာပဲ'

မိုချုံးရီ အတု၏ စကားကြောင့် ... မိုပိုက်ရီမှာ စကားပြန်မပြောနိုင်အောင်ပင် ဆွံ့အသွားလေတော့သည်။

မိုရှုရီမှာ သူမ၏အစ်ကိုကြီးအား လှမ်းကြည့်နေသည်။

လီထိုက်ဟိုကား အဆိပ်သင့်နေသောသူ၏ ညာလက်ကို အလိုက်သင့်ချထားလျက် သူတို့၏ပြောစကားကို နားထောင်နေသည်။

သူမျက်လုံးအစုံကမူ ... မိုရှုရီအား ကြည့်လျက် ရှိနေသည်။

❖❖❖❖❖

## အခန်း (၁၂)

## စိုးရိမ် ရေမှတ်

မိုပိုက်ရှိမှာ အတန်ငယ်သက်သာသွားသော်လည်း ... သူ ဘာသာ မတ်တတ်ရပ်နိုင်ခြင်း မရှိသေးပေ။

လီထိုက်ဟိုက မိုချုံးရှိအတုအား လှမ်း၍ပြောလိုက်သည်။

'ကဲ ... အချိန်ကြာတယ်ဗျာ၊ ခင်ဗျားရဲ့ အဓိက လိုအပ်ချက်ကိုသာ ပြောပြပေတော့၊ ပြီးတော့ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာကိုလည်း ပြောပြခဲ့ပါ'

မိုချုံးရှိအတုက ရယ်မောကာ ပြောလိုက်သည်။

'ခုချိန်မှာတော့ ကျုပ်နာမည်ကို မပြောပြနိုင်သေးဘူးဗျာ၊ ဒါပေမယ့် ကိစ္စတွေအားလုံးပြီးသွားတဲ့အခါမှာတော့ ပြောပြပါ့မယ်၊ လီထိုက်ဟို'



လီထိုက်ဟိုက စိတ်မရှည်တော့သဖြင့် . . .

'ကဲ ... ကျုပ်တို့ဘာလုပ်ပေးရမလဲ ဆိုတာကိုသာ ပြောပေတော့၊ ခင်ဗျား သက်သက်အချိန်ဆွဲနေတာပဲ၊ အခုအားလုံး သဘောတူသွားကြပြီ၊ ခင်ဗျားပြောစရာရှိရင် ပြောပေတော့'

မိုချုံးရှိအတုက မျက်နှာကို တည်ကြည်စွာထားလိုက်၏။

ပြီးနောက် . . .

လီထိုက်ဟိုအား လက်ညှိုးညွှန်ကာ ပြောလိုက်သည်။

'ဒီလိုဆိုရင်လည်း .... ကျုပ်က ပြောရတာပေါ့၊ အရင်ဆုံး လီထိုက်ဟိုကို ပြောပါ့မယ် .... ခင်ဗျား ခုချိန်ကစပြီး ဒီယိုးလင်ဂေဟာကနေ ဘယ်မှ မသွားပါနဲ့'

လီထိုက်ဟိုက မဲ့လိုက်၏။

'ကျုပ်က ဘယ်မှမသွားဘဲ ဒီယိုးလင်ဂေဟာမှာ နေရမယ်ဆိုတာတော့ ကျုပ် သဘောမကျဘူး၊ ကျုပ်ဟာ ... ဘယ်သူ့အကျဉ်းသားမှ မဟုတ်ဘူးဗျ'

မိုချုံးရှိအတုက ....

'ကျုပ်ရဲ့အကျဉ်းသားပဲလေ၊ ခင်ဗျားကျုပ်ဆီက အဆိပ်ဖြေဆေး မရမချင်း ကျုပ်ရဲ့အကျဉ်းသားပေါ့'

ဟု အထက်စီးလေသံဖြင့် ပြောလိုက်သည်။

လီထိုက်ဟိုက ....

'ကဲ ... ကျုပ်က ဒီထဲမှာနေပြီး ... ဘာလုပ်ရမှာလဲ'

'ကျုပ် ... ပြောမှာပေါ့ဗျာ၊ ခင်ဗျား ... ညအထိ နေရမယ်
ညကျရင် ခင်ဗျားဟာ ကျုပ်ကိစ္စတစ်ခုကို ဆောင်ရွက်ပေးရမယ်၊

'ဘာဆောင်ရွက်ပေးရမှာလဲ'

'ညကျရင် ခင်ဗျားဟာ ... လျှိုယမ်းမြို့ထဲကို သွားရမယ်
ကျွန်းသခင်ကြီးနဲ့ တွေ့ဆုံရမယ်၊ ခင်ဗျားကိုလွှတ်တာ အလကား
လွှတ်တာ မဟုတ်ဘူး၊ ကျွန်းသခင်ကြီးကို ... အလုကြည့်ဖို့လွှတ်တာ
မဟုတ်ဘူး'

'လိုရင်းကို ပြောမှာသာ ပြောစမ်းပါ'

လီထိုက်ဟိုမှာ ... စိတ်တိုလာပြီး လေသံကလည်း တင်းမာ
လာသည်။

မိုချုံးရီအတုက မသိကျိုးကျွံ ပြု၍ ....

'ကျွန်းဂေဟာထဲမှာရှိတဲ့ သချိုင်းဂူဟောင်းတစ်ခုကို မေး
မယ်၊ ဒီသချိုင်းဂူဟောင်းရှိတဲ့နေရာကို ကျွန်းသခင်ကြီးက လွယ်လွယ်
တော့ ပြောမှာမဟုတ်ဘူး၊ ခင်ဗျားဟာ လီထိုက်ဟို ဖြစ်နေတဲ့အတွက်
ခင်ဗျားကို ပြောကောင်းပြောလိမ့်မယ်'

'ခင်ဗျားက ကျုပ်ကို အထင်တော်တော်ကြီးနေတာကိုး'

'အထင်မကြီးပါဘူးဗျာ၊ နောက်တစ်ချက်က ... ခင်ဗျားဟာ
ငြိမ်းချမ်းရေးတမန်တော်ကြီး ဖြစ်နေတာကိုးဗျ'

'စကားပြောရင် ရှင်းရှင်းလင်းလင်းနဲ့ လိုရင်းရောက်အောင်
ပြောစမ်းပါ'



'ရှင်းရှင်းလေးပါဗျာ၊ ခင်ဗျားဟာ ကျွန်းနဲ့လီ ဂေဟာနှစ်ခုရဲ့
တိုက်ပွဲကို ငြိမ်းချမ်းအောင် ကြားဝင်ပေးတဲ့လူဖြစ်နေတယ် မဟုတ်
လား၊ ခင်ဗျားကို သူက လေးစားနေမှာပဲဗျ၊ အဲဒီတော့ ဂူရှိကြောင်း
ထုတ်ဖော်ပြောနိုင်တာပေါ့'

ထိုအခါ ...

လီထိုက်ဟိုက စကားကြားဖြတ်ပြောလိုက်သည်။

'တကယ်လို့ ကျွန်းဂေဟာအရှင်သခင်ကြီးက ကျွန်တော့ကို
မယုံကြည်လို့ မပြောပြဘူးဆိုရင်ကောဗျာ'

မိုချုံးရီအတုက အေးစက်စွာရယ်မောလိုက်သည်။

'အဲဒီအခါကျရင်တော့ ... ခင်ဗျားဖာသာခင်ဗျား ကြိုးစား
ရှာဖွေရတော့မှာပေါ့၊ ကျွန်းဂေဟာ ခြံဝင်းအတွင်းက ... သချိုင်းဂူ
ဟောင်းကို ခင်ဗျား သေသေချာချာရှာရင် ... တွေ့နိုင်ပါလိမ့်မယ်'

သို့သော် . . .

လီထိုက်ဟိုက နားမလည်သေးဟန်ဖြင့် . . .

'ခင်ဗျားပြောသလို ... သချိုင်းဂူဟောင်းကို တွေ့ပါပြီတဲ့၊
ကျုပ် ဘာဆက်လုပ်ရမလဲ'

မိုချုံးရီအတုက အေးတိအေးစက်ဖြင့် ပြန်လည် ရှင်းပြလိုက်
သည်။

'သချိုင်းဂူဟောင်းနေရာကို ရှာဖွေရတာတော့ ခက်လိမ့်
မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ... အခုဆိုရင် သချိုင်းဂူဟောင်းမြေ

နေရာဟာ မြေညီဖြစ်နေလောက်ပြီ၊ တကယ်လို့ ခင်ဗျားဟာ သချိုင်
ဂူမြေနေရာဟောင်းကိုတွေ့ခဲ့ရင် ... ဂူအလယ်ဗဟိုတည့်တည့်
လောက်ကနေပြီး အရှေ့အရပ်ကို ခြေလှမ်း ငါးဆယ်တိတိလျှောက်
ပါ၊ ခြေလှမ်းငါးဆယ်ပြည့်တာနဲ့ရပ်ပြီး ညာဘက်တည့်တည့်ကို လှည့်
ခြေလှမ်း ဆယ်လှမ်း ထပ်လျှောက်ပါ၊ အဲဒီနောက်ဆုံးရောက်တဲ့
နေရာကို တူးရမယ်'

လီထိုက်ဟိုက ....

'ခင်ဗျားက ကျုပ်ကို အလုပ်သမားတစ်ယောက်လို ခိုင်းနေ
တာပဲကိုး'

မိချုံးရီအတုက ရယ်လေ၏။

'အဆိပ်ဖြေဆေးမရခင်အထိတော့ .... ခင်ဗျားဟာ ကျုပ်
အလုပ်သမားပဲ'

လီထိုက်ဟိုက လိုရင်းကို မေးလိုက်သည်။

'ကဲ ... တူးပြီဆိုပါတော့ဗျာ ... ကျုပ်ဘာတွေတွေ့ရမလဲ'

'သိုင်းအဖွဲ့ပေါင်းစုံ မူပိုင်လျှို့ဝှက်သိုင်းကွက်တွေပါတဲ့ မှတ်စု
စာအုပ်ဟာ အဲဒီနေရာမှာရှိနေတယ်၊ အဲဒီစာအုပ်ဟာ ခင်ဗျားအတွက်
အရေးကြီးပါတယ်၊ အဲဒီစာအုပ်တွေ့တယ်ဆိုတာနဲ့ ခင်ဗျားကိုအဆိပ်
ဖြေဆေးပေးမယ်၊ ဒီအလုပ်ဟာ ... ခင်ဗျားတစ်ယောက်ထဲအတွက်
အကျိုးရှိတာ မဟုတ်ဘူး၊ ယိုးလင်ဂေဟာသခင်ကြီး မိုပိုက်ရီအတွက်
ပါ အကျိုးရှိစေမှာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားစာအုပ်ကို



ရှာတွေ့ပြီဆိုတာနဲ့ ယိုးလင်ဂေဟာသခင်ကြီးကိုလည်း အသက်ကယ်
အဆိပ်ဖြေဆေး ပြန်ပေးမှာမို့လို့ပဲ'

မိချုံးရီအတုက ရှည်လျားစွာ ပြောပြီး .... လီထိုက်ဟိုကို
မေးလိုက်၏။

'ဘယ်နှယ်လဲ ... ခင်ဗျား လုပ်နိုင်ပါ့မလား'

မိုရှုရီက ခနဲ့ပြုံးပြုံးကာ ဝင်ပြောလိုက်သည်။

'ရှင် .... သိုင်းကွက် မှတ်စုစာအုပ်ကိုရခဲ့ရင် စာအုပ်ထဲက
သိုင်းကွက်တွေကို လေ့ကျင့်လို့ရနိုင်မယ် ထင်နေသလား'

မိချုံးရီအတုက ပခုံးကိုတစ်ချက်တွန့်လိုက်ပြီး၊ မခိုးမခန့် ပြုံး
လျက်ပြောလိုက်၏။

'ဒီမယ်မိန်းကလေး၊ ကျုပ်အတွက် မင်းဘာမှပူနေစရာမလို
ဘူး၊ ဒါဟာကျုပ်အလုပ်ပါ၊ အဲ . .မင်းပူရမှာက မင်းအစ်ကိုကြီးရဲ့
အသက်ပဲ၊ မင်းရဲ့ဧည့်သည် လီထိုက်ဟိုသာ ကျုပ်ခိုင်းသလို လိုက်နာ
ဖို့ပြောပါ၊ ကဲ ... ကျုပ်သွားတော့မယ်၊ ဒီနေ့ညပဲ ... လီထိုက်ဟိုက
ကျုပ်ပြောသလိုစ ပြီး လုပ်ဆောင်ပေတော့'

မိချုံးရီအတုသည် ပြောပြောဆိုဆို ချာခနဲလှည့်ကာ ထွက်
သွားလေတော့သည်။

သို့သော် ...

တံခါးဝသို့ ရောက်သောအခါ ... ရုတ်တရက် နောက်သို့ပြန်
လှည့်လိုက်ပြီး ...

'မိုပိုက်ရဲ ခင်ဗျားညီ၊ ညီမနဲ့ တပည့်တွေကို ကျုပ်ထွက်သွား
တာကို အန္တရာယ်မပေးဖို့ ကြိုမှာထားပါ ဟုတ်လား၊ ခုချိန်မှာ ခင်ဗျ
အသက်ဟာ ကျုပ်လက်ထဲမှာ ရှိနေတယ်ဆိုတာ သတိထားဦး'

ထို့နောက် ...

မိုချုံးရိအတုသည် တံခါးမကြီးမှတစ်ဆင့် ခြေလှမ်းမှန်မှ
ဖြင့်ထွက်ခွာသွားလေတော့သည်။

မိုစုရိသည် ဒေါသတကြီး ဆဲဆိုရေရွတ်ရင်း ကျန်ရစ်ခဲ့လေ
တော့သည်။

❖❖❖❖❖



မိုချုံးရိ အတုမှာ ထွက်ခွာသွားပြီ ဖြစ်သည်။ သူ အန္တရာယ်ကင်းစွာ ထွက်ခွာနိုင်ရန် ဂေဟာမှ တပည့်များကို မှာကြားထားရ၏။

မိုစုရိကမူ ... ဒေါသမပြေသေးဟန်ဖြင့် ဆက်၍ပြောလိုက်ပြန်သည်။

'တောက် ... ဒီမိုချုံးရိအတုဆိုတဲ့ကောင်ဟာ၊ တကယ်တမ်းသတ္တိရှိတာ မဟုတ်ပါဘူး၊ မိန်းမကျင့် မိန်းမကြံ ကြံနေတဲ့ကောင်၊ ကျုပ် သူ့ကိုလိုက်ပြီး ... အသေတိုက်ချင်နေတယ်'

မိုစုရိက ထိုသို့ဒေါသတကြီး ပြောဆိုနေစဉ် ညီမဖြစ်သူ မိုရှုရိက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသည်။

လီထိုက်ဟိုကလည်း ငြိမ်သက်စွာ နားစွင့်နေသည်။

ထို့အပြင် ....

သူ့အနေနှင့် ရှေ့ဆက်လုပ်ရမည့်အလုပ်ကို စဉ်းစားနေဟန်ရှိသည်။

စင်စစ် ...

မိုချုံးရီအတု လုပ်ဆောင်နိုင်းသောကိစ္စကို သူရအောင်လုပ်ဆောင်ပေးနိုင်မှ ဖြစ်တော့မည် မဟုတ်ပါလား။

ဤသို့ပြုလုပ်ရန်မှာလည်း သူ့ဘေးအန္တရာယ်သက်သက်အတွက် မဟုတ်။

ယိုးလင်ဂေဟာမှ အရှင်သခင်ကြီး မိုပိုက်ရီအတွက်လည်း ပါဝင်သည်။

တစ်နည်းအားဖြင့် ... မိုပိုက်ရီအတွက် ပို၍ အလေးထား ဆောင်ရွက်ရမည်ပင် ဖြစ်သည်။

မိုပိုက်ရီ၏ အဆိပ်သင့်ဝေဒနာမှာ မိမိထက် ပိုမိုပြင်းထန်နေသည် မဟုတ်ပါလား။

ထိုသို့ဆောင်ရွက်ရာတွင် ... တွေ့ကြုံရမည့် အန္တရာယ်နှင့် အခက်အခဲများကိုလည်း မှန်းဆနေမိသည်။

ထိုစဉ် ....

မိုပိုက်ရီက ညီမဖြစ်သူအား လှမ်းကြည့်ပြီးမေးလိုက်သည်။

'ညီမလေး ရှုရီ ... မင်းဘာတွေစဉ်းစားနေတာလဲ'

မိုရှုရီက ရုတ်တရက်ခေါင်းမော့လိုက်ပြီး ... မိုပိုက်ရီ၏ အမေးကို မဖြေဘဲ လီထိုက်ဟိုအား လှမ်းကြည့်ကာ မေးလိုက်သည်။

'အစ်ကိုလီထိုက်ဟို့ ... ရှင်အဲဒီမိုချုံးရီအတုကို ဘယ်လို ထင်မြင်ယူဆသလဲ'



ဤတွင် .... လီထိုက်ဟို ပြန်မဖြေခင် ... မိုစုရီက ကြားဖြတ်ဝင်ပြောလိုက်သည်။

'လီထိုက်ဟို .... အဲဒီ မိုချုံးရီအတုကို ကျွန်တော်တော့ ... သိပ်မယုံချင်ဘူး'

လီထိုက်ဟိုက ...

'ဘာကို မယုံချင်တာလဲ'

မိုစုရီက ....

'သူ့ကိုယ်သူ မိုချုံးရီအတုလို့ ပြောတာ မယုံချင်ဘူး၊ သူဟာ မိုချုံးရီအစစ်ပဲ ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်'

ဤတွင် ... မိုရှုရီက ခေါင်းကိုညိတ်လိုက်ကာ ...

'ဟုတ်တယ်၊ အဲဒီလူမှာ မသင်္ကာစရာအချက်တွေ အများကြီးရှိနေတယ်၊ အစ်ကိုလီထိုက်ဟို သတိထားမိရဲ့လား'

မောင်နှမနှစ်ယောက်စလုံး ... လီထိုက်ဟို၏ အဖြေကို စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ လီထိုက်ဟိုက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

'ကျွန်တော်တော့ သတိမပြုမိဘူး၊ ကျွန်တော်က ဒီနေ့မှ ယိုးလင်ဂေဟာကိုရောက်လာပြီး မိုချုံးရီကို တစ်ခါပဲတွေ့ဖူးတဲ့လူဆိုတော့ ဘယ်လိုမှ မထင်တတ်ဘူး၊ ဒါနဲ့ ... ခင်ဗျားကရော ဘယ်လို ထင်မိလို့လဲ'

ဟု ပြန်မေးလိုက်သည်။

ထိုအခါ . . .

မိုရှုရိက ခပ်တွေတွေစဉ်းစားရင်း ... ပြောလိုက်သည်။

'မိုချုံးရိအတုဟာ မိုချုံးရိအစစ်နဲ့ ဘယ်လောက်ပဲ ရုပ်ချင်းတိုက်ဆိုင်အောင် တူနေပါစေ .. ရုပ်ပြောင်းရုပ်လွှဲအစွမ်းနဲ့ အချက်နှစ်ခုကိုတော့ ဖန်တီးယူလို့ မရဘူးဆိုတာ ကျွန်မ စဉ်းစားမိခဲ့တယ်'

ထို့ကြောင့် . . .

လီထိုက်ဟိုကလည်း ချက်ချင်းပင် ဝင်ရောက်ထောက်ခံပြောဆိုလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်လဲ အဲဒါကိုတော့ စဉ်းစားမိတယ်၊ အဓိကအချက်နှစ်ခုက ... လူတစ်ယောက်ရဲ့မျက်လုံးနဲ့ အသံပဲ၊ လူတစ်ယောက်နဲ့တစ်ယောက်ဟာ တခြားကိုယ်အင်္ဂါအစိပ်အပိုင်းတွေ ဘယ်လောက်ပဲတူတူ မျက်လုံးအသွင်ပုံသဏ္ဌာန်ချင်း မတူနိုင်ကြဘူး၊ အထူးသဖြင့် ... မျက်လုံးကြည့်ပုံ၊ ရှုပုံ ၊ အမူအကျင့် ဒါတွေဟာ လူတစ်ယောက်နှင့် တစ်ယောက် တူနိုင်ခဲတယ်၊ လိုက်တူဖို့ဆိုတာ လုံးဝမလွယ်လှဘူး၊ နောက်တစ်ချက်က အသံ၊ စကားပြောသံ၊ အခုမိုချုံးရိအတုဟာ မိုချုံးရိအစစ်ရဲ့အသံနဲ့ တစ်ထေရာတည်း တူနေသလား'

မိုရှုရိက ခေါင်းညိတ်ပြလိုက်သည်။

လီထိုက်ဟိုက ဆက်ပြီး မှတ်ချက်ချလိုက်ပြန်သည်။

'ဒါဆိုရင်တော့ အတော့်ကို တိုက်ဆိုင်မှုနဲ့ ရောက်လာတဲ့ လူတစ်ယောက် ဖြစ်နေမလား'



မိုရှုရိက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ... ထပ်မံပြောလိုက်ပြန်သည်။

'ယိုးလင်ဂေဟာအတွင်းကို ဝင်ရောက်ပြီး ... ဂေဟာက လူတွေနဲ့ ရောထွေးနေနိုင်ဖို့က လူစိမ်းတွေအတွက် သိပ်လွယ်တာ မဟုတ်ဘူး၊ ကျွန်မတို့ ယိုးလင်ဂေဟာမှာ လက်နက်စက်ယန္တရားအမျိုးသုံးရာခြောက်ဆယ် တပ်ဆင်ထားတယ်၊ လူစိမ်းတစ်ယောက် အနေနဲ့ဆိုရင် .... တစ်နေ့မဟုတ်တစ်နေ့ ဒီစက်ယန္တရားစက်ကွင်းကို ဖြတ်တဲ့အခါ .... စက်ယန္တရားထောင်ချောက် တစ်ခုခုနဲ့ မိမှာ သေချာတယ်၊ အခု ဒီမိုချုံးရိဟာ စက်ယန္တရားဘေးကို လွတ်အောင် ရှောင်တိမ်းနိုင်တဲ့အပြင် ယိုးလင်ဂေဟာရဲ့ အတွင်းရေးအကြောင်းစုံကို သိနေတာဟာ စဉ်းစားစရာပဲပေါ့'

မိုရှုရိက ရှည်လျားစွာ ပြောချလိုက်သည်။

မိုပိုက်ရိက သူ့ညီမပြောဆိုနေသမျှကို နားထောင်လျက် စဉ်းစားနေသည်။

ထိုစဉ် ...

'အစ်ကိုကြီး မိုပိုက်ရိ၊ တစ်ခါက ... အစ်ကိုလတ် ချုံးရိ ခရီးထွက်သွားတာ ဘယ်အချိန်ကလဲဟင်'

မိုရှုရိက မေးလိုက်သည်။

မိုပိုက်ရိက အတန်ငယ် စဉ်းစားလိုက်ပြီး . . .

'လွန်ခဲ့တဲ့ ငါးလလောက်ကပဲ ညီမလေး ရှုရိ'

ထို့နောက် ...

မိုရှရိက မိုပိုက်ရီအား ကြည့်ကာ မေးလိုက်ပြန်သည်။

'အဲဒီတုန်းက အစ်ကိုလတ်ချုံးရီ ဘယ်ကိုသွားခဲ့တာလဲဟင်၊ ပြီးတော့ ဘာကိစ္စနဲ့သွားခဲ့တာလဲ၊ အဲဒါ အစ်ကိုကြီးမှတ်မိသေးသလား'

အားလုံး၏အကြည့်က ... မိုပိုက်ရီအပေါ် ကျရောက်သွား၏။ သူ့အဖြေကိုလည်း နားစွင့်နေကြသည်။

မိုပိုက်ရီက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ပြန်ဖြေလိုက်သည်။

'အဲဒီတုန်းက ဆေးဝါးသွားဝယ်တာ ထင်တယ်၊ ဟုတ်တယ် ဟုတ်တယ်၊ ယိုးလင်ဂေဟာရဲ့အဆိပ်ဆေးဝါးတွေကို သူကပဲ ဖြည့်ဆည်းပေးခဲ့ရတာ မဟုတ်လား'

ထိုအခါ . . .

မိုရှရိက လေးနက်စွာစဉ်းစားပြီး ... ဆက်၍ မေးလိုက်ပြန်သည်။

'အဲဒီတုန်းက အစ်ကိုလတ်ချုံးရီကို အစ်ကိုကြီးကခိုင်းလိုက်တာလား၊ ဒါမှမဟုတ် သူ့အစီအစဉ်နဲ့သူ ထွက်သွားတာလား'

မိုပိုက်ရီက ... နားမလည်သောအသွင်ဖြင့် ချက်ချင်းပြန်မေးလိုက်သည်။

'ညီမလေး ရှုရီ ... မင်းဘာကိုဆိုလိုချင်တာလဲ'



မိုရှုရိက ခေါင်းကိုခါယမ်းလိုက်ပြီး ...

'ညီမလေးမေးတာကို ... အစ်ကိုကြီး အရင်ပြောပြစမ်းပါ၊ အစ်ကိုလတ်ဟာ သူ့သဘောနဲ့သူ ခရီးထွက်သွားခဲ့တာလား၊ ပြီးတော့ သူပြန်လာတဲ့အခါမှာရော အစ်ကိုကြီးကို ထွေထွေထူးထူး ဘာတွေ ပြောပြခဲ့သေးသလဲ၊ အစ်ကိုလတ်ဟာ ခရီးထွက်ရာက ပြန်လာတိုင်း အစ်ကိုကြီးကို လမ်းမှာ ဖြစ်ပျက်တွေ့ကြုံခဲ့သမျှကို ပြောပြလေ့ရှိတယ် မဟုတ်လား'

သို့ဖြစ်၍ . . .

မိုပိုက်ရီက အတန်ကြာအောင် စဉ်းစားလိုက်သည်။

ပြီးနောက် . . .

သက်ပြင်းကို ဖြည်းလေးစွာချကာ ပြောလိုက်သည်။

'အင်း . . သူဒီတစ်ခေါက်ပြန်လာတော့ ဘာမှ ထွေထွေထူးထူး မပြောခဲ့ဘူး'

ထိုစဉ် ...

လီထိုက်ဟိုသည် စားပွဲအနီးသို့လျှောက်လာပြီး သူ့လက်ထဲမှ ပန်းပွင့်သဏ္ဍာန် အဆိပ်လက်နက်ပုန်းကလေးကို စားပွဲပေါ်သို့ တင်လိုက်သည်။

'ညီမရှုရီ .. ကျေးဇူးပြုပြီး အစ်ကိုကြီး မိုပိုက်ရီကို ထိသွားတဲ့ပန်းပွင့်သဏ္ဍာန် အဆိပ်လက်နက်ပုန်း ခဏပေးပါလား၊ ကျွန်တော် လေ့လာကြည့်ချင်တယ်'

ထို့ကြောင့် . . .

မိုရှုရိသည် သူမ၏အစ်ကိုထွေး မိုစုရိထံမှ ပန်းပွင့်သဏ္ဌာန် အဆိပ်လက်နက်ပုန်းကိုယူပြီး၊ လီထိုက်ဟိုကို ပေးလိုက်သည်။

လီထိုက်ဟိုက စားပွဲပေါ်တွင် ရှိနေပြီးဖြစ်သည့် အဆိပ် လက်နက်ပုန်းနှင့် ယှဉ်ကာ တင်လိုက်ပြီး သူ့ကိုထိသည့် အဆိပ်လက် နက်ပုန်းနှင့် ယှဉ်ကြည့်လိုက်သည်။

လက်နက်ပုန်းနှစ်ခုကား ... အတော်ပင်ဆင်နေကြောင်း လီထိုက်ဟို တွေ့လိုက်ရ၏။

◆◆◆◆◆



လီထိုက်ဟိုမှာ အဆိပ်လက်နက်ပုန်းနှစ်ခုအား နှိုင်းယှဉ် လေ့လာနေ၏။

အခြားသူများမှာ လီထိုက်ဟို၏ လှုပ်ရှားမှုကိုသာ စိတ်ဝင် စားစွာ ကြည့်ရှုနေတော့သည်။

ရုတ်တရက် . . .

လီထိုက်ဟိုက မိုစုရိအား အလျှင်စလို လှမ်းခေါ်လိုက်၏။

'မိုစုရိ ခဏလောက် လာကြည့်စမ်းပါ၊ ဒီအဆိပ်လက်နက် ပုန်းနှစ်ခုဟာ အသွင်သဏ္ဌာန်နဲ့ အရွယ်အစား အတူတူပဲလားလို့'

လီထိုက်ဟိုက စားပွဲပေါ်မှ အဆိပ်လက်နက်ပုန်းနှစ်ခုကို ယှဉ်ကြည့်ရင်းမှ မိုစုရိကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

မိုစုရိက လီထိုက်ဟိုအနီး လျှောက်လာပြီး၊ စားပွဲပေါ်ရှိ လက်နက်ပုန်းနှစ်ခုကို သေချာစွာယှဉ်ကြည့်လိုက်သည်။

ပြီးမှ ....

'အင်း . . ရုတ်တရက်ကြည့်မယ်ဆိုရင် အတူတူပဲလို့ ထင်ရ
တယ်၊ ဒါပေမယ့် သေသေချာချာ ကြည့်မယ်ဆိုရင် အဆိပ်လက်နက်
ပုန်းနှစ်ခုက ပန်းပွင့်ရဲ့ ပွင့်ဖတ်လွှာ ပုံသဏ္ဌာန်တွေဟာ နည်းနည်း
တော့ ကွဲလွဲနေတယ်၊ ကြည့်ပါလား .... ဟောဒီလက်နက်ပုန်းက
ပန်းပွင့်ရဲ့ ပွင့်ဖတ်လွှာဟာ အနည်းငယ် ကားနေသလိုပဲ'

လီထိုက်ဟိုက ဦးခေါင်းကိုညိတ်ပြလိုက်ပြီး . . .

'ဟုတ်တယ် .... မိုစုရိ အကဲခတ်တာ မှန်တယ်'

ထိုအခါ ...

လီထိုက်ဟိုက ဆက်၍ သူ၏ထင်မြင်ချက်ကို ရှည်လျားစွာ
ရှင်းပြလိုက်ပြန်သည်။

'ကျွန်တော့်အထင်ကို ပြောပါ့မယ် .... ဟောဒီ ပန်းပွင့်ရဲ့
သဏ္ဌာန် အဆိပ်လက်နက်ပုန်းနှစ်ခုဟာ အသွင်သဏ္ဌာန်ချင်း အနည်း
ငယ် ကွဲပြားပါတယ်၊ ဒါကြောင့် အဆိပ်နှစ်မျိုးရှိတဲ့ အဆိပ်လက်နက်
ပုန်းနှစ်ပွင့်လို့ ပြောရင် ရပါတယ်၊ မိုပိုက်ရိကို ထိမှန်တဲ့လက်နက်ပုန်း
မှာ ပြင်းထန်တဲ့ အဆိပ်ပါတယ်၊ ဒါပေမယ့် ... ကျွန်တော့ကိုထိခဲ့တဲ့
လက်နက်ပုန်းကတော့ အဆိပ် သိပ်မပြင်းလှဘူး၊ ဒါကိုလဲ စောစော
က မိုချုံးရိအတုက ... ပြောသွားပြီးပါပြီ'

စကားကို ခေတ္တရပ်လိုက်ပြီး၊ လီထိုက်ဟိုက အနည်းငယ်
စဉ်းစားသယောင် ပြုလိုက်သည်။



'အင်း . . ကျွန်တော့ကို သိပ်မပြင်းတဲ့အဆိပ်နဲ့ သုံးခဲ့တာ
ကတော့ သူတို့နိုင်းစရာရှိသေးလို့ ဆိုတာ ရှင်းနေပါတယ်၊ မိုပိုက်ရိကို
ထိတဲ့အဆိပ်ကတော့ အမှန်ပဲပြင်းထန်တယ်၊ ဒါပေမယ့် မိုချုံးရိအတု
ဟာ ကျွန်တော်နဲ့ မိုပိုက်ရိတို့ကို အဆိပ်ဖြေဆေးတစ်လုံးစီ ကျွေးခဲ့
တာကို ထောက်ရင်၊ သူဟာကျွန်တော်တို့ကို တကယ်ဒုက္ခမပေးလို
ဘူးဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်'

မိုပိုက်ရိက'သဘောမပေါက်ဟန်ဖြင့် ပြန်မေးလိုက်သည်။

'လီထိုက်ဟို ... ခင်ဗျားပြောနေတာကို ကျုပ်သိပ်မရှင်းဘူး၊
ရှင်းအောင် ပြန်ပြောပြစမ်းပါဦး'

ထိုအချိန်တွင် . . .

မိုရှုရိက မည်သည့်စကားမျှမပြောပဲ ခေါင်းငုံ့ကာ စဉ်းစား
နေသည်။

မိုပိုက်ရိက ထိုင်ခုံပေါ်တွင် ကိုယ်ကိုမတ်အောင် ပြန်ပြင်
ထိုင်လိုက်ပြီး ညီငယ် မိုစုရိကို ကြည့်ကာ မေးလိုက်ပြန်သည်။

'ညီငယ် စုရိ .... မင်းသဘောပေါက်သလောက် ငါ့ကိုပြောပြ
စမ်းပါ'

သို့သော် . . .

မိုစုရိက ဦးခေါင်းကို ခါယမ်းပြသည်။

'ကျွန်တော်လည်း သိပ်သဘော မပေါက်သေးပါဘူး၊ လီ
ထိုက်ဟို ခင်ဗျားရဲ့ ထင်မြင်ယူဆချက်ကို ထပ်ပြီးပြောပြလိုက်ပါဦး'

ထို့နောက် . . .

မိုပိုက်ရိက လီထိုက်ဟိုကို ပြန်ကြည့်ပြီး ပြောလိုက်သည်

'လီထိုက်ဟို . . ကျုပ်ကိုထပ်ပြီး ပြောပြစမ်းပါဦး'

ထို့ကြောင့် . . .

လီထိုက်ဟိုက ထပ်ပြီးရှင်းပြလိုက်ရသည်။

'မိုပိုက်ရိ .... ခင်ဗျား သဘောပေါက်အောင် ကျွန်တော် တိုတိုပဲ ပြောမယ် .... ဒီကနေ့ ရောက်လာခဲ့တဲ့ လုစိမ်း ဧည့်သည် ငါးယောက်ဟာ မိုချုံးရိအတုနဲ့ တစ်ဂိုဏ်းတစ်ဖွဲ့သားတည်းဆိုတာ အားလုံးရိပ်မိပြီး ဖြစ်မယ်၊ ဒါပေမယ့် ... ထူးခြားတဲ့အချက်က မိုချုံး အတုဟာ သူ့ကိုယ်သူ အတုပါလို့ ဟန်ဆောင်ပြီး ပြောဆိုနေတဲ့ မိုချုံး အစစ်ပါပဲ'

ထိုအခါ . . .

မိုပိုက်ရိမှာ .... မျက်လုံးပြူးကျယ်သွားသည့်အထိ အံ့အား သင့်သွားသည်။

'အို . . မဖြစ်နိုင်ပါဘူး၊ ဒီလိုတော့ ...ဘယ်နည်းနဲ့မှ မဖြစ်နိုင် ဘူး၊ ကျုပ်ညီ မိုချုံးရိဟာ ကျုပ်ကို ..... ဘယ်တော့မှ ဒီလို အဆိပ်နဲ့ ရက်ရက်စက်စက် လုပ်ကြံချင်မှာမဟုတ်ဘူး၊ ကျုပ်ညီတွေဟာ ကျုပ် အပေါ်မှာ အင်မတန် ချစ်ခင်ရိုသေခဲ့တယ် ဆိုတာ ကျုပ်အသိဆုံး'

မိုပိုက်ရိအနေဖြင့် ဤအချက်ကို ချက်ချင်းလက်ခံနိုင်ရန် ခဲယဉ်းမည်ဟု လီထိုက်ဟို သဘောပေါက်မိသည်။



ဤတွင် မိုရှုရိကလည်း မျက်ရည်များ ဝေ့ဝဲနေသောမျက် လုံးများဖြင့် မိုပိုက်ရိအား ကြည့်လိုက်ပြီး ...

'ဟုတ်တယ် ... အစ်ကိုကြီး မိုပိုက်ရိ၊ အစ်ကို လီထိုက်ဟို ပြောနေတာတွေ အားလုံးအမှန်တွေချည်းပဲ၊ ကျွန်မလည်း သိပါ တယ်၊ သူ့ကိုယ်သူ မိုချုံးရိအတုလို့ ပြောသွားတဲ့လူဟာ အစ်ကိုလတ် မိုချုံးရိ အစစ်ပါပဲ၊ တကယ်တော့ မိုချုံးရိအတုဟန်ဆောင်နေတာ'

ပြောဆိုရင်း မိုရှုရိမှာ မျက်ရည်များ ကျလာတော့သည်။

မိုပိုက်ရိ ပါးစပ်အဟောင်းသားဖြစ်ပြီး ငေးကြောင်သွား သည်။ သူ့ညီသည် သူ့ကို လုပ်ကြံခဲ့ပါပကော ....

သူ၏ မျက်လုံးအိမ်မှ မျက်ရည်များ ဝေ့ဝဲလာခဲ့သည်။

'အို .... ဒီလိုဆို တကယ်ပဲ သူဟာ ငါ့ညီ မိုချုံးရိ ဖြစ်နေပြီပေါ့၊ အင်း .... ချုံးရိ .... ချုံးရိ သူဘာကြောင့် သူစိမ်းလူတွေနဲ့ ပေါင်းပြီး ငါ့ကို လုပ်ကြံခဲ့ရတာလဲ'

ထို့အပြင် . .

မိုရှုရိကလည်း ရှိုက်၍ ငိုကြွေးနေတော့၏။

'အစ်ကိုကြီး . . အစ်ကိုကြီး မေ့နေပြီလား ... တကယ်တော့ အစ်ကိုလတ် ... အစ်ကိုလတ်ဟာလေ ...'

သို့သော် . .

မိုပိုက်ရိက ညီမဖြစ်သူအား လျှင်မြန်စွာ လက်ကာပြလိုက် ပြီး ပြောလိုက်သည်။

'ညီမလေး ... ဆက်မပြောနဲ့တော့ ... တကယ်ပဲ ချုံးရီဟာ ငါ့ကိုလုပ်ကြံတာ မှန်နေပြီဆိုရင် . .'

မိုစုရီကလည်း ရုတ်တရက်ဝင်ပြောလိုက်သည်။

'ဟာ ... ကျွန်တော်အခုမှ စဉ်းစားမိပြီ၊ ကျွန်တော်တို့ ညီ အစ်ကိုမောင်နှမလေးယောက်ကို ကျွန်တော်တို့အဖေဟာ ငယ်ငယ် ကတည်းက ခြေဖဝါးနှစ်ဘက်စလုံးမှာ .... ဆေးအမှတ်အသားတွေ ထိုးပေးခဲ့တယ် မဟုတ်လား၊ ကျွန်တော်တို့ခြေဖဝါးအစုံမှာ ယိုးလင် ဂေဟာဆိုတဲ့ စာတန်းတွေ ရှိတယ်၊ ဒီတစ်ခါ သူရောက်လာရင် သ ခြေဖဝါးကို စစ်ဆေးကြည့်ရမယ်၊ တကယ်ပဲ .... သူဟာ အစ်ကိုချုံး အစစ်ဖြစ်နေရင် ကျွန်တော်တို့ ... သူ့ကို အဆုံးစီရင်လိုက်ကြရ မကောင်းဘူးလား'

မိုပိုက်ရီမှာ ကျလာသော မျက်ရည်များကို မျက်ခဲတော ခတ်ကာ ဖယ်ထုတ်လိုက်ပြီး . . .

'စုရီ .... မင်း ဘယ်လိုပြောလိုက်တာလဲ၊ သူကရော သ ခြေဖဝါးကို အစစ်ခံပါ့မလား၊ နောက်ပြီး ... တကယ်တမ်း ငါတို့က ရော သူ့ကို သတ်ပစ်ရက်ပါ့မလား၊ အင်း . . လျှို့ဝှက်သိုင်းကွက် မှတ်စုစာအုပ်အတွက် ... ငါ့တို့ညီအစ်ကိုတစ်တွေ စိတ်ဝမ်းကွဲကြ ပေ့ါလား'

မိုပိုက်ရီက ပြောပြောဆိုဆိုဖြင့် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်မိသည်။



သူသည် မိုချုံးရီ၏ လုပ်ရပ်အတွက် လွန်စွာ စိတ်မကောင်း ဖြစ်နေဟန် ရှိသည်။

အတန်ကြာမှ . . .

'ငါ့ရည်ရွယ်ချက် ... ပျက်သွားပြီ၊ ငါတို့ညီအစ်ကို မောင်နှမ တစ်တွေ ရှေ့ကို ဘယ်လိုစည်းရုံးပြီး သိုင်းလောကမှာ ထင်ပေါ်ကျော် ကြားအောင် လုပ်တော့မလဲ၊ ဒီတော့ သွားပါစေကွာ၊ မင်းတို့ သူ့ကို ရန်မမူကြနဲ့တော့၊ သူသဘော သူထင်ရာ လုပ်ပါစေကွာ'

ပြောပြောဆိုဆို မိုပိုက်ရီ၏မျက်နှာမှာ လွန်စွာ စိတ်ပျက် သွားသည့်အမူအရာ ဖြစ်ပေါ်လာလေ၏။

ထို့အတူ မိုစုရီနှင့် မိုရှုရီတို့ နှစ်ဦးမှာလည်း တွေဝေသွား ကြတော့သည်။

ဤတွင် လီထိုက်ဟိုက အားလုံးကို ဝေ့ကြည့်ပြီး လေးနက် စွာ ပြောလိုက်၏။

'ဒီမှာ မိုပိုက်ရီ ... မိုချုံးရီဟာ လူဆိုးလူမိုက်တွေနဲ့ ပေါင်းပြီး လျှို့ဝှက်သိုင်းကွက်မှတ်စုစာအုပ်ကို ရယူဖို့ ကြံစည်တာကတော့ သေချာသွားပြီ၊ ဒါကြောင့် ... ကျွန်တော်တို့ အခုရှေ့ဆက်ဘာလုပ်ကြ မလဲ ဆိုတာကိုသာ ဆွေးနွေးကြရင် မကောင်းဘူးလား'

ထိုအခါ . . .

လီထိုက်ဟို၏စကားကြောင့် မိုရှုရီ တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

ထို့နောက် . . .

မိုရှုရိက မိုပိုက်ရိကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

'အစ်ကိုကြီး ... အစ်ကိုလီထိုက်ဟို ပြောတာမှန်တယ်၊ ကျွန်မတို့ရှေ့ကို ဘာဆက်လုပ်ကြရင် ကောင်းမလဲဆိုတာကိုသာ ဆွေးနွေးကြရအောင်လား၊ ဖြစ်ပြီးတာတွေကို မေ့ပစ်လိုက်တော့၊ ကျွန်မတို့အတွက် အကျိုးမရှိဘူး . .'

မိုပိုက်ရိက ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

'လီထိုက်ဟို . . ခင်ဗျားပဲ ဒီကိစ္စကို ကြည့်ပြီး စီစဉ်ပါတော့ဗျာ၊ ကျွန်တော်တို့ ခင်ဗျားစီစဉ်တဲ့အတိုင်း လိုက်နာပါ့မယ်'

လီထိုက်ဟိုက . . .

'မိုပိုက်ရိ ... ခင်ဗျားဒီလောက်လည်း စိတ်ဓာတ်ကျမနေပါနဲ့၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက်ပေးပါ့မယ်၊ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ပေါ့ဗျာ'

မိုစုရိကလည်း ဝင်ပြောလိုက်ပြန်သည်။

'အစ်ကို လီထိုက်ဟို ... ရှေ့ကို ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ၊ အစ်ကို့ အကြံဉာဏ်တွေကို ပြောပါဦး'

မိုစုရိသည် ပထမဆုံးအကြိမ် ... လီထိုက်ဟိုအား လေသံပြောင်း၍ လေးလေးစားစား ခေါ်လိုက်ခြင်းဖြစ်သည်။

ယင်းကို လီထိုက်ဟိုက သတိထားလိုက်မိသည်။

လီထိုက်ဟိုက မိုစုရိအားလှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။



တစ်ဖန် . . .

မိုပိုက်ရိကလည်း ဝင်ပြောလာပြန်သည်။

'ညီလေး လီထိုက်ဟို ... ရှေ့ကိုဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ'

လီထိုက်ဟိုက မိုပိုက်ရိကိုပါ ပြုံးပြလိုက်သည် .... သူတို့အားလုံးက ဆွေရင်းသားရင်းကဲ့သို့ ဆက်ဆံလာကြပြီ။

'ရှေ့ဆက်လုပ်ဖို့အတွက် ... အချက်နှစ်ချက်ရှိတယ်၊ ပထမအချက်က အစ်ကိုကြီးရဲ့ ကိုယ်ထဲမှာ သင့်နေတဲ့အဆိပ်ကို ဘယ်လိုဖြေမလဲဆိုတာပဲ ..... ဒုတိယအချက်ကတော့ ...'

မိုပိုက်ရိက ကြားဖြတ်ကာ အံကြိတ်၍ ပြောလိုက်သည်။

'ကျုပ်ကို .... အဓိကထား မတွက်ပါနဲ့၊ ကျုပ် သေမှာကို မကြောက်ပါဘူး'

လီထိုက်ဟိုက ခေါင်းကိုခါယမ်းရင်း . . .

'ဒီလိုမဟုတ်သေးဘူးလေ၊ အဓိက အချက်နှစ်ချက်ထဲမှာ သိုင်းကွက်မှတ်စုစာအုပ်ကို ရအောင် ရှာဖွေပေးနိုင်ဖို့လည်း ပါတယ်၊ ဒါပေမယ့် မိချုံးရိလက်ထဲကိုသာ သိုင်းလျှို့ဝှက်စာအုပ် ရောက်သွားရင် .... သူ့ကိုအန္တရာယ်ပေးပြီး လုယက်ယူမယ့်သူတွေ ပေါ်ပေါက်လာမှာ စိုးရိမ်ရတယ်'

ထိုအခါ . . .

မိုစုရိက ဒေါသတကြီးဖြင့် အော်ပြောလိုက်သည်။

'ဘာဗျ ... သူ့ကိုမှတ်စုစာအုပ် ရှာပေးပြီးတဲ့အပြင်၊ ဘေး ကင်းအောင် စောင့်ရှောက်ပေးဖို့ကိုပါ အစ်ကိုလီထိုက်ဟိုက စဉ်းစား နေသေးသလား၊ ဒါကတော့ ... မဟုတ်သေးပါဘူးဗျာ၊ သူသေလို့ ကျုပ်တို့ မျက်ရည်မကျပါဘူး'

သို့သော် . . .

လီထိုက်ဟိုက စိတ်မဆိုးပါ။

စိတ်ဆိုးနေ၍လည်း အကြောင်းထူး လာနိုင်မည် မဟုတ် ကြောင်း သဘောပေါက်ပြီးဖြစ်၏။ သူတို့အတွက် အခြေအနေသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေလေပြီ။

❖❖❖❖❖



အခန်း (၁၃)

အထင်မှားခြင်း

လီထိုက်ဟိုနှင့် 'မို' ညီအစ်ကို မောင်နှမသုံးဦးစလုံးမှာ အတွေးကိုယ်စီဖြင့် မည်သူမျှ စကားမပြောနိုင်ကြပေ။

အထူးသဖြင့် .... မို ညီအစ်ကို မောင်နှမ သုံးဦးတို့မှာ မိုချုံးရီ အတွက် များစွာ ထိခိုက်ခံစားနေကြရသည်။

လီထိုက်ဟိုကလည်း အလိုက်သိသိဖြင့် ခေတ္တမျှ ငြိမ်သက် နေလိုက်သည်။

သို့ဖြစ်ရာ ...

ခန်းဆောင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင်ပင် ငြိမ်သက်တိတ်ဆိတ်နေသည်။

အတန်ကြာမှ . . .

လီထိုက်ဟိုက ... လေးနက်မှုအပြည့်ရှိသောအသံဖြင့် မို ညီအစ်ကိုမောင်နှမသုံးဦးကို ရှင်းပြလိုက်သည်။

'ခင်ဗျားတို့ မိုမိသားစုဝင်တွေ စိတ်မကောင်းဖြစ်နေတာကို ကျွန်တော် သိပါတယ်၊ ဒါပေမယ့် သိတ်လည်း စိတ်မကောင်း မဖြစ်ကြပါနဲ့ ... အခြေအနေကောင်းနိုင်ပါသေးတယ်၊ အခြေအနေကို ပြန်စဉ်းစားကြည့်ရင် မိုချုံးရိဟာ လူဆိုးတွေနဲ့ပေါင်းပြီး သိုင်းကျမ်းစာအုပ်ကို အပိုင်စီးဖို့ ကြံစည်ခဲ့တယ်၊ ဒါပေမယ့် .... တကယ်တန်းကျတော့ အစ်ကိုကြီး မိုပိုက်ရိကို အသက်သေအောင် သူ မလုပ်ရက်ဘူးမဟုတ်လား။ ဒါကိုကြည့်ခြင်းအားဖြင့် သူ့မှာ ညီအစ်ကိုမောင်နှမအပေါ် ချစ်ခင်ကြင်နာတဲ့စိတ် ရှိသေးတယ်ဆိုတာ မှန်းဆလို့ ရပါတယ်၊ ဒါကြောင့် သူ့ကို ဖျောင်းဖျပြောဆိုလို့ ရနိုင်သေးတယ်လို့ ကျွန်တော် ယူဆထားတယ် ... ကဲ ... ကျွန်တော်ပြောတာကို ဘယ်လိုသဘောရကြသလဲ'

လီထိုက်ဟို၏စကားမှာ ဖြစ်နိုင်ခြေ ရှိလေ၏။

ထိုအခါကျမှ ...

မို မိသားစုဝင်များ စိတ်သက်သာရာ ရသွားဟန် ရှိ၏။

မိုပိုက်ရိက ဦးခေါင်းကို ညိတ်လိုက်ပြီး . . .

'ညီလေးလီထိုက်ဟို ... ညီလေးပြောသလို ဖြစ်လာမယ်ဆိုရင်တော့ အစ်ကိုကြီး သိပ်ဝမ်းသာရမှာပဲ၊ တကယ်တော့ သူဟာ အစ်ကိုကြီးရဲ့ ညီအရင်းပဲလေ'



တစ်ဖန် . . .

လီထိုက်ဟိုက ... မိုညီအစ်ကို မောင်နှမများကို အားပေးစကား ပြောလိုက်ပြန်သည်။

'ကျွန်တော်ပြောတဲ့ အခြေအနေမျိုး တကယ် ဖြစ်လာနိုင်ပါတယ်၊ စိတ်မပျက်ကြပါနဲ့ဦး၊ သူ့ကို ပိုင်း ဖျောင်းဖျကြတာပေါ့ ... ဒါဆိုရင် သူ စိတ်ပြန်လည်လာမှာပါ'

မိုစုရိကလည်း အလောတကြီး ဝင်ပြောလိုက်သည်။

'ကဲ ... အစ်ကိုလီထိုက်ဟို၊ အဲဒီလိုဆိုရင် ... ကျွန်တော်တို့ ရှေ့ဆက်လုပ်ကြရမယ့် အစီအစဉ်ကို စဉ်းစားပြီးပြီလား၊ အချိန်သိပ်မရတော့ဘူးလို့ ထင်တယ်'

သူ၏စကားကြောင့် လီထိုက်ဟိုက ...

'စိတ်ရှည်ရှည်ထားပြီး နားထောင်ပါ ညီလေးစုရိ ... ဒီလို အလောတကြီး လုပ်လို့ မရဘူး၊ မိုချုံးရိမှာ .... အမှန်တကယ်ပဲ ဘေးအန္တရာယ် ကျရောက်လာနိုင်တယ်၊ သိုင်းမှတ်စုစာအုပ် သူ့ဆီ ရောက်သွားပြီးရင်ပေါ့လေ၊ အဲဒီအခါမှာ ... အလွန်တန်ဖိုးကြီးလှတဲ့ သိုင်းစာအုပ်ဟာ သူနဲ့အပေါင်းအဖော် လူဆိုးလူမိုက်တွေလက်ထဲကို ရောက်သွားနိုင်တယ်၊ ဒီသိုင်းမှတ်စုစာအုပ်သာ လူဆိုးလူမိုက်တွေ လက်ထဲကို ရောက်သွားမယ်ဆိုရင် ... သိုင်းလောကကြီးတစ်ခုလုံး ဖောက်ထိုး မီးမျှော် ဖြစ်ကုန်လိမ့်မယ်'

လီထိုက်ဟိုက ဖျောင်းဖျ ပြောဆိုလိုက်သည်။

ဤတွင် ....

မိုစုရိက ... ရုတ်တရက် တစ်စုံတစ်ခုကို သတိထားမိသလို ဝင်ပြောလိုက်သည်။

'အစ်ကိုလီထိုက်ဟို .... အစ်ကိုရဲ့ လက်မောင်းတစ်ဘက် လှုပ်ရှားလို့ ရပြီလား၊ ကျွန်တော်ကြည့်ရတာတော့ အစ်ကိုဘာမှ မဖြစ်တော့သလိုပဲ'

ထိုအခါကျမှ . . .

လီထိုက်ဟိုက သူ့လက်ကို လှုပ်ရှားကြည့်လိုက်သည်၊ သူ့လက်မှာ ကောင်းမွန်စွာ လှုပ်ရှား၍ ရသည်။ သူသည် အတွင်းအားဖြင့်လည်း ဒဏ်ရာကို စစ်ဆေးကြည့်လိုက်သည်။ လုံးဝ ကောင်းသွားပြီဟု သိရှိခံစားလိုက်ရသည်။

ပြီးနောက် ... ဦးခေါင်းကိုညိတ်ပြလိုက်သည်။

'ဟုတ်တယ် ... ကျွန်တော်မိထားတဲ့အဆိပ်ဟာ သိပ်မပြင်းထန်ဘူး၊ စောစောက သောက်ခဲ့တဲ့ ဆေးတစ်လုံးနဲ့ပဲ ပျောက်သွားပြီထင်တယ်၊ အခု ကျွန်တော်ဘာမှမဖြစ်ဘူး၊ အဆိပ်သင့်တဲ့ခံစားမှုမျိုးလည်း လုံးဝမရှိတော့ဘူး'

ထိုအခါ ....

မိုရှုရိက ဝမ်းသာအားရ ဝင်ပြောလိုက်သည်။

'ဟာ . .ဒီလိုဆိုရင် သိပ်ဝမ်းသာစရာပေါ့၊ ငို ချုံးရိသာ ဒီလိုနောက်တစ်ခါပြန်ရောက်လာရင် အစ်ကိုလီထိုက်ဟိုက သူ့ကိုအနိုင်



တိုက်ခိုက်ပြီး၊ သူ့ကိုယ်ထဲက အဆိပ်ဖြေဆေးကိုရအောင် ယူပေးပါလား၊ ဒါဆို အစ်ကိုကြီး မိုပိုက်ရှိအတွက် အန္တရာယ်မရှိနိုင်တော့ဘူးပေါ့ .... အဲဒီလိုလုပ်ရင် မကောင်းဘူးလား'

ယင်းသို့ . .

မိုစုရိ၏စကားကို ကြားရသောအခါ လီထိုက်ဟိုက အတန်ကြာအောင် စဉ်းစားလိုက်သည်။

ထို့နောက် . . .

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'အဲဒီလို .... အတင်းဖွတ်လုပ်လို့လည်း မဖြစ်သေးဘူး၊ မိုချုံးရိရဲ့ သိုင်းပညာစွမ်းကို ကျွန်တော် မခန့်မှန်းတတ်ဘူး၊ မတော်တဆများ မိုချုံးရိဟာ လက်လွတ်ထွက်ပြေးသွားနိုင်ခဲ့ရင်၊ ဒါမှမဟုတ် တိုက်ခိုက်နေတုန်း အသက်ကယ်ဆေးပုလင်းကို ထိခိုက်ပျက်စီးသွားမယ်ဆိုရင် အစ်ကိုကြီး မိုပိုက်ရှိရဲ့အသက်ဟာ ... မျှော်လင့်ချက်ကင်းမဲ့သွားနိုင်တယ်၊ ဒါ့ကြောင့် .... ကျွန်တော်ဟာ သူ့ကို အပိုင်အနိုင် တိုက်နိုင်မယ်လို့ တာဝန်မခံနိုင်ဘူး'

မိုစုရိက ခေါင်းညိတ်ပြီး ... ထောက်ခံလိုက်သည်။

'အင်း ... အစ်ကိုလီထိုက်ဟို ပြောတာလည်း မှန်ပါတယ်၊ ကဲ ဒီလိုဆို .... အစ်ကိုလီထိုက်ဟို ကြံ့ကဲသလိုပဲ စီစဉ်တာပေါ့ဗျာ'

လီထိုက်ဟိုက အေးဆေးတည်ငြိမ်စွာဖြင့် ဆက်ပြောလိုက်သည်။

'ဒီည ... မိုချူးရီ ပြန်ရောက်လာတာနဲ့ သူနဲ့အတူ ကျွန်တော် လျှိုယမ်းမြို့ကို ခရီးစထွက်မယ်၊ ကျွန်း ဂေဟာသခင်ကြီးကို အခြေအနေပြောဆိုပြီး သချိုင်းဟောင်းနေရာကို မေးမယ်၊ မှတ်စုစာအုပ်ကို တွေ့အောင် ရှာယူမယ်'

ထိုစဉ် ....

မိုရှုရီက အလောတကြီး ... ဝင်မေးလိုက်ပြန်သည်၊ ရှေ့ဘာဆက်လုပ်မည်ကို သူမ သိချင်နေသည်။

'ရှာလို့ တွေ့ပြီဆိုရင်ကော ....'

လီထိုက်ဟိုက မိုရှုရီအား ကြည့်လိုက်ကာ ...

'ရှာလို့တွေ့ပြီးရင် မိုချူးရီလက်ထဲကိုအပ်ပြီး အသက်ဆက်အဆိပ်ဖြေဆေးပုလင်းကို ယူလာခဲ့မယ်'

ထိုအခါ ...

မိုရှုရီသည် စိုးရိမ်သောဟန်ကလေးဖြင့် လီထိုက်ဟိုအား စိုက်ကြည့်နေလိုက်သည်။

လီထိုက်ဟိုက ပြုံးရယ်လျက် ဆက်ပြောလိုက်ပြန်သည်။

'ကျွန်တော်ထင်ပါတယ်၊ ဒီနေ့လာသွားတဲ့ လူစိမ်းငည့်သည်ငါးယောက်ဟာ ဒီလျှို့ဝှက်သိုင်းကျမ်းကို အတော်လိုချင်နေကြလိမ့်မယ်လို့'

သူသည် စကားကို ခေတ္တရပ်လိုက်၏။

ထိုအခါ ...



အားလုံးက သူ့ကိုဝိုင်းကြည့်ကြသည်။ သူတို့သည် လွန်စွာစိတ်ဝင်စားနေကြပေပြီ။

'အဲဒီလူစိမ်းငါးယောက်ဟာ ကျွန်တော့်ကို လုံးဝအလွတ်ပေးကြမှာ မဟုတ်ဘူး၊ ကျွန်တော့်နောက်ကို လိုက်နေကြမှာ သေချာတယ်၊ သူတို့လိုက်လာလေလေ ... ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်လေလေပဲ၊ ကျွန်တော်ကတော့ လိုက်လာကြပါစေလို့ မျှော်လင့်ပါတယ်'

မိုရှုရီက ကြားဖြတ်၍ မေးလိုက်သည်။

'အဲဒီအခါမှာ အစ်ကိုကြီးလီထိုက်ဟိုက အစ်ကိုလတ်ချူးရီအတွက် အကာအကွယ်ပေးမယ် ဆိုပါတော့'

လီထိုက်ဟိုက ဦးခေါင်းကို ဆတ်ကနဲ ညိတ်ပြလိုက်သည်။

'ဟုတ်တယ် .... ကျွန်တော်အတတ်နိုင်ဆုံး ကာကွယ်ပေးရလိမ့်မယ်၊ လျှို့ဝှက်သိုင်းကွက် မှတ်စုစာအုပ်ကိုလည်း သူတို့လက်ထဲပါမသွားအောင် အတတ်နိုင်ဆုံး ကြိုးစားရလိမ့်မယ်'

ထို့နောက် . . .

မိုရှုရီက သက်ပြင်းကို လေးတွဲ့စွာ ချလိုက်သည်။

'အင်း . . အစ်ကိုလတ် ချူးရီတစ်ယောက် ဘယ်လိုကနေဘယ်လို ... စိတ်ဖောက်ပြန်သွားသလဲဆိုတာ စဉ်းစားလို့မရပါဘူးရှင်၊ မိုးနတ်မင်းကြီးဟာ ကျွန်မတို့မောင်နှမလေးယောက်ကို ဒီလိုစိတ်ဝမ်းကွဲအောင် မလုပ်သင့်ပါဘူး'

သူမ၏စကားကြောင့် လီထိုက်ဟိုက ကရုဏာသက်စွာ
စိုက်ကြည့်လိုက်ကာ . . .

'သိပ်ပြီးစိတ်ပူမနေပါနဲ့ ညီမရှုရီ၊ ကျွန်တော်လည်း ညီမ
အစ်ကိုလတ်ကို ဖျောင်းဖျပေးပါ့မယ်၊ သူ စိတ်ပြောင်းလာမှာပါ'

လီထိုက်ဟိုက ယင်းသို့ မိုရှုရီအား နှစ်သိမ့်ပြောဆိုလို
ရလေသည်။

သူသည် အမှန်တကယ်ပင် မိုချူးရီအား ဖျောင်းဖျပြော
နိုင်စွမ်း ရှိပါမည်လား၊ ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိပါမည်လ
ဤသည်ကို မိုးနတ်မင်းကြီးမှသာ သိပေလိမ့်မည်။

❖❖❖❖❖



ခြည့်ခန်းမအတွင်းရှိ လူအားလုံးသည် ရှေ့ရေးကို ကြိုတင်၍
တွေးနေကြသည်။

အမှန်စင်စစ် ....

နောက်ဆုံးနိဂုံးသည် မည်သို့မည်ပုံ အဆုံးသတ်လိမ့်မည်
ကို မည်သူမျှ ကြိုတင်မမှန်းဆနိုင်ကြချေ။ ကံကြမ္မာ၏ အလိုအတိုင်း
သာ ဖြစ်ပေမည်။ သို့သော် ... စိတ်ဓါတ်ပြင်းထန်သူတို့ကား ကံကိုသာ
ယိုးမယ်ဖွဲ့၍ မနေဘဲ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစားရမည်သာ
ဖြစ်သည်။

ရှေ့ရေးအတွက် .... လီထိုက်ဟို အတွေးနယ်ချဲ့နေသည်။

ထိုစဉ် ...

မိုရှုရီက ရုတ်တရက်ပြောလိုက်သည်။

'အစ်ကိုလီထိုက်ဟို ... ကျွန်မ အစ်ကိုလီထိုက်ဟိုနဲ့ အတူ
လိုက်ခဲ့မယ်နော်၊ အစ်ကို ခွင့်ပြုမယ် မဟုတ်လား . .'

မမျှော်လင့်သော မိုရှရီ၏စကားကြောင့် .... လီထိုက်ဟို မျက်လုံးပြူးသွားသည်။ ချက်ချင်းဆိုသလို ...

သူက ပျာပျာသလဲ ပြန်ပြောလိုက်ရလေ၏။

'အို . .မဖြစ်ဘူး မိုရှရီ၊ ညီမအနေနဲ့ လိုက်လို့ မဖြစ်ပါဘူး'

ထိုအခါ . . .

မိုရှရီ၏ မျက်နှာကလေးမှာ ချက်ချင်းဘည်သွားပြီး မကျေမနပ်သောလေသံဖြင့် လီထိုက်ဟိုအား ပြောလိုက်သည်။

'ဘာကြောင့် လိုက်လို့ မဖြစ်ရမှာလဲ'

ပြောရင်း မျက်နှာကလေးမှာ ညိုသွားလေတော့သည်။

လီထိုက်ဟိုက .... မိုပိုက်ရီအား ကရုဏာသက်စွာဖြင့် ကြည့်လိုက်ပြီးနောက် ...

'အခု လျှုယမ်းမြို့ကို သွားရမယ့်ကိစ္စက ဘေးအန္တရာယ်သိပ်များတယ်၊ ညီမ ရှရီ ... မလိုက်တာ အကောင်းဆုံးပဲ'

ဟု ရှင်းပြလိုက်ရသည်။

မိုရှရီက ... နှုတ်ခမ်းကို စူလိုက်လေ၏။

'နို့ ... အစ်ကိုရော၊ အစ်ကို့ အတွက် အန္တရာယ်မရှိနိုင်ဘူးလား၊ အစ်ကိုက ကျွန်မကို အထင်သေးလို့ မခေါ်ချင်တာမဟုတ်လား'

လီထိုက်ဟိုက ပြုံးလိုက်သည်။

'ညီမအနေနဲ့ အစ်ကိုပြောတဲ့စကားကို အဓိပ္ပာယ်တစ်မျိုး မပေါက်စေချင်ဘူး၊ အစ်ကိုက ညီမကို မတော်တဆ ထိခိုက်မှာစိုးရိမ်လို့ပါ၊ ပြီးတော့ ခုလိုအချိန်မှာ ယိုးလင်ဂေဟာကို ညီမတို့မောင်နှမနှစ်ယောက် စောင့်ရှောက်နေဖို့ လိုအပ်တယ်၊ အစ်ကိုကြီး မိုပိုက်ရီကိုလည်း စောင့်ရှောက်ရဦးမယ် မဟုတ်လား၊ အစ်ကိုကြီး မိုပိုက်ရီက ကျန်းမာရေး မကောင်းသေးဘူးလေ'



ထိုအချိန်တွင် . . .

မိုပိုက်ရီက သူ့ညီမအား လှမ်းကြည့်၍နေသည်။

ထို့နောက် . . .

မိုပိုက်ရီက လီထိုက်ဟိုအား ပြုံး၍ ပြောလိုက်သည်။

'ညီလေး လီထိုက်ဟို ... ညီမလေး လိုက်ချင်ရင်လဲခေါ်သွားလိုက်ပါ၊ ကျုပ်ညီမက ကျုပ်အတွက် အရေးကြီးတဲ့တာဝန်တစ်ရပ်ကို အမြန်ဆုံး ဆောင်ရွက်နေချင်တယ်နဲ့တူတယ်၊ ယိုးလင်ဂေဟာမှာ ညီငယ် စုရိ ရှိနေရင် လုံလောက်ပါပြီ၊ အခုအချိန်မှာတော့ ဘာကိုမှ မပူပန်တော့ပါဘူး'

လီထိုက်ဟိုက မိုရှရီအားကြည့်၍ ... အတန်ကြာမျှ စဉ်းစားနေမိသည်။

ပြီးမှ ...

'ညီမ ရှရီ၊ ညီမရဲ့အစ်ကို မိုချုံးရီက ညီမကို လိုက်ခွင့်ပြုနိုင်ပါ့မလား မသိဘူး၊ အခုသွားရမှာက အစ်ကိုတို့သဘောနဲ့သွားတာ မဟုတ်ဘူးဆိုတာကိုလည်း သတိထားပါဦး'

ထိုစဉ် ...

'လိုက်ခွင့်ပြုပါတယ်ဗျာ ... လိုက်ခွင့်ပြုပါတယ်'

စကားသံနှင့်အတူ ....

ဧည့်ခန်းမအတွင်းသို့ ... လူတစ်ယောက် လျှင်မြန်စွာ ဝင်ရောက်လာသည်။

အခန်းတွင်းရှိသူများအားလုံး၏ မျက်လုံးအစုံတို့က ထိုသူထံသို့ ကျရောက်သွားလေတော့၏။

❖❖❖❖❖



ဧည့်ခန်းမအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာသည်။

ထိုသူကား ...

သူ့ကိုယ်သူ မိုချုံးရှိအတုပါ ..... ဟု ပြောခဲ့သော မိုချုံးရှိပင်တည်း။

မိုချုံးရှိက အခန်းထဲသို့ ရောက်သောအခါ အားရပါးရ ရယ်မောလျက် ပြောလိုက်သည်။

'ဟား . . ဟား . . ဟား ...

'ကျုပ် သဘောတူပါတယ်၊ ယိုးလင်ဂေဟာက ညီမတွေးရှိ ပါလာမယ်ဆိုရင် ကျုပ်ပိုပြီး စိတ်ချမ်းသာတာပေါ့၊ ခင်ဗျားလည်း ညဏ်နီညဏ်နက်သုံးပြီး ကျုပ်ကိုလှည့်စားဖို့ မကြံစည်နိုင်တော့ဘူးပေါ့၊ လီထိုက်ဟိုဟာ တကယ်တန်းကျတော့ မိုရှုရဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရမှာကို မလိုလားဘူး မဟုတ်လား'

သူ့စကားမှာ အနှောင့်အသွားမလွတ်ချေ။

ကာယကံရှင်များဖြစ်သော လီထိုက်ဟိုနှင့် မိုရှုရီမှာ မျက်နှ
အနည်းငယ် ရဲသွားကြသည်။

အထူးသဖြင့် .... ဤစကားမှာ လီထိုက်ဟို၏ ဂုဏ်သိက္
ကို ထိပါးခြင်း ဖြစ်သည်။

သို့သော် ... ယခုကဲ့သို့ အရေးကြီးသော အချိန်ကာလတ
ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာထိပါးမှုကို လီထိုက်ဟိုအနေဖြင့် လျစ်လျ
နိုင်သော်လည်း ... မိန်းမသားဖြစ်သော မိုရှုရီကိုမူ အားနာနေမိသည

မိုရှုရီမှာလည်း ခေတ္တမျှ ခေါင်းငုံ့ထားလိုက်သည်။

မိုချုံးရီ၏ စကားကြောင့် . . .

မိုစုရီက မိုချုံးရီအား ဒေါသခက်ထန်သော အကြည့်ဖြင့်
ကြည့်လိုက်သည်။

လီထိုက်ဟိုကမူ ... မိုချုံးရီအား အေးစက်စွာ ကြည့်၍ပြေ
လိုက်သည်။

'ခင်ဗျား ခွင့်ပြုမယ်ဆိုရင်တော့ ကျုပ် ... မိုရှုရီကို ခေါ်သွား
လိုက်မယ်၊ ဒါနဲ့နေပါဦး .... ကျုပ်တို့ ဘယ်အချိန်ကစပြီး ခရီးထွက်ကြ
ရမှာလဲ'

မိုချုံးရီက ခပ်တည်တည် ပြောသည်။

'အခု .. ညနေစောင်းပြီဆိုတော့ အင်း . . အခုပဲ ခရီးစထွက်
တော့မယ်၊ ဒီအချိန်ဟာ .... အကောင်းဆုံးအချိန်ပဲ'

ထိုစဉ် ...



မိုရှုရီက ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး .... ပြန်မေးလိုက်
သည်။

'စောစောတုန်းကတော့ ဒီနေ့ည ညဥ့်နက်ချိန်ကျမှ ခရီး
ထွက်ရမယ်လို့လည်း ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား၊ အခုတော့
ညနေ ဖြစ်ရပြန်ပြီ .... ဗလောင်းဗလဲနဲ့'

မိုချုံးရီက ရယ်သွမ်းသွေးလိုက်ပြီး . . .

'အင်း ... ဟုတ်ပါတယ်၊ ဒါပေမယ့် ခု ကျုပ်အစီအစဉ်
ပြောင်းလိုက်ပြီလေ၊ ကျုပ်က အဓိကလူပဲ၊ ကျုပ် အစီအစဉ်ပြောင်း
ရင် ခင်ဗျားတို့လည်း ပြောင်းရမှာပဲ'

ထို့နောက် . . .

မိုချုံးရီက ... တံခါးပေါက်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပြီး
နောက် . . .

'ကဲ ... သွားကြပေတော့၊ ယိုးလင်ဂေဟာမှာရှိတဲ့ မြင်းတွေ
ဟာ မြင်းကောင်းတွေပါ၊ ညသန်းခေါင် အချိန်လောက်ကျရင်တော့
ခင်ဗျားတို့လျှူယမ်းက 'ကျန်း' ဂေဟာကို ရောက်နိုင်ပါလိမ့်မယ်'

လီထိုက်ဟိုက အံ့အားသင့်သွားမိသည်။

သူက မိုချုံးရီအား အလောတကြီးမေးလိုက်သည်။

'ခင်ဗျားကော ... ကျုပ်တို့နဲ့ မလိုက်တော့ဘူးလား၊ ကျုပ်က
ခင်ဗျားလည်း လိုက်မယ်လို့ထင်နေတာ'

သို့သော် . . .

မိုချုံးရိက အေးစက်စက် အမူအရာဖြင့် ရယ်မောရင်းပြော လိုက်လေသည်။

'ခင်ဗျားတို့ သွားမှာသာ သွားနှင့်ပါ .... အချိန်တန်တော့ ခင်ဗျားတို့ဆီ ရောက်လာရင် ပြီးရောပေါ့၊ ခင်ဗျားအနေနဲ့ ကျုပ်ပြော တဲ့ ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပါ၊ ခင်ဗျားကတော့ သိပ် အရေးမကြီးလှပါဘူး၊ ဒါပေမယ့် ယိုးလင်ဂေဟာ အရှင်သခင်ကြီးမှာ ထိထားတဲ့ အဆိပ်က မနက်ဖြန်နေ့လယ်လောက်မှာ ဖြေဆေးပျယ် ပြီး အဆိပ်ပြန်တက်လာလိမ့်မယ်၊ နောက်ထပ်ဖြေဆေးပေးနိုင်မှ သခင်ကြီးရဲ့အသက်ဟာ စိတ်ချရလိမ့်မယ်၊ တကယ်လို့ ခင်ဗျားတို့ ဒီကိစ္စကို အချိန်ဆွဲပြီးလုပ်နေမယ်ဆိုရင်တော့ သခင်ကြီးရဲ့အသက် အန္တရာယ် ဘယ်လိုဖြစ်လာနိုင်တယ် ဆိုတာကို ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ စဉ်းစားကြည့်၊ ဒီတော့ ဒီကိစ္စကို အမြန်ဆုံးပြီးအောင် ကြိုးစားပါ၊ ဒီကိစ္စပြီးတာနဲ့ အဆိပ်ဖြေဆေးပုလင်းကို ကျုပ်ပေးဖို့ အသင့်ပါပဲ'

လီထိုက်ဟိုက ဦးခေါင်းကိုညိတ်ပြလိုက်ပြီး . . .

'စိတ်ချပါ၊ ယိုးလင်ဂေဟာ သခင်ကြီးရဲ့ အသက်အတွက် ခင်ဗျားခိုင်းတာကို ကျုပ်ရအောင် ကြိုးစားဆောင်ရွက်ခဲ့မယ်၊ ကဲ ညီမ ရှုရိ .... အစ်ကိုတို့ သွားကြရအောင်'

မိုရှုရိသည် ရှေ့ဆုံးမှ ထွက်သွားတော့သည်။ တံခါးပေါက် ဝသို့ ရောက်သောအခါ မိုရှုရိက နောက်သို့လှည့်၍ မိုပိုက်ရိအား



ပြောလိုက်သည်။

'အစ်ကိုကြီး ညီမလေးတို့သွားတော့မယ် ... အစ်ကိုလေးက အစ်ကိုကြီးကို ဂရုစိုက်ပါနော်'

ပြောပြောဆိုဆို မိုရှုရိအပြင်သို့ ပြေးထွက်သွားတော့သည်။

ထိုအခါ . . .

လီထိုက်ဟိုက ... နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွား တော့၏။

❖❖❖❖❖

မြင်းစောင်းထဲမှမြင်းနှစ်ကောင်ကို မိုရှုရိက ရွေးချယ်ယူလိုက်ပြီး တစ်ကောင်ပေါ်သို့ သူမက ခုန်လွှားတက်လိုက်သည်။

ထို့အတူ . . .

လီထိုက်ဟိုကလည်း မြင်းတစ်ကောင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

လီထိုက်ဟို မြင်းပေါ်သို့ ရောက်သည့်အချိန်တွင် မိုရှုရိမှာ အနောက်ခြံဝင်းပေါက်သို့ ရောက်ရှိနေလေပြီ၊

လီထိုက်ဟိုကလည်း .... မြင်းကိုအပြေးနှင်၍ လိုက်ပါသွားလေတော့သည်။

'ခွပ် ... ခွပ် ... ခွပ် ... ခွပ်'

'ခွပ် ... ခွပ် ... ခွပ် ... ခွပ်'

မိုရှုရိက ... စိတ်လှုပ်ရှား ပြင်းထန်လွန်းနေသဖြင့်၊ မြင်းကို အတင်းပင် ဒုန်းစိုင်းနေသည်။



လီထိုက်ဟိုကလည်း သူမ မြင်းကို မီနိုင်ရန် သူ၏မြင်းကိုလည်း အတင်းဒုန်းစိုင်းရတော့သည်။

ဤသို့ဖြင့် . . .

မကြာမီ သူတို့နှစ်ယောက်သည် ယိုးလင်ဂေဟာ၏ အရှေ့ဘက် ထင်းရှူးတောအုပ်ကို ကျော်လွန်လာခဲ့သည်။

မိုရှုရိသည် နောက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ ... ခပ်လှမ်းလှမ်းတွင် လီထိုက်ဟို တစ်ယောက် မြင်းကို စီးနှင်းလိုက်ပါလာသည်ကို တွေ့ရသည်။

ထို့ကြောင့် . . .

မိုရှုရိသည် မြင်းဇက်ကြိုးကိုဆွဲ၍ လီထိုက်ဟိုအား စောင့်နေရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် . . .

သူမ၏နားထဲသို့.. လေကိုခွင်း၍ လာနေသောအသံတစ်သံကို ရုတ်တရက် ကြားလိုက်ရသည်။

ထို့ကြောင့် . . .

သူမသည် မြင်းပေါ်တွင်ပင် ကိုယ်ကိုအသာလေး စောင်း၍ ရှောင်တိမ်းပေးလိုက်သည်။

'ဖုစ်'

လုံတိုတစ်ချောင်းက ဖုစ် ခနဲမြည်လျက် သူမ၏ဦးခေါင်းပေါ်မှ ကပ်လျက် အရှိန်ပြင်းစွာ ဖြတ်သန်းသွားသည်။

မိုရှရိက ဒေါသတကြီး အော်ဟစ်လိုက်ပြီး၊ သူမ၏လက်တစ်ဘက်ကို လျှပ်တစ်ပြက် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

'အရုက်မရှိတဲ့လူ ... ရဲရဲဝံ့ဝံ့ ရင်မဆိုင်ရဲဘူးလား၊ ကဲ .. သေပေတော့'

ဝန်းကျင်တစ်ဝိုက်တွင် ဝင်းကနဲ တစ်ချက်လက်သွားပြီး အလင်းတန်းတစ်ခုက ရှေ့တူရူရှိ ထင်းရှူးပင်တစ်ပင်ပေါ်သို့ ထိုးတက်သွားသည်။

'အား ...'

အားခနဲ အော်ဟစ်သံနှင့်အတူ ထင်းရှူးပင်ပေါ်မှ လူတစ်ဦး ထိုးကျလာသည်။

'ဘုန်း'

မြေပြင်ပေါ်သို့ကျသည့်အသံက 'ဘုန်း'ကနဲမြည်သွားပြီး ထိုလူမှာ တုတ်တုတ်မျှပင် မလှုပ်ရှားနိုင်တော့ဘဲ ငြိမ်သက်သွားသည်။

မိုရှရိက လဲကျနေသူအား လှမ်းကြည့်လိုက်သည်။ သို့သော် မည်သူမည်ဝါမှန်း သဲကွဲစွာ မမြင်ရပေ။

ထိုအခိုက် ....

ထင်းရှူးတောအုပ်အတွင်းမှ ရယ်မောကာ ပြောလိုက်သော အသံက ရုတ်တရက်ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဟား . . ဟား . .ဟား'



'ယိုးလင်ဂေဟာရဲ့ ညီမတွေးက .... လက်ရည်လက်သွေး တယ်ကောင်းပါလား။ ငါတို့ထင်ထားတာထက်တောင် ပိုကောင်းနေတယ်ဟေ့၊ ညီလေးတို့အားလုံး သတိထားကြပေတော့'

အသံနှင့် မရှေးမနှောင်းမှာပင် လူငါးယောက် ထင်းရှူးတောအတွင်းမှ ထွက်ပေါ်လာသည်။

မိုရှရိ အံ့ဩသွားသည်။

ထိုလူငါးယောက်မှာ နေ့လယ်က ယိုးလင်ဂေဟာအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သော ... လူများပင်ဖြစ်သည်ဟု မိုရှရိ သိလိုက်ရသည်။

ရှေ့ဆုံးမှ လျှောက်လာသူက .... တဟဲဟဲ ရယ်မောလိုက်ရင်း ...

'မိန်းကလေး၊ မင်းက ကျုပ်ကိုကြည့်ပြီး အံ့ဩနေသလား၊ မနက်က မင်းအစ်ကိုကြီး မိုပိုက်ရိက ကျုပ်ကို ... အဆိပ်သင့်စေခဲ့ပေမယ့် အခုကျုပ်ဟာ ယိုးလင်ဂေဟာရဲ့ အသက်ဆက်အဆိပ်ဖြေဆေးအစွမ်းကြောင့် အကောင်းပကတိ ဖြစ်သွားပြီလေ'

ထိုသူ၏စကားကို ကြားရသောအခါ ... မိုရှရိ အံ့အားသင့်တုန်လှုပ်သွားမိသည်။

သူမ၏စိတ်ထဲမှလည်း တွေးတောလိုက်သည်။

'ယိုးလင်ဂေဟာတော့ အကြီးအကျယ်ဒုက္ခတွေ့ပြီ၊ အစ်ကိုလတ် ချုံးရိဟာ ယိုးလင်ဂေဟာရဲ့ အစွမ်းထက်တဲ့အဆိပ်ဖြေဆေးကို

တန်ဖိုးမထားတော့ဘူး၊ ဒီဆေးကို လူတကာရနေရင် ဘယ်လိုလုပ် တန်ဖိုး ရှိတော့မှာလဲ၊ သူ့မိတ်ဆွေတွေဖြစ်တဲ့ ငါတို့ ယိုးလင်ဂေဟာ ရဲ့ ရန်သူတွေကို အသက်ဆက်အဆိပ်ဖြေဆေးတွေ လျှောက်ဝေနေ ပါကလား'

မှန်သည်။

မိုချုံးရိသည် အသက်ဆက် အသက်ကယ်ဆေးများကို ရန်သူငါးယောက်အား ပေးဝေခဲ့သည် မဟုတ်ပါလော။

သူမက ဆက်တွေးသည်။

'ရန်သူတွေကျတော့ အသက်ကယ်ဆေးပေးတယ်၊ ကိုယ့် သားချင်းကျတော့ အသက်ကယ်ဆေး မပေးဘူး၊ ရက်ရက်စက်စက် ပစ်ပယ်ထားတယ်၊ သူဟာ ကိုယ့်သားချင်းတွေကို ရန်သူလို သဘော ထားတာ သေချာနေပြီ'

သူမသည် အလွန်စိတ်ပူသွားလေ၏။

'အခု အစ်ကိုလီထိုက်ဟိုနဲ့ ငါ သိုင်းမှတ်စုစာအုပ်ကိုရှာလို့ မရခဲ့ရင် ... သူဟာ အစ်ကိုကြီးကို ဒီအတိုင်း ရက်ရက်စက်စက် ပစ် ထားနိုင်တယ်၊ အစ်ကိုကြီးဟာ ... အခုမှ တကယ်စိုးရိမ်ရတာပဲ၊ အစ်ကိုကြီး အသက်ကိုကယ်ဖို့အတွက် ... သိုင်းမှတ်စုစာအုပ်ကို မရ ရအောင် ရှာရတော့မယ်'

မိုရှုရိ စဉ်းစားနေစဉ်မှာပင် ... သူမ၏အနီးသို့ လီထိုက်ဟို ရောက်ရှိလာသည်။



လီထိုက်ဟိုက ... မိုရှုရိအား တစ်ချက်အကဲခတ်ကြည့်လိုက် ပြီး ....

'မိုရှုရိ ... ကျွန်တော် သူတို့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင် လိုက်မယ် ဟုတ်လား၊ ဒီလူတွေက ဒီလိုပဲ ကြိုက်လိမ့်မယ်'

ဟု လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

မိုရှုရိက သူမ၏ခေါင်းကို ညိတ်ပြလိုက်သည်။

ထို့ကြောင့် . . .

လီထိုက်ဟိုက မြင်းပေါ်မှပင် ထိုလူငါးယောက်ကို သေသေ ချာချာ ကြည့်လိုက်ရာ မှတ်မိသွားပြီး အံ့သြသွားသည်။

လီထိုက်ဟိုက ...

'သြော် . . ခင်ဗျားတို့ကိုး၊ နေပါဦး ... ခင်ဗျားတို့က ဘာ ကြောင့် မိန်းကလေးတစ်ယောက်ကို သစ်ပင်ပေါ်ကနေပြီး နိုးကြောင် နိုးဝှက် လုပ်ကြရတာလဲ'

ရှေ့ဆုံးမှလူက လီထိုက်ဟိုအား ... လက်ဖမိုးယှက် အရိ အသေပေးလိုက်သည်။

'လေးစားပါတယ် လီထိုက်ဟို၊ ခင်ဗျားလို သိုင်းလောကရဲ့ နံပါတ်တစ်ဓားသမား လီထိုက်ဟိုကို ဒုတိယအကြိမ် ပြန်လည်တွေ့ ဆုံခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူပါတယ်ခင်ဗျာ'

ထိုလူက လီထိုက်ဟို မေးသည့် မေးခွန်းကို ပြန်မဖြေဘဲ သူ ပြောချင်သည်ကိုသာ ပြောဆိုလိုက်သည်။

လီထိုက်ဟိုက မကျေမနပ်ဖြင့် ပြန်မေးလိုက်သည်။

'ဩော် ... ခင်ဗျားတို့က ကျုပ်ကိုတော့ ကောင်းကောင်းသိနေသားပဲ၊ ဒါနဲ့ ခင်ဗျားတို့ကရော ဘယ်သူတွေလဲ'

ထိုလူက တဟဲဟဲ ရယ်မောလိုက်ပြန်သည်။

ပြီးမှ မခိုးမခန့်ပြုးလိုက်ကာ ...

'ဟဲ ... ဟဲ ကျုပ်တို့ဘယ်သူတွေလဲဆိုတာ ခင်ဗျားသိဖို့မလိုသေးဘူး ထင်တယ်။ လိုအပ်တဲ့အချိန်ကျရင်တော့ သိရမှာပေါ့ဗျာ၊ အခုအချိန် သိပ်မရှိဘူး၊ အပိုစကားတွေ ကျုပ်သိပ်မပြောလိုတော့ဘူး၊ ခင်ဗျားအိတ်ထဲက မြေပုံစာရွက်ကို ကျုပ်လိုချင်တယ်၊ ဒီ မြေပုံစာရွက်ဟာ ခင်ဗျားအတွက်လည်း အသုံးဝင်မှာမဟုတ်ဘူး၊ နောက်ကျမှ ကျုပ်တို့ပြန်ပြီး ဆက်သွယ်ကြတာပေါ့ ဟုတ်လား'

မထင်မှတ်သောစကားကြောင့် လီထိုက်ဟို အံ့အားသင့်သွားသည်။ သူတို့သည် ယိုးလင်ဂေဟာအတွင်းမှ ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်အားလုံးကို သိနေကြချေပြီ။

ထို့နောက် . . .

လီထိုက်ဟိုက ပျာပျာသလဲဖြင့် ဝင်ပြောလိုက်သည်။

'ဟာ ဘယ်ဖြစ်မလဲဗျ၊ ဒီမြေပုံစာရွက်ဟာ အခုအချိန်မှာ ကျုပ်အတွက် သိပ်အရေးကြီးနေတယ်၊ ခင်ဗျားတို့ကို မပေးနိုင်ဘူး'

လီထိုက်ဟို စကားကြောင့် ထိုလူ၏မျက်နှာမှာ ချက်ချင်းပင် တင်းမာသွားသည်။



မူလက မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကြောင့် ကြမ်းတမ်းလှသော ထိုလူ၏မျက်နှာသည် ပို၍ ကြောက်စရာကောင်းသွားသည်။

ထိုလူက အသံမာမာပြတ်ပြတ်ဖြင့် လီထိုက်ဟိုအားပြောလိုက်သည်။

'ဘယ်လိုလဲ .... ခင်ဗျားက မြေပုံစာရွက်ကို အပိုင်စီးပြီးဟိုပစ္စည်းကို တူးဖော်ချင်လို့လား'

ထိုအခါ . . .

လီထိုက်ဟိုက ခေါင်းကိုခါယမ်းလိုက်သည်။ မဲ့ပြုံးပြုံးပြီး ပြောလိုက်သည်။

'ခင်ဗျားတို့ အထင်လွဲနေပြီ၊ ကျုပ်ဘာပစ္စည်းမှ မလိုချင်ဘူး၊ ခင်ဗျားတို့ပြောတဲ့ပစ္စည်းကိုလည်း ကျုပ် မမက်မောဘူး၊ အခု ကျုပ်ရဲ့ အိတ်ထဲမှာရှိနေတဲ့ မြေပုံစာရွက်ဟာ ... လောလောဆယ် လူတစ်ယောက်ရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက်နေတယ်၊ ရှင်းရှင်းပြောရရင်ဗျာ၊ ယိုးလင်ဂေဟာ သခင်ကြီးရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက်နေလို့ ဒီမြေပုံစာရွက်ကို ကျုပ် ... ခင်ဗျားတို့ကို လုံးဝ မပေးနိုင်ဘူး'

မုတ်ဆိတ်နှင့်လူက တဟဲဟဲနှင့် ရယ်မောလိုက်ပြီး . . .

'ဟဲ ... ဟဲ ... လီထိုက်ဟို၊ ခင်ဗျားကလဲ မိုချုံးရှိရဲ့စကားကို ယုံလာခဲ့ပြီးပြီ၊ ခင်ဗျားစဉ်းစားကြည့်စမ်း၊ မိုချုံးရှိဟာ ဒီမှတ်စုစာအုပ်ကလေးရဖို့ကို ကျုပ်တို့နဲ့ ဆက်သွယ်ပြီး ... အစ်ကိုရင်းကိုတောင်

လုပ်ကြရက်တယ်၊ အဲဒီတော့ ဒီလူမျိုးရဲ့စကားကို ခင်ဗျားအနေနဲ့ ယုံကြည်နေသလား၊ ခင်ဗျား အရူးပဲ'

သို့သော် . . .

လီထိုက်ဟိုက ဘာမျှ ပြန်မပြောတော့ပေ။

ထိုလူ ဆက်ပြောလာမည့်စကားကို ငြိမ်၍နားထောင်နေလေသည်။

သို့သော် . . .

လီထိုက်ဟိုသည် ... ထိုလူထံမှ နောက်ထပ်ထွက်ပေါ်လာသည့် စကားသံကို မကြားရတော့ဘဲ 'ခွမ်း' ကနဲမြည်သွားသော ဓားဆွဲထုတ်သံကိုသာ ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် . . .

လင်းလက်လာသော ငှက်ကြီးတောင်ဓားမှ အလင်းရောင်တန်းသည် ဝင်လုဆဲနေရောင်အောက်တွင် ဝင်းကနဲလက်ဖြာသွားသည်။

လီထိုက်ဟိုကမူ ဓားမထုတ်သေးဘဲ စောင့်ကြည့်နေသည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးရှိသောထိုလူသည် ရယ်မောခြင်းကို ရပ်တန့်လိုက်၏။

ထို့နောက် . . .

ဓားဦးကို လီထိုက်ဟိုထံသို့ ညွှန်လိုက်ပြီးမှ ခပ်ဆတ်ဆတ်အမိန့်ပေးလေ၏။



'ကဲ . . အားလုံး သွားကြမယ်ဟေ့'

ချက်ချင်းပင် သူတို့အားလုံး နောက်သို့ လှည့်ထွက်သွားကြတော့သည်။

မကြာမီ တောအုပ်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

မလွဲမသွေတိုက်ပွဲဖြစ်တော့မည်ဟု 'လီထိုက်ဟို တွက်ဆလိုက်သော်လည်း ... တကယ်တမ်း ဖြစ်မလာတော့ပေ။

❖❖❖❖❖

အခန်း (၁၄)
သဲလွန်စ မှတ်တိုင်

ရန်သူငါးယောက်မှာ မြင်းကွင်းမှ လုံးဝ ကွယ်ပျောက်သွားပြီ ဖြစ်၏။

မိုရှုရီ .... အံ့သြနေမိသည်။

အပြင်းအထန် တိုက်ခိုက်ရတော့မည်ဟု ယူဆရသည့် အခြေအနေမှာ ရုတ်တရက် ရပ်တန့်သွားပြီး ... ရန်သူများ အားလုံးမှာလည်း ချက်ချင်း ထွက်ခွာသွားကြသည်။

အဘယ်ကြောင့် ယင်းသို့ဖြစ်ရပါသနည်း။

ရန်သူများအနေဖြင့် နံပါတ်တစ်စားသမား လီထိုက်ဟိုကို ရင်မဆိုင်ဝံ့၍လား၊ သို့မဟုတ် အခြား အကြံအစည်ရှိ၍လား မသိနိုင်တော့ပေ။



သူမ မနေဖြင့် စဉ်းစား၍ ... မရ။

သူတို့လို ကောက်ကျစ်ဆိုးသွမ်းသူများက တိုက်ပွဲတစ်ခုကို လွယ်လွယ် ရှောင်လွဲသွားသည့်အတွက် မိုရှုရီ အံ့သြနေမိသည်မှာ အမှန်ပင် ....

ထိုစဉ် . . .

'ညီမလေး . . .ရှုရီ သွားကြစို့'

လီထိုက်ဟို၏ တိုးညင်းသော အသံ ထွက်ပေါ်လာသည်။

ထိုအခါကျမှ မိုရှုရီကလည်း သတိပြန်ဝင်လာလေတော့သည်။

ထို့နောက် . . .

သူတို့နှစ်ဦး မြင်းကိုယ်စီဖြင့် ခရီးဆက်၍ နှင်လာကြသည်။

မကြာမီ . . .

ထင်းရှူးတောအုပ်ကို လွန်မြောက်ထွက်ကျော် လာခဲ့ကြသည်။

ထင်းရှူးတောအုပ် အပြင်သို့ရောက်သောအခါ ကောင်းကင်ပြင်တွင် ကြယ်များပင် ထွက်ပေါ်နေပေပြီ၊

ကြယ်များက ကောင်းကင်တစ်ပြင်လုံး လင်းလက်နေလေသည်။

သူတို့နှစ်ဦး၏ မြင်းခွာသံများမှအပ ... ဝန်းကျင်တစ်ခွင်လုံးကား တိတ်ဆိတ်ငြိမ်သက်လျက် . .

'အစ်ကို လီထိုက်ဟို'

မိုရှုရိက လှမ်းခေါ်လိုက်သည်။

လီထိုက်ဟိုက ပြန်ပြောလိုက်သည်။

'ညီမလေး ရှုရိ ... အစ်ကိုတို့မှာ အချိန်ဟာအရေးကြီးနေတယ်၊ ခရီး အမြန်နှင်ကြရအောင်'

မိုရှုရိက သူမ သိလိုသောအကြောင်းကိုသာ ဆက်မေးလိုက်သည်။

'အစ်ကိုလီထိုက်ဟို ... သူတို့က ဘာကြောင့် ဆက်မတိုက်တော့ဘဲ ... ထွက်သွားကြတာလဲဟင်'

လီထိုက်ဟိုက ရယ်ပြုံးလျက် ပြောလိုက်သည်။

'ညီမလေး ရှုရိ၊ သူတို့ ခုလို ထွက်သွားတာကို သဘောမကျဘူးလား၊ ညီမလေး ကြည့်ရတာ သူတို့နဲ့ တိုက်ခိုက်ချင်ပုံရတယ်'

ဤတွင် မိုရှုရိက မျက်နှာတစ်ချက်မဲ့လိုက်ကာ . . .

'သူတို့သာ ဆက်တိုက်မယ်ဆိုရင် ကျွန်မအနေနဲ့ သူတို့ကို သိုင်းကွက်သုံးဆယ်လောက်အထိ ဆက်တိုက်နိုင်ပါတယ်၊ ကျွန်မ သူတို့ကို လုံးဝမကြောက်ပါဘူး၊ အစ်ကိုလီထိုက်ဟိုလည်း ရှိနေတယ်မဟုတ်လား၊ ဒါပေမယ့် ကျွန်မ သဘောမပေါက်တာက ကျွန်မတို့ကို တမင်နှောင့်ယှက်ဖို့လာပြီးတော့မှ လွယ်လွယ်နဲ့ နောက်ဆုတ်သွားတာကိုပါ၊ ကြည့်လေ . . သူတို့လူတစ်ယောက် အဆုံးရှုံးခံပြီး ကျွန်မကို လုပ်ကြံခဲ့သေးတယ် မဟုတ်လား'



မိုရှုရိက သူမ သိလိုသည်ကို မေးမြန်းလိုက်သည်။

ထိုအခါ . . .

လီထိုက်ဟိုက ရယ်မောလိုက်ပြီး .... သူ့လက်ဝါးကို ဖြန့်ပြလိုက်သည်။ သူ့မြင်းတိုလည်း အရှိန်လျှော့လိုက်သည်။

မိုရှုရိကလည်း မြင်းကို အလိုက်သင့် အရှိန်လျှော့ရင်း ... လီထိုက်ဟို၏ လက်ထဲမှ ပစ္စည်းကို သေချာစွာ ကြည့်လိုက်သည်။

ထိုအခါ ...

သူ့လက်ထဲတွင် ခေါင်းစီးပဝါရှည်တစ်စကို တွေ့လိုက်ရ၏။ စောစောက လူငါးယောက်အဖွဲ့ အသုံးပြုသော ခေါင်းစည်းပဝါစ ဖြစ်သည်။

ယခုမှပင် .... မိုရှုရိ သဘောပေါက်သွားသည်။

မိုရှုရိက လီထိုက်ဟိုအား တအံ့တဩ မေးလိုက်သည်။

'အို ... အစ်ကို လီထိုက်ဟို ... ဘယ်အချိန်ကများ သူတို့လူတစ်ယောက်ရဲ့ ခေါင်းစည်းပုဝါကို ဖြုတ်ယူနိုင်ခဲ့တာလဲ'

လီထိုက်ဟိုက ... ပြုံးမြဲ ပြုံးနေသည်။

မိုရှုရိမှာ လီထိုက်ဟို၏ လျင်မြန်မှုကို အလွန်အံ့ဩသွားမိသည်။ ထို့ကြောင့်လည်း ... ရန်သူများသည် လီထိုက်ဟိုကို ကြောင်ကျကျ ရင်ဆိုင်တိုက်ခိုက်ရန် ဝန်လေးကြခြင်းဖြစ်သည်ဟု သဘောပေါက်လိုက်သည်။

ထို့နောက် ...

မိုရှရိက ... ဆက်၍ ပြောလိုက်ပြန်သည်။

'အစ်ကိုလီထိုက်ဟိုရဲ့ လျှင်မြန်ဖျတ်လတ်ပုံက အံ့သြလောက်ပါပေတယ်ရှင်၊ အစ်ကိုလီထိုက်ဟိုဟာ .... သူတို့အားလုံးကို အသေတိုက်ခိုက်နိုင်မယ်ဆိုတာ ကျွန်မ ယုံကြည်တယ်၊ အစ်ကိုလီထိုက်ဟိုက သူတို့ကို ဘာဖြစ်လို့ ထွက်သွားခွင့် ပြုလိုက်ရတာလဲ၊ အားလုံးကို သတ်ပစ်လိုက်ရင် ပိုမကောင်းဘူးလား'

လီထိုက်ဟိုကလည်း ... မြင်းကို ရပ်တန့်လိုက်ပြီး မိုရှရိကို မျက်မှောင်ကုပ်၍ကြည့်ကာ ပြောလိုက်၏။

'သူတို့ကို အစ်ကိုက ဘာကြောင့်သတ်ပစ်ရမှာလဲ၊ ညီမလေး အထင်မှားနေပြီ၊ အစ်ကို့ကို လူသတ်သမားလို့ ထင်နေသလား'

မိုရှရိက နာကျည်းသောအသံဖြင့် . . .

'တကယ်တော့ သူတို့တစ်တွေဟာ ကျွန်မတို့ရဲ့ အသက်ကို အန္တရာယ်ပေးဖို့ ကြံစည်နေကြတာမဟုတ်လား၊ စောစောကပဲ သူတို့ဟာ ကျွန်မကိုတောင် မိန်းမကျင့်မိန်းမကြံနဲ့ လုပ်ကြံခဲ့ကြသေးတာပဲ၊ ကျွန်မသာ သတိမထားခဲ့ရင် အခုလို အစ်ကိုလီထိုက်ဟိုနဲ့ လျှူယမ်းမြို့ကို သွားနေနိုင်မှာမဟုတ်တော့ဘူး'

ထိုအခါ . . .

လီထိုက်ဟိုက အေးဆေးစွာဖြင့် . . .

'အခု .... သူတို့လည်း သူတို့လမ်း သူတို့သွားကြပြီပဲ ညီမရှရိရယ်၊ ဘာမှ မကျေမနပ် ဖြစ်မနေပါနဲ့တော့'



မိုရှရိက သက်ပြင်းကို အသာအယာချလိုက်သည်။

'ဩော် . . အစ်ကိုလီထိုက်ဟိုဟာ သူတစ်ပါးက ရန်ပြုတာကိုတောင် သည်းခံနိုင်စွမ်းရှိပါလားနော်'

လီထိုက်ဟိုက အေးဆေးတည်ငြိမ်စွာဖြင့် . . .

'ညီမလေး ရှရိ .. သိုင်းသမားကောင်းတစ်ယောက်ဆိုတာ အရာရာမှာ အတတ်နိုင်ဆုံး သည်းခံမှုထားရမယ်၊ အစ်ကို့ဆရာသမားကလဲ အစ်ကို့ကို ဒီအတိုင်းပဲ မှာထားခဲ့တယ်၊ သိုင်းသမားတွေဟာ ဒေါသတရား ရှေ့မထားရဘူး၊ ဒေါသရှေ့ထားရင် မှားတတ်တယ်ကွဲ့'

မိုရှရိက မြင်းကို ဖြည်းဖြည်းနှင့်မှန်မှန် နှင်နေရင်းမှ လီထိုက်ဟိုအား တစ်ချက်လှည့်ကြည့်ကာ ပြောလိုက်သည်။

'အစ်ကိုလီထိုက်ဟို၊ အစ်ကို့ကို ကျွန်မတို့က ခုလိုချုပ်ကိုင်ပြီး စေခိုင်းဖို့ ကြံစည်ခဲ့တာကို အစ်ကို့အနေနဲ့ လုံးဝ စိတ်မဆိုးဘူးပေါ့နော်'

လီထိုက်ဟိုက သဘောကျစွာ ပြုံးလိုက်ပြီး . .

'မဆိုးပါဘူး၊ ယိုးလင်ဂေဟာသခင်ကြီးဟာ အခုသူ့အမှားကို သူ သိနေပါပြီ၊ သူ ခုလို ကြံစည်လုပ်လိုက်တာဟာ သူ့အတွက်ရော ညီမလေး ရှရိတို့အတွက်ပါ ... ကောင်းကျိုးမပေးတော့ဘူးဆိုတာ သူ သိသွားပါပြီ'

မိုရှရိက ထပ်မံမေးလိုက်ပြန်သည်။

'ကျွန်မရဲ့ အစ်ကိုလတ် မိုချုံးရိကိုရော ... အစ်ကိုလီထိုက်ဟို မမုန်းဘူးလား'

လီထိုက်ဟိုက ပြုံးပြီးပြောလေ၏။

'မမုန်းပါဘူး၊ မိုချုံးရီဟာ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆို တာ အကြောင်းတစ်ခုတော့ ရှိရလိမ့်မယ်'

မိုရှုရီက သက်ပြင်းကိုထပ်၍ ချလိုက်ပြန်သည်။

ပြီးမှ သူမက အနည်းငယ် ပြုံးလိုက်ပြီး. . .

'အစ်ကိုလီထိုက်ဟို .... ကျွန်မကိုလဲ အစ်ကိုမမုန်းဘူးလို့ ပြောမှာပဲနော်'

မမျှော်လင့်သောစကားကြောင့် ... လီထိုက်ဟိုမှာ အလန့် တကြား ဖြစ်သွားလေ၏။

'ဟင် ... ညီမကို အစ်ကိုက ဘာဖြစ်လို့ မုန်းရမှာလဲ'

ပြောရင်း မိုရှုရီကို ကြည့်လိုက်ရာ မိုရှုရီမှာ မလုံမလဲ ပြုံးနေ သည်ကို တွေ့ရသည်။

ထို့ကြောင့် ....

လီထိုက်ဟိုက အနည်းငယ်ပြုံးကာ ... ဆက်၍ ပြောလိုက် လေသည်။

'တကယ်တော့ ညီမဟာ အစ်ကို့စိတ်ထဲမှာ သိပ်ကိုနှစ်သက် စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ၊ တကယ်လို့ ညီမဟာ အစ်ကို့ကို စိတ်ဆိုးအောင်လုပ်ခဲ့ရင်လည်း ... အစ်ကိုက ညီမကို အမြဲတမ်း ခွင့်လွှတ်နေမယ်ဆိုတာ ညီမ ယုံကြည်ထားပါ'

ထိုအခါ . . .



မိုရှုရီမှာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်လိုက်လေတော့သည်။

လီထိုက်ဟိုသည် မိုရှုရီ၏ နှစ်နှစ်ခြိုက်ခြိုက်ပြုံးရယ်မှုကို ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ရခြင်းပင် ဖြစ်သည်။

မိုရှုရီက ပြုံးရယ်နေရင်းမှ ... လီထိုက်ဟိုကို ကြည့်ကာ မေးလိုက်ပြန်သည်။

'အစ်ကိုလီထိုက်ဟို ... ညီမတို့ အခု လျှိုယမ်းမြို့သွားနေတဲ့ ကိစ္စ အောင်မြင်နိုင်ပါ့မလား ... ဟင်'

လီထိုက်ဟိုက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

'အောင်မြင်ဖို့ သေချာပါတယ် ... စိတ်မပူပါနဲ့'

မိုရှုရီက စိုးရိမ်ပူပန်သော အသံဖြင့် ...

'အစ်ကိုလတ်ချုံးရီဟာ ရှေ့ဆက်ပြီး ဘယ်လိုများ မိုက်မိုက် ကန်းကန်းတွေ လုပ်ဦးမလဲ မသိဘူးနော်၊ သူ့ခြေလှမ်းတွေကို ညီမ မခန့်မှန်းတတ်ဘူး'

လီထိုက်ဟိုက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ...

'အင်း . . သူဟာသူ စဉ်းစားမိရင်တော့ ... တဖြည်းဖြည်း သူ့ အမှားကို သူမြင်လာလိမ့်မယ်၊ သူ့လုပ်ရပ်ဟာ မမှန်ကန်ပါဘူး'

ထို့နောက် . . .

မိုရှုရီကလည်း အနည်းငယ် စဉ်းစားလိုက်ပြီး . .

'ဒီကိစ္စတွေပြီးသွားရင် အစ်ကိုလီထိုက်ဟို ဘယ်ကိုသွားမှာ လဲဟင်၊ သိုင်းလောကထဲကို ... ဒီလိုပဲ လျှောက်သွားနေမှာလား'

လီထိုက်ဟိုက မိုရှုရီကို သေချာစွာ ပြန်စိုက်ကြည့်လိုက်ပြီး အေးဆေးစွာ ပြောလိုက်သည်။

'အစ်ကို့မှာ ... ဘယ်ကိုသွားရမလဲ၊ ဘာလုပ်ရမလဲ ဆိုတဲ့ ခရီးစဉ်တော့ မရှိပါဘူး၊ ဒါပေမယ့် ... အစ်ကိုရဲ့ ရည်ရွယ်ချက်အတိုင်း အစ်ကိုဟာ နယ်မြေအနှံ့ လှည့်လည်ပြီး၊ သွားလာနေရလိမ့်ဦးမယ် ထင်ပါတယ်'

မိုရှုရီက၊ လီထိုက်ဟိုကို အတန်ကြာ စိုက်ကြည့်နေရင်းမှ သက်ပြင်းကို အသာချလိုက်သည်။

ပြီးနောက် . . .

တိုးညင်းသောအသံဖြင့် ခေါ်လိုက်သည်။

'အစ်ကို ... လီထိုက်ဟို'

သို့သော် ....

လီထိုက်ဟိုသည် ... မိုရှုရီ၏ ခေါ်သံကိုကြားနေလျက်နှင့် ပြန်၍ မထူးပါ၊

သူသည် .... တစ်စုံတစ်ခုကို အာရုံစိုက်နေသည့်အလား ငြိမ်၍ နားစွင့်နေလိုက်သည်။

လီထိုက်ဟို၏ နားထဲတွင် မြင်းခွာသံအချို့ကို ကြားနေမိပါသည်။ ထိုအသံကို သူနားစိုက်ထောင်နေခြင်း ဖြစ်ပါသည်။

ဤတွင် လီထိုက်ဟိုက စိုးရိမ်လှုပ်ရှားသောအသံဖြင့် ပြောလိုက်သည်။



'ညီမလေး ရှုရီ ... အစ်ကိုတို့ ခရီးကို အမြန်ဆက်ကြရအောင်၊ အခုည ညဉ့်သန်းခေါင် မတိုင်ခင် 'ကျန်း' ဂေဟာကို ရောက်ရင် ပိုကောင်းမယ်'

သူတို့နှစ်ဦးသည် မြင်းကို အမြန်နှင်ခဲ့ကြ၏။

ထမင်းတစ်အိုးကျက်ခန့်အကြာတွင် သူတို့သည် လျူယမ်းမြို့စွန်သို့ ရောက်ရှိခဲ့ကြသည်။

လျူယမ်းမြို့သည် ... တိတ်ဆိတ်သည့် ညအမှောင်ဝယ် ထီးထီးကြီး တည်ရှိနေသည်။

သူတို့သည် မြို့ရိုးရှိရာဘက်သို့ မသွားကြဘဲ ညာဘက်လမ်းသို့ရွေးကာ ဖြတ်ကူးပြီး ခရီးဆက်လက် နှင်လာခဲ့ကြသည်။

ထိုလမ်းဘေးတစ်လျှောက်တွင် ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးမှာ ငြိမ်သက်လျက်ရှိနေသည်။

အတန်ကြာမျှ မြင်းကိုနှင်လာကြပြီးသောအခါ ရှေ့မလှမ်းမကမ်းတွင် ဆိုင်းအုပ်နေသော တောင်တန်းကို တွေ့ကြရသည်။

မိုရှုရီက နှုတ်မှအသံထွက် စကားမပြောနိုင်ဘဲ လက်ညှိုးညွှန်ပြလိုက်သည်။

'ကျန်း' ဂေဟာသည် ထိုတောင်တန်း အတွင်းတွင်ရှိသည်ဟူသော သဘောပင်ဖြစ်သည်။

လီထိုက်ဟိုက သဘောပေါက်သွားဟန်ဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

ထို့နောက် . . .

ခရီး ဆက်လက်နှင်လာကြရာ၊ မကြာမီ တောင်တန်းတစ်ခု အနီးသို့ ချဉ်းကပ်လာမိကြသည်။

တဖြည်းဖြည်းနှင့် သူတို့နှစ်ဦးမှာ ... တောအုပ်အတွင်းသို့ ရောက်ရှိလာကြ၏။

ဤတွင် ....

ထီးထီးမားမားဖြင့် ငြိမ်သက်စွာ တည်ရှိနေသော ကျွန်း အိမ်ဂေဟာကြီး၏ ခေါင်မိုးကို လှမ်းမြင်လိုက်ကြရတော့၏။

❖❖❖❖❖



ညဏ်အမှောင်ထုကား ... နက်ရှိုင်းလွန်းလှ၏။

လီထိုက်ဟိုနှင့် မိုရှရိတို့သည် ... မိမိတို့ အလာခရီးလမ်းမှာ ပန်းတိုင်သို့ ရောက်ပြီဟု သဘောပေါက်လိုက်ကြသည်။

အကြောင်းမှာ ...

'ကျွန်း' အိမ်ဂေဟာကြီးကို လရောင်မှိန်ပျပျအောက်တွင် မှေးမှိန်စွာ မြင်လိုက်ရခြင်းဖြစ်ပါသည်။

အိမ်ကြီးမှာ လရောင်အောက်တွင် ထီးထီးကြီး တည်ရှိနေသည်။

ဝန်းကျင်တစ်ခွင်တွင် မည်သည့်အိမ်မျှမရှိပဲ သစ်ပင်များသာ အုပ်ဆိုင်းလျက်ရှိနေသည်။

ထို့ကြောင့် . . .

'ကျွန်း' ဂေဟာအိမ်ကြီးသည် အထီးကျန်နိုင်ခြင်းပင်ဖြစ်သည်။

ထို့အပြင် ...

အိမ်ကြီးနှင့် အနီးတစ်ဝိုက်၌ .... သက်ရှိလှုပ်ရှားမှု တစ်ခု တစ်ရာ မတွေ့ရပေ။

ဝန်းကျင်တစ်ခွင်၌ တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးလျက်ရှိ နေသည်။

သူတို့က ... မြင်းကို အရှိန်လျှော့လိုက်ကြသည်။

ထိုအခိုက် ...

မိုရှရိက လီထိုက်ဟိုကို လေသံတိုးတိုးဖြင့် မေးလိုက်လေသည်။ ဤပတ်ဝန်းကျင်နှင့် အခြေအနေမျိုး၌ လေသံတိုးတိုးသာ ပြောသင့်ကြောင်း သူမ ... သိသည်။

'ညီမတို့ ကျန်းဂေဟာထဲကို ဘယ်လိုဝင်ကြမလဲ၊ ပြောဝင်မလား၊ တိတ်တဆိတ်ဝင်ပြီး ဂူဟောင်းကို ရှာကြမလား'

ထိုအခါ . . .

လီထိုက်ဟိုကလည်း မိုရှရိကြားနိုင်ရုံသာ အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

'အစ်ကိုက အလုပ်လုပ်ရင် ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် မလုပ်တတ်ဘူး၊ ဒီတော့ အစ်ကို့ အနေနဲ့ ပထမဆုံး ကျန်းဂေဟာ သခင်ကြီးကိုဝင်တွေ့မယ်၊ ပြီးတော့ လာရင်းကိစ္စကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး အကူအညီတောင်းမယ်၊ သူ့ခွင့်ပြုချက်ရမှပဲ သချိုင်းဂူဟောင်းနေရာကို ရှာမယ်'



လီထိုက်ဟို၏အသံသည် တိုးညင်းလှသော်လည်း စကားကတော့ တိကျပြတ်သားသည်။

သူ၏ ပြောင်ပြုလုပ်တတ်သော အမူအကျင့်ကို မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြလေ၏။

သူက ....

'အင်း ... သချိုင်းဟောင်းနေရာကို ရှာမယ်လို့သာ ပြောရတာ ... တွေ့ဖို့ကလည်း တကယ်မလွယ်ပါဘူး'

မိုရှရိက ....

'အဲလိုဆိုရင် ... ဘယ်လိုလုပ်မလဲဟင်'

လီထိုက်ဟိုက . .

'အဲဒါ ပြောတာပေါ့၊ ကျန်းသခင်ကြီးကို ဝင်တွေ့ပြီး အကျိုးအကြောင်း ပြောပြတော့မှ ကျန်းသခင်ကြီးက ရှာပေးမှာပေါ့၊ အဲဒီနေရာကို သူကိုယ်တိုင် ရှာမှရမယ်၊ သူတစ်ယောက်ပဲ ခန့်မှန်းနိုင်မယ်၊ အစ်ကိုတို့ လိုက်ရှာလို့ကတော့ ကောက်ရိုးပုံထဲက အပ်ကိုရှာသလို ဖြစ်နေမှာပဲ၊ သချိုင်းဟောင်း မြေနေရာဟာ အခုဆိုရင် ပျောက်သလောက် ဖြစ်နေပြီပေါ့၊ အစ်ကိုတို့ ဘယ်မှာလိုက်ရှာလို့ရနိုင်ပါ့မလဲ'

မိုရှရိက လီထိုက်ဟိုကို လေးစားစွာစိုက်ကြည့်ကာ . .

'အင်း ... ကျန်းဂေဟာ သခင်ကြီးက ညီမတို့ကို အလွယ်တကူ ကူညီပါစေလို့တော့ ဆုတောင်းနေရတော့မှာပဲ'

လီထိုက်ဟိုက မိုရှုရိအား အသေအချာ ကြည့်လိုက်ပြီး . .

'ညီမလေး ရှုရိ၊ အစ်ကိုတို့ဟာ မိုပိုက်ရိရဲ့ အသက်အန္တရာယ်အတွက် သိုင်းဂိုဏ်းပေါင်းစုံရဲ့ လျှို့ဝှက်သိုင်းကွက်တွေပါတဲ့ စာအုပ်ကို လာရှာတာပဲ၊ အဲဒီတော့ မတော်တဆ အန္တရာယ်တစ်စုံတစ်ခုနဲ့ ကြုံလာခဲ့ရင် ညီမလေး ရှုရိအနေနဲ့ စိတ်စောပြီး ဒေါသအလျောက် မလုပ်မိဖို့ သတိထားပါ၊ သူတစ်ပါးရဲ့အသက်ကို အန္တရာယ်မပြုဘူးလို့ ခုကတည်းက ကတိပေးပါ'

မိုရှုရိက ဦးခေါင်းကိုညိတ်ပြရင်း . . .

'ကတိပေးပါတယ် ... အစ်ကို လီထိုက်ဟို စိတ်ချပါ၊ ကျွန်မစိတ်လိုက်မာန်ပါ မလုပ်ပါဘူး'

လီထိုက်ဟိုက ယုံကြည်စိတ်ချသွားသလို မြင်းကိုဆက်ပြီးနှင်လာသည်။

သူတို့သည် 'ကျွန်း' ဂေဟာသို့ သွားရာ မြေနီလမ်းကလေးအတိုင်း ဦးတည်ကာ စီးလာခဲ့၏။

မကြာမီ . .

ကျွန်းဂေဟာအဝင်ဝတွင် ... ထွန်းညှိထားသော မီးတိုင်နှစ်တိုင်ကိုတွေ့လိုက်ကြရသည်။

ထို့နောက် ... ခြံဝင်းတံခါးဝအနီးသို့ ရောက်လာသည်။

ခြံဝင်းတံခါးဝရှေ့သို့ ရောက်သောအခါ လီထိုက်ဟိုနှင့် မိုရှုရိတို့ နှစ်ဦးစလုံး မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းလိုက်ကြသည်။



ပြီးနောက် . . .

ခြံဝင်းတံခါးကို ဆွဲလှုပ်လိုက်ကြလေ၏။

'ကျောင်း . . ဂျလောင်း . . ကျောင်း'

ခြံဝင်းတံခါးမကြီးမှာ ... ဆေးအနီရဲရဲ သုတ်ထားသဖြင့်ထည်ဝါလှ၏။

ယင်းခြံဝင်းထဲတွင် မီးအိမ်ပျပျတစ်လုံး ထွန်းထားသည်မှအပ မှောင်မည်းနေသည်။

တောအုပ်ကလေးနှင့်အပြိုင် တိတ်ဆိတ်လျက်လည်း ရှိနေပေသည်။

တံခါးစောင့်သည် နိုးနိုးကြားကြားရှိနေဟန်တူသည်။

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင် ခြံဝင်းတံခါးသည်ချက်ချင်းပွင့်လာသည်။

လူတစ်ယောက်သည် လက်ထဲတွင်မီးပုံးအိမ်တစ်လုံးကိုကိုင်လျက် တံခါးကြားမှပေါ်လာသည်။

သူ၏နောက်တွင် ကျွန်း ဂေဟာအစေအပါးနှင့်တူဟန်ရှိသောလူငါးယောက်က သူ၏နောက်တွင် ရပ်နေသည်။

သူတို့၏လက်ထဲတွင် ဓားလှံလက်နက်များကို ကိုင်ဆောင်ထားသည်။

ထို့ပြင် .....

သူတို့၏မျက်နှာများက ဟန်မူရာကင်းမဲ့လျက် ရှိနေ၏။

လီထိုက်ဟိုက အစောင့်များအား တစ်ချက်ဝေ့ကြည့်ကာ ရှေ့မှလူအား တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။

'ကျွန်တော်တို့ဟာ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ကျန်းဂေဟာ သခင်ကြီးကိုတွေ့ဖို့ ရပ်ဝေးကလာကြတဲ့ ဧည့်သည်တွေပါ၊ ကျန်းဂေဟာ သခင်ကြီးကို ကျွန်တော်တို့တွေ့ဆုံပြီး အကူအညီတောင်းလိုပါတယ်၊ ကျေးဇူးပြုပြီး ကျန်း ဂေဟာသခင်ကြီးဆီ အကြောင်းကြားပေးပါ၊ ကျွန်တော့်နာမည် လီထိုက်ဟိုလို့ ပြောပြပေးပါလို့ မေတ္တာရပ်ခံပါတယ်'

ထိုအခါ . . .

တံခါးစောင့်က မျက်ရိပ်ပြလိုက်ရာ ... သူ့နောက်မှ အဖော်တစ်ယောက်သည် သုတ်သုတ်ပျာပျာဖြင့် .... အိမ်ဂေဟာဘက်သို့ အပြေးထွက်သွားသည်။

ဂေဟာအစောင့်များမှာ .... ကျန်း နဲ့ လီ နှစ်ဂေဟာတိုက်ပွဲကတည်းက ... လီထိုက်ဟိုကို ကောင်းစွာတွေ့ဖူးပြီး မှတ်မိနေကြသည်။ မိုရှုရီကိုမူ .... မှတ်မိသလို မမှတ်မိသလို ဖြစ်နေကြသည်။

ထို့အပြင် . . .

သူတို့က လီထိုက်ဟိုအား ကြည်ညိုလေးစားခဲ့ကြသည်။

ထို့ကြောင့် . . .

လီထိုက်ဟိုအား ရည်မွန်စွာပြောဆိုပြီး ခေတ္တစောင့်နိုင်းထားသည်။



တံခါးစောင့်က ....

'ကျွန်တော်တို့သခင်ကြီးဆီကို လူလွှတ်ပြီး အကြောင်းကြားနိုင်းလိုက်ပါပြီ'

လေးစားစွာ ပြောလိုက်သည်။

လီထိုက်ဟိုက ... ကျေးဇူးတင်ကြောင်း ပြောပြီး မိုရှုရီနှင့်အတူ ခေတ္တစောင့်နေလိုက်သည်။

မကြာမီ . . .

'ကျန်း' ဂေဟာအတွင်းမှ ... အဘိုးအိုတစ်ယောက်သည် ခပ်သုတ်သုတ် ထွက်လာသည်ကိုတွေ့ရသည်။

အဘိုးအို ဝတ်ဆင်ထားသည့် အဝတ်အစားကို ကြည့်ခြင်းအားဖြင့် ကျန်း ဂေဟာသခင်ကြီးဖြစ်ကြောင်း လီထိုက်ဟိုအနေဖြင့် ခန့်မှန်း၍ ရနိုင်သည်။

မှန်ပါသည်။ လီထိုက်ဟို ခန့်မှန်းသကဲ့သို့ ထိုအဘိုးအိုမှာ ကျန်းဂေဟာ၏အရှင်သခင်ကြီး 'ကျန်းရှိရဲ' ပင် ဖြစ်ပါတော့သည်။

ကျန်းရှိရဲ သည် လီထိုက်ဟိုလာသည်ဟု သိလိုက်ရသည်နှင့် အိပ်ရာမှ ချက်ချင်းထကာ အဝတ်လဲပြီး လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူသည် ... လီထိုက်ဟိုအား အမှန်တကယ်ပင် တွေ့ဆုံချင်နေသောကြောင့်ပေတည်း။

တကယ်တော့ . .

လီထိုက်ဟိုသည် နှစ်ပေါင်းကြာမြင့်စွာ ဖြစ်ပွားခဲ့သော 'ကျန်း' နဲ့ 'လီ'နှစ်ဂေဟာ၏ တိုက်ခိုက်ပွဲကြီးကို ဖျန်ဖြေပေးခဲ့သည့် သိုင်းသမားတစ်ယောက်ပင် မဟုတ်ပါလား။ ငြိမ်းချမ်းရေး လိုလားသူ မဟုတ်ပါလား။

လီထိုက်ဟိုအား တွေ့လိုက်သည်နှင့် ကျန်းရှိရဲသည် ဦးစွာ လက်ဖမိုးယှက် အရိုအသေပေးလိုက်သည်။

ထို့နောက် ...

သူက ... ဝမ်းသာသောအသံဖြင့် ကြိုဆိုလိုက်သည်။

'အခုလို မမျှော်လင့်တဲ့အချိန်မှာ လီထိုက်ဟို ကျုပ်တို့ဂေဟာကို အလည်အပတ် ရောက်လာခဲ့တဲ့အတွက် ကျုပ်အနေနဲ့အထူးပဲ ဝမ်းသာပါတယ်၊ ဧည့်သည်တော်ကြီးနှစ်ဦး ဂေဟာထဲကို ကြွကြွပါလို့ ဖိတ်ခေါ်ပါတယ်'

လီထိုက်ဟိုကလည်း လက်ဖမိုးယှက်ကာ အရိုအသေပြန်ပေးလိုက်ပြီး ... တောင်းပန်သည့်အနေဖြင့် ပြန်လည်ပြောဆိုလိုက်သည်။

ခုလို ညဥ့်နက်သန်းခေါင်အချိန်မှာ သခင်ကြီး အိပ်နေတာကို အနှောင့်အယှက်ပြုမိသလို လာရောက်ခဲ့မိတဲ့အတွက် ခွင့်လွှတ်ဖို့ သခင်ကြီးကို အထူးပဲ တောင်းပန်ပါတယ်၊ မလာမဖြစ်တဲ့ကိစ္စကြောင့် ဘာခံရပေမယ့် သခင်ကြီးကို အထူးပဲအားနာလှပါတယ်'



အဘိုးအို ကျန်းရှိရဲ ၏ ပြုံးနေသောမျက်နှာက အပြုံးလုံးဝ မပျက်ဘဲ ပြန်ပြောလိုက်သည်။

'အို . .ကိစ္စမရှိပါဘူး လီထိုက်ဟို၊ ဒီအတွက် အားနာမနေပါနဲ့၊ ကဲ ... အိမ်ဂေဟာကို ကြွကြွပါ'

ပြောပြောဆိုဆို 'ကျန်းရှိရဲ'သည် ရှေ့မှ ဦးဆောင်ကာ ကျန်းဂေဟာ၏ ခန်းမဆောင်အတွင်းသို့ လီထိုက်ဟိုတို့နှစ်ဦးအား ခေါ်ဆောင်သွားလေတော့သည်။

❖❖❖❖❖

'ကျန်း' ဂေဟာ၏ ညှော်ခန်းမ ...

လီထိုက်ဟိုတို့နှစ်ဦးမှာ အဘိုးအို ကျန်းရှိရဲနှင့်အတူ ကျန်းဂေဟာ ညှော်ခန်းမသို့ ရောက်ရှိလာသည်။

လီထိုက်ဟိုက ညှော်ခန်းမကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။

ကျန်းဂေဟာ၏ ညှော်ခန်းမသည် ကျယ်ဝန်းပြီး သေသပ်ခန့်ညားလှပေသည်။

ဖယောင်းတိုင်ကြီးများကို နံရံတွင်ကပ်၍ ထိန်လင်းနေအောင် ထွန်းညှိထားသည်။

လီထိုက်ဟိုတို့ကို ကျန်းရှိရဲက အရက်နှင့်အမြည်းတို့ဖြင့် စားပွဲဝိုင်းတစ်ခုတွင် တည်ခင်းဧည့်ခံသည်။

ကျန်းရှိရဲသည် သူ၏မုတ်ဆိတ်မွေးဖြူဖြူကိုလက်ဖြင့် ပွတ်သပ်ရင်း လီထိုက်ဟိုနှင့် မိုရှုရိတို့ကို ပြုံးပြကာ ပြောလိုက်သည်။



'လီထိုက်ဟိုဟာ .... ကျုပ်တို့ 'ကျန်း' နဲ့ 'လီ' နှစ်ဂေဟာရဲ့ ကျေးဇူးရှင်ကြီးပါပဲ၊ ကျုပ်ကလည်း လီထိုက်ဟိုကို တွေ့ချင်နေတာ ဘယ်မှာ လိုက်ရှာရမယ်မှန်းမသိလို့ပဲ၊ စောစောက ... လီထိုက်ဟို ရောက်နေတယ်လို့ သတင်းပို့လိုက်ရော၊ ကျုပ်သိပ်ဝမ်းသာသွားမိတယ်'

ကျန်းရှိရဲသည် စကားဆုံးသည်နှင့် မိုရှုရိဘက်သို့ လှည့်ကြည့်လိုက်သည်။ မှတ်မိသလို ... မမှတ်မိသလို ဖြစ်နေ၍ ခဏမျှ စိုက်ကြည့်လိုက်သည်။

ပြီးနောက် ... အံ့ဩသင့်သွားဟန်ဖြင့် . . .

'အို ... ဒီမိန်းကလေးဟာ'

မိုရှုရိက ပြုံးရယ်ကာ ကြားဖြတ်ပြောလိုက်၏။

'ကျွန်မ မိုရှုရိပါ ... တိုက်ခိုက်ပွဲတုန်းက လိုက်ပါခဲ့တဲ့သူပါ'

ထိုအခါ . . .

ကျန်းရှိရဲက ဝမ်းသာအားရ ရယ်မောလိုက်သည်။

ထို့နောက် . . .

ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

'လီထိုက်ဟိုတို့ ခုလိုရောက်လာတာဟာ အလည်အပတ်သက်သက်ပဲလား၊ ဒီအပြင် တခြားအရေးကြီးကိစ္စများ ရှိနေသလား၊ ကိစ္စထူးရှိရင်လည်း အားမနာပါနဲ့၊ ပြောသာပြောပါ၊ ကျုပ်အတတ်နိုင်ဆုံး ကူညီပါ့မယ်'

ထို့နောက် . . .

ကျန်းရှိရဲက ပြောပြောဆိုဆိုဖြင့် လီထိုက်ဟိုကို အကဲခတ်သလို စိုက်ကြည့်နေသည်။

လီထိုက်ဟိုထံမှ ပြောလာမည့်စကားကို သူ့အနေနှင့် ငံ့လင့်နေသည်။

လီထိုက်ဟိုသည် သူ၏ကိုယ်ခန္ဓာကို ပြင်ထိုင်လိုက်သည်၊

သူသည် မိုရှုရိအား ဖြတ်ကနဲတစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် ကျန်းရှိရဲမျက်နှာကို တစ်ဖန် ပြန်ကြည့်လိုက်ပြန်သည်။

အကဲခတ်လိုက်၏။

သို့သော် . . .

ကျန်းရှိရဲကမူ လီထိုက်ဟိုကို ပြုံးရယ်လျက်သာ ကြည့်နေလေသည်။

ယခု လီထိုက်ဟို၏ရင်ထဲတွင် အနည်းငယ် ပေါ့ပါးသွားသည်။ သူရင်ဆိုင်ရမည့်သူသည် သူ့အား လိုလားနှစ်သက်နေကြောင်း တွေ့ရသဖြင့် သူပျော်သွား၏။

ကျန်းရှိရဲသည် သူ့ကိစ္စအား ရောရောရှုရှု ခွင့်ပြုလိုက်လျှောနိုင်မယ်လို့မည်ဟု မျှော်လင့်မိသည်။

အတန်ကြာမှ . . .

လီထိုက်ဟိုသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် စတင်ပြောဆိုလိုက်သည်။



'သခင်ကြီးခင်ဗျား၊ ကျွန်တော့မှာ အရေးကြီးတဲ့ကိစ္စတစ်ရပ်နဲ့ရင်ဆိုင်နေရပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သခင်ကြီးဆီမှာ အကူအညီတောင်းချင်ပါတယ်၊ သခင်ကြီးအနေနဲ့ ကျွန်တော့ကိုကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

မိုရှုရိကလည်း ကျန်းရှိရဲကို မျှော်လင့်ချက်ဖြင့် ကြည့်နေ၏။

သို့နှင့် . . .

ကျန်းရှိရဲက ပြုံးရယ်ကာ ... ပြန်ပြောလိုက်သည်။

'လီထိုက်ဟိုကို ... စောစောက ကျုပ်ပြောထားပြီးပြီပဲ၊ ဘာကိစ္စပဲဖြစ်ဖြစ် ပြောသာပြောပါ၊ ကျုပ် တတ်နိုင်တဲ့ကိစ္စဆိုရင် ခင်ဗျားကို ကူညီဖို့ ဝန်မလေးပါဘူး'

လီထိုက်ဟိုက ... ကျန်းရှိရဲအား လက်ဖမိုးယုက်ကာ အရိုအသေပေးပြီး၊ ကျေးဇူးတင်စကား ပြောလိုက်သည်။

'ကျွန်တော် ပထမဆုံး သခင်ကြီးကို သိချင်တာလေးတွေ နည်းနည်းမေးပါရစေဗျာ'

ထိုအခါ . . .

ကျန်းရှိရဲက ပြုံးရယ်ကာ ခေါင်းညိတ်ပြလိုက်ရင်း ...

'မေးပါ ... မေးပါ ... ဘာများမေးချင်လို့လဲ'

လီထိုက်ဟိုက ကျေးဇူးတင်စွာဖြင့် ပြုံးပြလိုက်ပြီး ...

'သခင်ကြီးတို့ရဲ့ ဒီ 'ကျန်း' ဂေဟာ ဟာ၊ ဒီနေရာမှာ တည်ရှိခဲ့တာ နှစ်ပေါင်းဘယ်လောက်ကြာခဲ့ပြီလဲဆိုတာ သိချင်ပါတယ်'

ကျန်းရှိရဲက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ပြန်ပြောလိုက်သည်။

'အင်း ... ကျုပ်လက်ထက်အထိ ဆိုရင်တော့ အိမ်ရှင် သခင်ကြီး ငါးဆက် ရှိသွားပြီပေါ့၊ ကျုပ်တို့ အဘိုးရဲ့ အဘိုးဟာ ဒီလျူယမ်မြို့ကို ရောက်လာတဲ့အခါမှာ အင်မတန်ဆင်းရဲလှပါတယ်၊ ဒါပေမယ့် သူတော်ကောင်းတစ်ယောက်က .... သူ့ကိုကြည့်ပြီး သနားတာနဲ့ ဒီနေရာမှာ လယ်မြေတစ်ကွက် ပေးခဲ့တယ်၊ ကျုပ်အဘိုးရဲ့အဘိုးဟာ ဒီလယ်မြေကွက်လေးကို ကြိုးစားထွန်ယက်ပြီး စိုက်ပျိုးတယ်၊ ဒီလိုနဲ့ တဖြည်းဖြည်း ... လယ်ရှင်ကလေးတစ်ယောက် ဖြစ်လာတယ်၊ ဒီလိုနဲ့ နောက်ဆုံး .... ကျန်းဂေဟာ မိသားစုဟာ တဖြည်းဖြည်း ချမ်းသာလာခဲ့တယ်'

ကျန်းရှိရဲက စကားကိုခေတ္တရပ်လိုက်ပြီး၊ အရက်ခွက်ကို ယူကာ မော့သောက်လိုက်သည်။

ပြီးမှ .. ဆက်ပြောပြန်သည်။ လီထိုက်ဟိုတို့က ... စိတ်ဝင်တစားဖြင့် နားထောင်နေကြသည်။

'ဒီလိုနဲ့ ... ကျုပ်လက်ထဲရောက်ရော ... ကျုပ်မိဘ ဘိုးစဉ်ဘောင်ဆက်က ကျန်ခဲ့တဲ့ပစ္စည်းဥစ္စာနဲ့ လယ်မြေတွေဟာ ကျုပ်နှစ်သက်၊ သုံးသက် သုံးစွဲလို့ မကုန်အောင် ဖြစ်လာခဲ့တယ်၊ ဒါပေမယ့် ကျုပ်တို့ ကျန်းဂေဟာနဲ့ ... ချောင်းအောက်ပိုင်းက လီဂေဟာနဲ့ ပြိုင်ဘက် ဖြစ်ခဲ့တယ်၊ ကျုပ် မိဘ လက်ထက်ကစပြီး .. သင့်မြတ်ခြင်း



မရှိခဲ့ကြဘူး၊ နှစ်စဉ် ချောင်းရေလုပွဲကြီးကို ဆင်နွှဲရတဲ့အထိ ဖြစ်လာရတယ်၊ ကျုပ်တို့မျိုးနွယ်တွေနဲ့ ... တပည့်လက်သားတွေ နှစ်စဉ်ပဲ ကျဆုံးခဲ့ရတယ်'

လီထိုက်ဟိုက သက်ပြင်းကို အသာချလိုက်ပြီး၊ မေးခွန်းတစ်ခုကို ထပ်မေးလိုက်ပြန်သည်။

'သခင်ကြီး ... သခင်ကြီးရဲ့ အဘိုးကို လယ်မြေတစ်ကွက် ပေးခဲ့တဲ့သူတော်ကောင်းကြီးဆိုတာ ဘယ်သူများပါလိမ့်၊ သူ့နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ'

ထိုအခါ . .

ကျန်းဂေဟာသခင်ကြီးက ခဏမျှစဉ်းစားကြည့်ပြီးနောက် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

'အဲဒီပုဂ္ဂိုလ်ဟာ ဟိုတစ်ချိန်ကအကြီးအကျယ် မမာမကျန်းဖြစ်လို့ ကျုပ်အဘိုးက ... စောင့်ရှောက်ခဲ့ရတယ်ဆိုပဲ၊ နောက်တော့ သူဟာ ကျန်းဂေဟာမှာပဲ ဆုံးသွားခဲ့တယ်၊ သူ့နာမည်ကိုတော့ ကျုပ်လဲ မသိခဲ့ရဘူး၊ ဒါပေမယ့် ... ကျုပ်အဘိုးဟာ နှစ်စဉ်နှစ်သစ်ကူးအကြိုနေ့နဲ့ တန်ဆောင်ကြီးကန်တော့ပွဲနေ့တွေမှာ သူ့ကိုရည်စူးပြီး အသားဟင်း၊ ငါးဟင်းတွေနဲ့ အကြီးအကျယ် ပူဇော်ကန်တော့လေ့ရှိတယ်၊ ဒါကြောင့်မို့လို့ အခုကျုပ်ရဲ့လက်ထက်တိုင်အောင် ဒီအတိုင်းပဲ ပူဇော်ကန်တော့နေရတယ်'

ဟု ရှင်းပြလိုက်သည်။

ထိုစဉ် ....

လီထိုက်ဟိုက တစ်စုံတစ်ခုကို စဉ်းစားမိပြီး ... ရုတ်တရက် အလျင်စလို ဝင်မေးလိုက်သည်။

'သခင်ကြီးတို့ သူ့သချိုင်းဂူရှေ့မှာသွားပြီး ကန်တော့ကြရတာပေါ့ ... ဟုတ်လား'

ကျန်းရှိရဲက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ထို့နောက် တည်ကြည်စွာဖြင့် ....

'ဟုတ်ပါတယ်၊ သူတော်ကောင်း ကျေးဇူးရှင်ကြီးကို သူ့ရဲ့ဆန္ဒအတိုင်း ကျုပ်တို့ 'ကျန်း'ဂေဟာရဲ့အနောက်ဘက်မှာရှိတဲ့ ဥယျာဉ်ခြံဝင်းကြီးထောင့်မှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးဟာ သူ့ကို ဂူမသွင်းရဘူး၊ နာမည်ကမ္ပည်းစာတိုင် မစိုက်ထူရဘူးလို့ မှာခဲ့ဟဲ့အတွက် မြေပြင်နဲ့အညီအတိုင်း ... သူ့ကိုမြှုပ်နှံခဲ့ကြပါတယ်'

ဟု တည်နေရာကို တိကျစွာ ပြောကြားလိုက်သည်။

ထိုအခါ ....

လီထိုက်ဟိုက မိုရှုရိကို ... ဝမ်းသာအားရ လှမ်းကြည့်လိုက်မိသည်။သူတို့လာရင်းကိစ္စ အောင်မြင်ပေတော့မည်။ အဓိကကျသော သဲလွန်စကို သူတို့ဆုပ်ကိုင်မိကြပြီ မဟုတ်ပါလား။

မိုရှုရိ၏ မျက်နှာတွင်လည်း ဝမ်းသာမှုကြောင့် ရွှင်ပျလျက် ရှိနေလေ၏။



ထို့နောက် ...

မိုရှုရိက မအောင့်အီးနိုင်တော့ဘဲ ကြားဖြတ်ကာ ဝင်မေးလိုက်သည်။

'ဒါဆို ... အဲဒီပုဂ္ဂိုလ်ကြီးရဲ့ သင်္ချိုင်းမြေနေရာကို သေသေချာချာ မှတ်မိနိုင်ပါဦးမလား၊ မူလကတည်းက မြေပြင်နဲ့တစ်ညီတည်းရှိခဲ့တဲ့အပြင် နှစ်ပေါင်းများစွာလဲ ကြာမြင့်လာခဲ့ပြီမို့ သခင်ကြီးတို့ အဲဒီနေရာကို မှတ်သားသိရှိနိုင်ပါ့မလား'

ကျန်းရှိရဲက အရက်ခွက်ကိုယူကာ အနည်းငယ်မော့သောက်လိုက်ရင်း တဒင်္ဂမျှ နားလိုက်သည်။ ထို့နောက် သူ့မအား တစ်ချက်ကြည့်လိုက်ကာ ....

'ကျုပ်အဘိုးဟာ ... နောက်ပိုင်းမှာ စိုးရိမ်စိတ် ဝင်လာမိခဲ့တယ်၊ အဲဒါ ဘာလဲဆိုတော့ ... နှစ်ပေါင်းများစွာ ကြာမြင့်လာတဲ့အခါ သားစဉ်မြေးဆက်တွေတိုင်အောင် ပူဇော်ကန်တော့ဖို့ မြေနေရာကို မမှတ်မိမှာစိုးလို့ပဲ၊ ဒါကြောင့် ကျုပ်တို့အဘိုးဟာ သင်္ချိုင်းမြေပုံရဲ့ ခေါင်းရင်းတည့်တည့်မှာ ... ကျန်းဂေဟာ တည်ဆောက်ပြီးစီးခဲ့တဲ့ ခုနှစ်နှစ်မြောက် အထိမ်းအမှတ် ကျောက်တိုင်လေးတစ်တိုင် စိုက်ထူခဲ့ပါတယ်၊ အဲဒါနဲ့ ... ကျုပ်တို့ သားစဉ်မြေးဆက်တွေဟာ နှစ်စဉ် အဲဒီကျောက်တိုင်လေးရှေ့မှာပဲ .... ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးကို ရည်စူးပြီး ... ပူဇော်ကန်တော့ခဲ့ကြရတယ်'

ဟု သေသေချာချာ ရှင်းပြလိုက်သည်။

ထိုစဉ် ...

လီထိုက်ဟိုသည် ထိုင်ရာမှရုတ်တရက် ထရပ်လိုက်မိပြီး ကျန်းဂေဟာ အရှင်သခင်ကြီးကို လက်ဖမိုးယှက် အရိုအသေပေး လိုက်လေ၏။

ထို့နောက် . . .

'ကျန်းဂေဟာ သခင်ကြီးခင်ဗျာ .... ကျွန်တော် အဲဒီပုဂ္ဂိုလ် ရဲ့သချိုင်းနေရာဟောင်းကို .... ကြည့်ချင်ပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို လိုက်ပြပေးပါလား'

ဟု ပြောလိုက်သည်။

မမျှော်လင့်သော စကားကြောင့် ကျန်းရှိရဲသည် ပထမတွင် တအံ့တဩ ဖြစ်သွားလေတော့သည်။

နောက်မှ သူက လီထိုက်ဟိုအား စိုက်ကြည့်ကာ မေးလိုက် သည်။

'ခင်ဗျား .... အခုပဲ သွားကြည့်ချင်တာလား'

ထိုအခါ . . .

လီထိုက်ဟိုက ချက်ချင်းပင် ဦးခေါင်းကိုညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့ ကြည့်ချင်ပါတယ်၊ ကျွန်တော့မှာ အဲဒီသချိုင်း မြေနေရာဟောင်းနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စတရပ်ရှိနေပါ တယ်၊ အကြောင်းစုံကိုတော့ နောက်မှအေးအေးဆေးဆေး ပြောပါ ရစေ၊ ဖြစ်နိုင်မယ်ဆိုရင် သခင်ကြီးကိုယ်တိုင် လိုက်ပြစေချင်ပါတယ်'



ထို့နောက် . .

ကျန်းဂေဟာ သခင်ကြီး ကျန်းရှိရဲသည် ထိုင်နေရာမှ ထ လိုက်ပြီး ...

'ပြပါ့မယ်ဗျာ၊ ကျုပ်ပြောခဲ့ပြီးပြီပဲ၊ ခင်ဗျားအတွက်သာဆို ရင် ကျုပ်တတ်နိုင်သလောက် ကူညီပေးပါ့မယ်လို့၊ ကဲလိုက်ခဲ့ကြပါ၊ ကျုပ်တို့ အခုပဲ သွားကြရအောင်'

ကျန်းရှိရဲသည် လီထိုက်ဟိုနှင့် မိုရှုရိတို့ကို ရှေ့မှဦးဆောင် ကာ အစေအပါး တပည့်များနှင့်အတူ အနောက်ဘက်ဥယျာဉ်ခြံဝင်း ထဲသို့ ထွက်ခဲ့ကြတော့သည်။

❖❖❖❖❖

## အခန်း (၁၅)

### လှစွမ်း ဓါးစွမ်း

အနောက်ဘက်ဥယျာဉ်ခြံဝင်း ....

လီထိုက်ဟိုနှင့် မိုရှုရိတို့သည် ကျန်းရှိရဲ၏ ဦးဆောင်မှုဖြင့် အနောက်ဘက် ဥယျာဉ်ခြံဝင်းသို့ ရောက်လာခဲ့၏။

လမ်းလျှောက်နေစဉ် ... မည်သူမျှ စကားပြောဆိုခြင်း မပြုကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာကြသည်။

အနောက်ဘက် ဥယျာဉ်ခြံသည် ကျန်းဂေဟာဆောင်နှင့် အတန်ငယ်အလှမ်းဝေးသည်။

သူတို့ အတန်ငယ် လျှောက်လာကြပြီးသောအခါ မြေပြင်ပေါ်တွင် စိုက်ထူထားသော ကျောက်တိုင်လေးတစ်တိုင်အနီးသို့ ရောက်ရှိလာကြသည်။



ကျန်းရှိရဲက ကျောက်တိုင်အနီးတွင် ရပ်လိုက်ပြီး . .

'ဟောဒီနေရာပဲ'

လက်ညှိုးညွှန်ပြပြီး ပြောဆိုလိုက်သည်။

ကျန်းရှိရဲ လက်ညှိုးထိုးပြသောနေရာမှာ ကျောက်တိုင်၏ အနောက်ဘက် မြေညီညီနေရာပင် ဖြစ်သည်။

ကျန်းရှိရဲသည် ကျောက်တိုင်ရှေ့တွင် ခြေစုံရပ်လိုက်ပြီး၊ မြေပုံအား ရည်မှန်း၍ မတ်တပ်ရပ်လျက် သုံးကြိမ်ဂါရဝပြုလိုက်သည်။ သူ ... ဤနေရာရောက်တိုင်း ဤသို့ဂါရဝပြုမြဲပင်။

ထိုစဉ် . .

မိုရှုရိသည်လည်း ... ကျောက်တိုင်ရှေ့သို့ တိုးကပ်လာပြီး ရုတ်တရက် သုံးကြိမ်သုံးခါ ဂါရဝပြု ကန်တော့လိုက်လေသည်။

ဤတွင် ကျန်းရှိရဲသည် သူ၏ဘေးနားတွင် ကပ်၍ရှိခိုးနေသော မိုရှုရိအား အံ့ဩနေသည့် အမူအရာဖြင့် ကြည့်နေသည်။

လီထိုက်ဟိုက ကျန်းရှိရဲအား ပြုံးပြလိုက်ရင်း ....

'သခင်ကြီး အံ့ဩနေတာလား၊ ဒီပုဂ္ဂိုလ်ကြီးဟာ မိုရှုရိရဲ့ 'အဘေး' ပဲ၊ ဒါကြောင့် သူဟာ သူ့ရဲ့အဘေးကို ရည်စူးပြီး ဂါရဝပြု ကန်တော့နေတာ'

ဟု ရှင်းပြလိုက်သည်။

လီထိုက်ဟို၏ စကားကြောင့် ကျန်းရှိရဲ ပို၍အံ့အားသင့်သွားလေတော့၏။

ထို့ကြောင့် ....

သူသည် မိုရှုရီအား လေးစားစွာကြည့်လိုက်ကာ . .

'ဟင် ... ဒီလိုဆို မိန်းကလေးက ကျုပ်တို့ ကျေးဇူးရှင်ရဲ့ 'မြစ်' ပေါ့၊ အို ... ကျုပ်လက်ထက်ကျမှ ခုလို ကျေးဇူးရှင်ကြီးရဲ့ အမျိုးအနွယ်တစ်ယောက်ကို တွေ့ရတာ ဝမ်းသာစရာပဲဗျာ၊ တကယ်ပါပဲ'

ဟု လှိုက်လှဲစွာ ပြောလိုက်သည်။ သူ့လေသံမှာ ဝမ်းသာမှုဖြင့် တုန်ယင်နေသည်။

သူမ အဘေး၏ မြေပုံကို ... ရှိခိုးကန်တော့ပြီးသောအခါ မိုရှုရီက ထရပ်လိုက်သည်။

ထို့နောက် . .

လီထိုက်ဟိုက ကျွန်းရှိရဲ့သခင်ကြီးအား ဆက်လက်ပြောဆိုလိုက်သည်။

'သခင်ကြီး ... ကျွန်တော်တို့ကို ဆက်ပြီး ကူညီပေးပါဦး၊ ကျွန်တော် ... လူနည်းနည်းနဲ့ ... ပေါက်တူး ပေါက်ပြားတချို့ လိုချင်ပါတယ်'

ထိုအခါ . . .

ကျွန်းရှိရဲ့သည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားပြီး ...

'အို ... ခင်ဗျားတို့ သချိုင်းမြေပုံကို တူးဖော်ကြမလို့လား၊ ဒါဆိုရင်တော့ ကျုပ်တစ်ဦးတည်းသဘောနဲ့ ခွင့်ပြုလို့ မဖြစ်သေးဘူး ထင်တယ်၊ ကျုပ်ဆွေမျိုးသားချင်းတွေနဲ့ ... တိုင်ပင်ပါရစေဦး'



လီထိုက်ဟိုက ခေါင်းကို ခါယမ်းပြလိုက်ကာ ...

'သခင်ကြီးထင်သလို .... သချိုင်းဂူဟောင်းကို တူးဖော်မှာ မဟုတ်ပါဘူး၊ သချိုင်းမြေပုံ အနီးဝန်းကျင် တစ်နေရာကိုသာ တူးမှာပါ၊ အဲဒီနေရာမှာ ကျွန်တော် လိုချင်တဲ့ပစ္စည်းတစ်ခု ရှိနေတယ်၊ ဒီပစ္စည်းဟာလည်း လူတစ်ယောက်ရဲ့ အသက်အန္တရာယ်နဲ့ ပတ်သက်နေတယ်၊ ဒါကြောင့်ကျွန်တော့်ကို ကျေးဇူးပြုပြီး အခုပဲ တူးခွင့်ပြုပါ သခင်ကြီး'

သူ၏စကားကို ကြားရတော့မှ ကျွန်းရှိရဲ့သခင်ကြီးသည် စိတ်သက်သာရာရသွားဟန်ဖြင့် ဦးခေါင်းကိုညိတ်လိုက်ပြီး . .

'အင်း ... ဒါဆိုရင်တော့ တူးနိုင်ပါတယ် ...

'ကျုပ်က သချိုင်းဂူများ တူးဖော်တော့မလားလို့၊ တခြားဘယ်နေရာမဆို ကျုပ်က တူးခွင့်ပြုပါတယ်ဗျာ'

လီထိုက်ဟိုအား တူးဖော်ရန် ခွင့်ပြုစကား ပြောပြီးသည်နှင့် နောက်တွင် ရပ်နေကြသော အစေအပါးများအား လှမ်း၍အမိန့်ပေးလိုက်သည်။

'ဟိတ် ... မင်းတို့ အားလုံး ... ပေါက်တူး ပေါက်ပြားတွေ သွားယူခဲ့ကြပြီး ဟောဒီဧည့်သည်ရဲ့ ဆန္ဒအတိုင်း ကူညီလိုက်ကြစမ်း'

အစေအပါးများသည် ချက်ချင်းပင် ပေါက်တူး၊ ပေါက်ပြားများယူရန် ထွက်ခွာသွားကြပြီး မကြာမီမှာပင် ပြန်လည်ရောက်ရှိလာကြသည်။

ထို့နောက် . . .

လီထိုက်ဟိုအား ကူညီလုပ်ကိုင်ပေးရန် အဆင့်သင့်ရပ်လျက် စောင့်နေကြသည်။ လီထိုက်ဟို၏ အမိန့်ကို စောင့်စားနေကြလေ၏။

လီထိုက်ဟိုက အိတ်ထဲမှ မြေပုံတစ်ချပ်ကို ဆွဲထုတ်ကြည့်လိုက်ပြီး၊ မြေပုံပါ အညွှန်းအတိုင်း သချိုင်းဂူဟောင်းနေရာ၏ အလယ်တည့်တည့်နေရာတွင် ... သွားရောက်ရပ်နေလိုက်၏။

တစ်ဖန် ...

မြေပုံကို ဒုတိယအကြိမ် ပြန်ကြည့်လိုက်ပြီး ... ခြေလှမ်းငါးဆယ်တိတိ လှမ်းလိုက်သည်။

လီထိုက်ဟိုမှာ မြေပုံပါ အညွှန်းအတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည်။

ဤသည်ကို မိုရှုရီမှ လွဲ၍ ... မည်သူမျှ မသိချေ။

ထို့ကြောင့် . . .

ကျွန်းရှိရဲ အပါအဝင် ... အားလုံးက အထူးအဆန်းသဖွယ် ငေးကြည့်နေကြသည်။

လီထိုက်ဟိုသည် ခြေလှမ်းငါးဆယ်တိတိ ပြည့်သောနေရာတွင် ... ရပ်တန့်လိုက်၏။

ပြီးလျှင် ညာဘက်သို့ လှည့်လိုက်ပြီး ခြေလှမ်းဆယ်လှမ်းတိတိ လျှောက်လိုက်ပြန်သည်။



ခြေလှမ်းဆယ်လှမ်း ပြည့်သောနေရာတွင် ရပ်လျက် ကျွန်းရှိရဲ၏ အစေအပါးများကို လက်ယပ်ခေါ်လိုက်လေ၏။

အစေအပါးများ သွက်လက်စွာ ရောက်ရှိလာသည်။

အစေအပါးများ ရောက်ရှိသောအခါ သူရပ်နေသည့်နေရာကို လက်ညှိုးထိုးပြီး တူးခိုင်းလေတော့သည်။

အစေအပါးတို့သည်လည်း ထူးဆန်းမှုတစ်ခုခုကို တွေ့မြင်လိုဇောဖြင့် အားတက်သရော တူးဆွနေကြ၏။ လူအားလုံးလိုလို စိတ်ပါ လက်ပါ တူးကြသည်။

မိုရှုရီသည်လည်း ... စိတ်လှုပ်ရှားစွာဖြင့် ရပ်ကြည့်နေ၏။

လီထိုက်ဟိုကမူ မြေပုံကိုကိုင်လျက် .... တူးဆွနေသည်ကို အာရုံစိုက်ကာ ကြည့်နေသည်။

သူ့အသွင်မှာ မကြာမီမြေကြီးအတွင်းတစ်နေရာမှ ထူးခြားဆန်းကြယ်သော ပစ္စည်းတစ်စုံတစ်ခု ပေါ်ထွက်လာတော့မည်ကို သိ၍ ဂရုစိုက်ကြည့်နေသည့်အလား ထင်မှတ်ရပေသည်။

သခင်ကြီးကျွန်းရှိရဲသည်လည်း အစေအပါးများ တူးဖော်နေသည်ကို စိတ်ဝင်တစား ကြည့်နေသည်။

သူသည်လည်း ... အကြားအမြင်ဗဟုသုတ ပြည့်စုံသူဖြစ်သောကြောင့် လီထိုက်ဟိုကဲ့သို့ သိုင်းလောက၏ နံပါတ်တစ် ဓားသမားတစ်ယောက်သည် သာမန်ကိစ္စလောက်နှင့် ဤသို့ ပြုလုပ်လိမ့်မည်မဟုတ် ဆိုသည်ကိုတော့ ခန့်မှန်းမိပြီး ဖြစ်၏။

လီထိုက်ဟို ... ယခုကဲ့သို့ အရေးတကြီး ပြုလုပ်နေခြင်းမှာ လွန်စွာ အရေးကြီးသည့် လျှို့ဝှက်ပစ္စည်း (သို့မဟုတ်) ရတနာပစ္စည်း တစ်ခုခုအား ရှာဖွေနေခြင်း ဖြစ်မည်ဟု ကျန်းဂေဟာသခင်ကြီးအနေဖြင့် ကြိုတင်တွေးဆထားသည်။

ဤသို့ဖြင့် ....

အစေအပါးများ တူးဖော်ကြသည်မှာ နှစ်တောင်ခန့် အနက်သို့ပင် ရောက်ရှိနေချေပြီ။

သူတို့အားလုံးမှာ အားကြီးမာန်တက် တူးဖော်ကြသဖြင့် မောပန်းနေကြလေပြီ။

သို့သော် . .

သူတို့သည် ရပ်နားကြခြင်းအလျဉ်းမရှိပဲ ဆက်လက်၍ပင် တူးဖော်လျက် ရှိနေကြသည်။

ထိုစဉ် ...

'ခြွမ်း'

ရုတ်တရက် .... ပေါက်တူးသွားက မာကျောသောအရာကို ပြင်းထန်စွာ ပေါက်မိသဖြင့် ထိုအသံ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သံသံချင်း ထိခိုက်သွားသည့် ... အသံမျိုးဖြစ်ကြောင်းကို အားလုံးလိုလို သိလိုက်ကြသည်။

လီထိုက်ဟိုနှင့် မိုရှုရိတို့သည် ချက်ချင်းတွင်းဝသို့ အပြေးသွားပြီး တွင်းထဲသို့ ငုံ့ကြည့်လိုက်ကြ၏။



ထိုအခါ ...

အစေအပါးများသည် ... သံသေတ္တာငယ် တစ်လုံးအား မြေတွင်းထဲမှ ခက်ခဲစွာဖော်ထုတ်နေသည်ကို တွေ့လိုက်ကြရလေတော့သည်။

အစေအပါး တစ်ယောက်က ... ထို သံသေတ္တာငယ်ကလေးအား လီထိုက်ဟိုထံသို့ လှမ်းပေးလိုက်သည်။

သံသေတ္တာကလေးမှာ ထုထဲသောသံဖြင့် ပြုလုပ်ထားပြီး ခိုင်ခန့်လှပေသည်။

လီထိုက်ဟိုက ... သံသေတ္တာကလေးကို လှမ်းယူလိုက်ပြီး ကျန်းရှိရဲထံ လျှောက်လာသည်။

ထို့အတူ . .

မိုရှုရိကလည်း နောက်မှကပ်လျက် လိုက်ပါလာသည်။

ကျန်းရှိရဲသည် ... လီထိုက်ဟိုလက်ထဲမှ သံသေတ္တာငယ်ကလေးအား လှမ်းယူပြီး ... မြှောက်၍ သေချာစွာ ကြည့်မိလိုက်၏။

သံသေတ္တာလေးမှာ .... နှစ်ပေါင်းများစွာ မြေကြီးထဲတွင် ရှိနေခဲ့သော်လည်း သံချေးတက်ခြင်း မရှိဘဲ ထူးခြားစွာပြောင်ချောနေသည်ကို တွေ့ရသည်။

အတန်ငယ်လည်း လေးသည်။

ကျန်းရှိရဲက ထိုသေတ္တာငယ်အား လီထိုက်ဟိုကို ပြန်ပေးလိုက်သည်။ လီထိုက်ဟို ဖွင့်ပါ ဆိုသည့်သဘောပင်။

လီထိုက်ဟိုက ... သေတ္တာ၏အဖုံးခလုတ်ကို လျှင်မြန်စွာ ရှာဖွေလိုက်သည်။

ဤတွင် ... အဖုံးတစ်နေရာဝယ် ... ဘုသီးလေးတစ်ခုကို တွေ့လိုက်ရလေတော့သည်။

လီထိုက်ဟိုက ထိုဘုသီးလေးကို နှိပ်ရန် ပြင်လိုက်သည်။

ထိုစဉ် . .

'လီထိုက်ဟို . . ခင်ဗျားတာဝန်ပြီးပါပြီ၊ သေတ္တာကို ကျုပ်လက်ထဲသာ အပ်ပေတော့၊ ကျုပ်ဟာ ကျုပ်ပဲ ဖွင့်တော့မယ်'

ထိုစကားသံမှာ သူတို့နောက်မှ ရုတ်တရက် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

❖❖❖❖❖



အသံကြားရာသို့ လီထိုက်ဟိုမှအပ ကျန်သူအားလုံး လှည့်ကြည့်မိကြသည်။

ထိုအခါ .... သေတ္တာကို လီထိုက်ဟိုက မဖွင့်တော့ဘဲ ... လက်ထဲတွင် ကိုင်ထားသည်။

နောက်သို့ လှည့်မကြည့်ဘဲနှင့် ... မည်သူ ရောက်ရှိနေပြီ ဖြစ်ကြောင်းကို လီထိုက်ဟိုက သိလိုက်ပြီး ဖြစ်သည်။

ခြေသံမှာလည်း သူနှင့် မလှမ်းမကမ်းသို့ ရောက်လာပြီ ဖြစ်ကြောင်း လီထိုက်ဟို သိရှိလိုက်သည်။

သို့ဖြစ်၍ ...

လီထိုက်ဟိုက လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။

'ဒီမှာ မိုချုံးရီ၊ ဒီသေတ္တာထဲမှာ ဘာရှိတယ်ဆိုတာ ခင်ဗျားသိနေပြီးသားပဲ၊ ဒီတော့ ခင်ဗျားလိုချင်တဲ့ပစ္စည်း ရပြီဆိုရင် ခင်ဗျားကတိတည်ဖို့ပဲ ကျန်တော့တယ်'

မိချုံးရီသည် ချက်ချင်းပင်လူအုပ်ကြားသို့ ဝင်ရောက်လာသည်။ သူသည် မည်သူ့ကိုမျှ ဂရုမစိုက်ပေ၊ သူ့အနေဖြင့် နိုင်ကွက်ကို ကိုင်ထားနိုင်သည် မဟုတ်ပါလား။

သူသည် လီထိုက်ဟိုရှေ့ ... မလှမ်းမကမ်းသို့ ရောက်ရှိသောအခါ ရပ်တန့်လိုက်သည်။

ထို့နောက် . .

ပြုံးရွှင်စွာ ရယ်မောလိုက်ပြီး ...

'ခင်ဗျားကိုယ်တိုင်က အဆိပ်သင့်နေတာဟာ နည်းနည်းလေးပါ၊ အသက်အန္တရာယ် စိုးရိမ်စရာမရှိဘူး၊ ယိုးလင်ဂေဟာရဲ့ အသက်ဆက် အဆိပ်ဖြေဆေး နောက်တစ်လုံးကို ထပ်သောက်လိုက်ရင် ... ခင်ဗျားအတွက် စိတ်ချရပါပြီ၊ ကဲ၊ ခင်ဗျားလက်ထဲက သေတ္တာကိုသာ ကျုပ်ကို ပေးပေတော့'

ပြောရင်း လှမ်းယူရန် လက်ကမ်းလိုက်သည်။

သို့သော် ....

လီထိုက်ဟိုက ... သံသေတ္တာကလေးကို မပေးသေးဘဲ အေးဆေးတည်ငြိမ်စွာဖြင့် ....

'မိချုံးရီ ... ခင်ဗျားသိထားဖို့က ဒီသေတ္တာထဲက ပစ္စည်းကို ကျုပ်လုံးဝ မမက်မောဘူးဆိုတာပဲ၊ ကျုပ်အခုလို ပြောနေရတာက ယိုးလင် ဂေဟာသခင်ကြီးအတွက်ဆိုတာ ခင်ဗျားသိပါတယ်'

ဟု ပြောလိုက်သည်။



သူ့စကားကြောင့် မိချုံးရီ .... မျက်မှောင်ကုပ်သွားသည်။ လီထိုက်ဟိုအနေဖြင့် ဤသို့ စကားများ မနေသင့်ပေ၊ သံသေတ္တာကို ပေးလိုက်ခြင်းသာ သူ့တာဝန်ပြီးဆုံးကြောင်း ပြသခြင်းပင် မဟုတ်ပါလော၊ ယခုတော့ ... စကားရှည်နေသည်ဖြစ်ရာ မိချုံးရီ စိတ်မရှည်ချင်တော့ပေ။

သို့သော် ....

လီထိုက်ဟိုက ဆက်ပြောနေသေး၏။

'နောက်တစ်ခုကတော့ ... ကျုပ်က ခင်ဗျားကို သတိပေးချင်နေတာပဲ'

လီထိုက်ဟိုက စကားမရပ်သည့်အပြင် သူကပင် သတိပေးချင်နေသေးသည်ဟု ပြောလိုက်သဖြင့် ... မိချုံးရီ၏ မျက်နှာမှာ သုန်သုန်မှုန်မှုန် ဖြစ်သွားသည်။

လီထိုက်ဟိုက စကားကို ခေတ္တရပ်လိုက်ကာ မိချုံးရီ၏ မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်ပြီးနောက် ....

'ခင်ဗျား ဆက်ပြီး ဟန်ဆောင်မနေပါနဲ့တော့လို့ ကျုပ်သတိပေးချင်တာပါပဲ၊ သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမတွေအပေါ် မလုပ်သင့်တဲ့အမှားတွေ ပြုလုပ်နေတာဟာ ... မိုးနတ်မင်းကြီးကို စော်ကားနေတာနဲ့ တူနေပါတယ်၊ ဒီအမှားကို အခုကတည်းက ပြင်စေချင်ပါတယ်၊ ကျုပ်က ဘယ်တော့မှ ကတိမပျက်ပါဘူး၊ ကျုပ်ကတိအတိုင်း၊ ဒီသေတ္တာကို ခင်ဗျားရဲ့လက်ထဲအပ်မှာပါ'

ပြောပြောဆိုဆို လီထိုက်ဟိုက သူ့လက်ထဲမှ သံသေတ္တာငယ်အား မိုချုံးရိထံ လှမ်းပေးလိုက်၏။

မိုချုံးရိက သေတ္တာကိုလှမ်းယူလိုက်ပြီး လီထိုက်ဟိုအား လေးစားစွာ ပြောလေသည်။

'လီထိုက်ဟို .... ခင်ဗျား တကယ့်ကို ကတိတည်တဲ့လူပဲ'

ထို့နောက် ...

မိုချုံးရိသည် ဝမ်းသာအားရဖြစ်ကာ နောက်သို့ ခြေလှမ်းသုံးလေးလှမ်းခန့် ဆုတ်လိုက်၏။

ထိုနေရာသို့ ရောက်ပြီးနောက် ...

လက်ထဲမှ သေတ္တာငယ်၏ ခလုပ်ကို နှိပ်ဖွင့်လိုက်၏။

'ထောက်' ကနဲ မြည်ကာ ... သေတ္တာငယ်၏ အဖုံးမှာ ပွင့်ထွက်သွားသည်။

မိုချုံးရိက သေတ္တာငယ်ထဲသို့ အလျင်စလို ကြည့်လိုက်၏။

ထိုအခါ . .

မိုချုံးရိသည် သေတ္တာကိုကြည့်လျက် အလွန်အမင်းအံ့အားသင့်သွားဟန်ဖြင့် မျက်လုံးအစုံက ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

သေတ္တာငယ်အတွင်းတွင် သူ တွေ့လိုက်ရသည်ကား ...

သူ မျှော်လင့်ထားသလို ...

သိုင်းကျမ်းစာအုပ် မဟုတ်ချေ။



နွမ်းကြေ၍ ဝါကျင့်နေသော စာရွက်တစ်ရွက် ဖြစ်နေသောကြောင့်ပင်တည်း။

ထို့ကြောင့် ...

သေတ္တာငယ်အား ကိုင်ထားသော မိုချုံးရိ၏ လက်အစုံသည် တဆတ်ဆတ်နှင့် တုန်ယင်လာသည်။

မိုချုံးရိသည် တုန်ယင်သောလက်တစ်ဘက်ဖြင့် စာရွက်ကို ဆွဲယူလိုက်ပြီး ဖတ်ကြည့်လိုက်သည်။

စာရွက်မှာ နွမ်းကြေနေသော်လည်း စာလုံးများမှာမူပီသ ထင်ရှားစွာပင် ရှိနေသေးသည်ကို တွေ့ရ၏။

စာသားများမှာ ...

**"ကျွန်ုပ်သည် အလွန်ရက်စက်သည့် လူတစ်ယောက်ဖြစ်ခဲ့သည်။ မကြံစည်အပ်သည့်အကြံကို ကြံစည်ခဲ့မိ၏။ ယခု ကျွန်ုပ်လည်း ... ကျွန်ုပ်အပြစ်နှင့်ကျွန်ုပ် မကြာမီ နိဂုံးချုပ်ရပေတော့မည် ....**

**ကျွန်ုပ်သည် လိုချင်တပ်မက်သည့် စိတ်တစ်ခုတည်းဖြင့် လူ့အသက်ပေါင်းများစွာကို ရန်ရှာပြီး ရယူခဲ့သော သိုင်းဂိုဏ်းပေါင်းစုံမှပိုင် လျှို့ဝှက်သိုင်းကွက်များ ပါသောမှတ်စု စာအုပ်ကိုလည်း စိတ်နာစွာနှင့် ဖျောက်ဖျက်ပစ်လိုက်ပါပြီ ....**

**ကျွန်ုပ်ရဲ့ဆွေစဉ်မျိုးဆက် သား၊ မြေးမြစ်များ အကယ်၍ ဤစာအုပ်အား တူးဖော်ရှာဖွေ တွေ့ရှိခဲ့ပါလျှင် ကျွန်ုပ်ကဲ့သို့**

အမှားမျိုး နောက်ထပ် မပြုလုပ်မိကြစေရန် ဤစာဖြင့် သတိပေးအပ်ပါသည်။

**ကျွန်ုပ်အနေဖြင့် နောက်ဆုံးမှာကြားခဲ့လိုသည်မှာ လိုချင် တပ်မက်မှု၏ နောက်တွင် သေမင်းသည် ထက်ကြပ်မကွာ လိုက်နေမည် ဆိုသည်ကို သတိမူကြရန်ပင် ဖြစ်ပါသည်။"**

စာ၏အဆုံးတွင် 'မို' ဟူ၍ အဓိပ္ပါယ်ရသော အမျိုးအနွယ် ပြ စာလုံးတစ်လုံးပါရှိသည်။

မိုချုံးရိသည် ... စာဆုံးသွားပြီဖြစ်သော်လည်း စာရွက်ကို တုန်ယင်သော လက်အစုံဖြင့် ကိုင်လျက် ငေးငိုင်နေမိလေ၏။

ထို့နောက် . .

မိုချုံးရိသည် သံသေတ္တာငယ်ကို ရုတ်တရက်လက်မှလွတ် ချလိုက်ပြီး အရူးပမာ အော်ဟစ်လိုက်၏။

'ဒီကိစ္စဟာ ... ဒီလိုလွယ်လွယ်နဲ့ ပြီးတဲ့ကိစ္စ မဟုတ်နိုင်ဘူး၊ ကျုပ်မယုံဘူး၊ ကျုပ်မယုံဘူး၊ ဒီကိစ္စကို ကျုပ် ... မယုံဘူး'

ထိုစဉ် . . .

မိုရှုရိသည် ... မိုချုံးရိရှေ့သို့လျှောက်လာပြီး ဒေါသသံဖြင့် ပြောလိုက်၏။

'အစ်ကိုချုံးရိ၊ အစ်ကိုဟာ သိပ်မိုက်မဲတာပဲ'

မိုချုံးရိသည် ... မိုရှုရိအားမည်သို့မျှ ပြန်လှန်၍ မပြောပေ၊ သူသည် ဝမ်းနည်းလွန်းသဖြင့်၊ ခေါင်းငိုက်စိုက်ချလျက်ရှိ၏။



ထိုအခိုက် ...

မိုရှုရိသည် မိုချုံးရိ၏ပခုံးပေါ်မှကျော်၍ တစ်နေရာသို့ ကြည့်လိုက်ပြီး ရုတ်တရက် ထိတ်လန့်တကြားအော်ဟစ်လိုက်လေ တော့သည်။

သူမသည် တစ်စုံတစ်ခုကို မြင်လိုက်ရချေပြီ။

'အစ်ကိုလီထိုက်ဟို .. သတိထား'

သူမ၏အော်ဟစ်သံနှင့် မရှေးမနှောင်းမှာပင် အလင်းတန်း တစ်ခုသည် လီထိုက်ဟိုထံသို့ လျှင်မြန်စွာ တိုးဝင်လာသည်။

ထိုအလင်းမှာ မှောင်ရိပ်အတွင်း တစ်နေရာမှ လာခြင်းဖြစ် သည်။

သို့ဆိုလျှင် . .

မှောင်ရိပ်အတွင်းတွင် ရန်သူများ ရောက်နေပြီလား။

သို့သော် . .

လီထိုက်ဟိုက ဘေးသို့ လျှင်မြန်စွာခုန်ကာ ရှောင်တိမ်း လိုက်နိုင်၏။

မိုရှုရိသည် .... သူမ၏ခါးကြားမှ သံမဏိစွန်ကုတ်တံကို လျှင်မြန်စွာ ဆွဲထုတ်ပြီး မှတ်နေအောင် ... ဝှေ့ယမ်းပစ်လိုက်၏။

လီထိုက်ဟိုအား အော်၍သတိပေးသည့်အချိန်နှင့် သံမဏိ စွန်ကုတ်တံ ဆွဲထုတ်၍ ဝှေ့ယမ်းလိုက်ချိန်မှာ တစ်ပြိုင်တည်းလိုလို ဖြစ်နေသည်။

'ခြွမ်း'

သံ သံချင်းထိခိုက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

မိုရှုရိသည် ... မှောင်ရိပ်အတွင်းမှ ပစ်လွှတ်လိုက်သော လက်နက်ပုန်းအား သံမဏိစွန်ကုတ်တံဖြင့် ဖေ့ယမ်းရိုက်ထုတ်လိုက်ပြီး ကိုယ်ကို တစ်ပတ်လှည့်ကာ တစ်ဘက်သို့ ရှောင်တိမ်းလိုက်သည်။

ထိုစဉ် ...

နောက်ထပ်အလင်းတန်းများက သူမထံ ဆက်တိုက်လိုလိုပင် ... တိုးဝင်သွားပြန်သည်။

သူမမှာ ရပ်နားခြင်းမရှိပဲ ဆက်တိုက် ရှောင်တိမ်းလိုက်ရပြန်သည်။

သူမလက်မှ သံမဏိစွန်ကုတ်တံမှာလည်း ... စကြာကဲ့သို့ မွှတ်နေအောင် လည်ပတ်ရင်း လက်နက်ပုန်းများကို ရိုက်၍ ဖယ်ရှားနေရသည်။

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

လက်နက်ပုန်း သုံးလေးခုမှာ အောက်သို့ ကျသွားသည်။

သို့သော် ...

အလင်းတန်းတစ်ခုမှာ သူမအား တိုက်ရိုက် ထိမှန်သွားလေတော့၏။

'အား'



မိုရှုရိသည် နာကျင်စွာ တစ်ချက် အော်လိုက်ပြီး ယိမ်းယိုင်သွားသည်။

နောက်ဆုံးလက်နက်ပုန်းတစ်ခုကို ... သူမအနေနှင့် မရှောင်တိမ်းနိုင်တော့ပဲ သူမ၏ဝမ်းဗိုက်ကို ထိမိခြင်း ခံလိုက်ရ၏။

ချက်ချင်းပင် ... သူမ၏ လက်နှစ်ဘက်ကြားမှ သွေးများ စိမ့်ယိုလျှက် စီးကျလာလေသည်။

လီထိုက်ဟိုက ချက်ချင်းလိုလိုပင် မိုရှုရိအနီးသို့ ခုန်လွှားရောက်ရှိလာ၏။

ယိုင်လဲတော့မည့် မိုရှုရိကိုယ်လုံးကလေးအား အလိုက်သင့် လျှင်မြန်စွာ စည်းပွေ့ထားလိုက်သည်။

'ဟေ့ ရပ်ကြစမ်း၊ ခင်ဗျားတို့ဟာ လုံးဝအရှက်မရှိတဲ့လူတွေပဲ၊ လူယုတ်မာတွေ ... ခင်ဗျားတို့ကို ကျုပ်ပြောနေတယ်၊ အရှက်မရှိတဲ့အလုပ်ကို ရပ်ကြစမ်း'

လီထိုက်ဟိုက အော်ဟစ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

သူ့အသံမှာ ဒေါသသံအပြည့် ပါဝင်နေသည်။ မိုရှုရိသည် လီထိုက်ဟို၏ ရင်ခွင်တွင် အလိုက်သင့် မှီရင်း မှိန်းနေသည်။

သူမက နွမ်းလျသောလေသံဖြင့် . .

'အစ်ကို လီထိုက်ဟို .. သူတို့ လက်နက်ပုန်းနဲ့ ပစ်လိုက်တာကို ကျွန်မ မြင်လိုက်တယ်၊ ဒါကြောင့် အစ်ကိုလီထိုက်ဟိုကို ထိမှာစိုးလို့ ကျွန်မ ကမန်းကတန်း ကာကွယ်လိုက်တာ'

လီထိုက်ဟိုက အမှောင်ထဲသို့ ... လှမ်းကြည့်လိုက်၏။

ထိုအခါ ...

အမှောင်တွင်းမှ လူငါးယောက် ... ထွက်လာသည်ကို တွေ့လိုက်ရသည်။

ရှေ့ဆုံးမှ တွေ့ရသောလူမှာ ... မုတ်ဆိတ်မွေး ထူလပျစ်နှင့် ဖြစ်ပြီး သူတို့အားလုံးမှာ ယိုးလင်ဂေဟာသို့ လာရောက်နှောင့်ယှက်ကြသောသူများပင် ဖြစ်ကြသည်။

ရှေ့မှတက်လာသော မုတ်ဆိတ်မွေး ထူလပျစ်နှင့် လူက မိုရှုရိကို သေချာစွာ ကြည့်လိုက်ပြီး . .

'အင်း ... ဒီမိန်းကလေးဟာ မျက်စိတော်တော်လျင်တာပဲ၊ ပြီးတော့ လီထိုက်ဟိုအပေါ်မှာလည်း အတော်သံယောဇဉ်ကြီးနေပုံရတယ်၊ လီထိုက်ဟို၊ ခင်ဗျား သိပ်ကံကောင်းသွားတယ်၊ တကယ်တော့ ကျုပ်ပစ်လိုက်တာ ... ခင်ဗျားကိုပဲ'

ထိုလူသည် မိုချုံးရိဘက်သို့ လှည့်လိုက်ပြီး လက်ညှိုးထိုးကာ တင်းမာသော လေသံဖြင့် ....

'မိုချုံးရိ .... မင်းလက်ထဲက စာရွက်ကိုယူခဲ့ပါ၊ စာရွက်ပေါ်မှာ .... ဘာတွေရေးထားသလဲ၊ သိုင်းအဖွဲ့ပေါင်းစုံက မှုပိုင်လျှို့ဝှက်သိုင်းကွက်မှတ်စုစာအုပ်ကရော ဘယ်မှာလဲ၊ ကျုပ်တို့ကို ညာမယ်ကြံရင် သေဖို့သာ ပြင်ပေတော့'

ဟု ခြိမ်းခြောက်လိုက်သည်။



ထိုအချိန်တွင် ...

မိုရှုရိ၏ ဝမ်းဗိုက်ဒဏ်ရာမှ သွေးများ ဒလဟောစီးဆင်းနေလေသည်။

လီထိုက်ဟိုမှာ မိုရှုရိအား ကြည့်ကာ ယူကျုံးမရ ဖြစ်နေမိသည်။

မိုရှုရိ၏ ကိုယ်လုံးကလေးမှာ ... တဖြည်းဖြည်းပျော့ခွေလာကြောင်း လီထိုက်ဟို သတိထားလိုက်မိ၏။

'ဒီလောက်ရက်စက်ယုတ်မာတဲ့ အကောင်တွေကို ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ဘူး'

ရန်ပွဲကို မလိုလားသော ... လီထိုက်ဟိုသည် ထိုလူစုကိုမှု တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

ထိုစဉ် ....

'ဟား ... ဟား ... ဟား ...'

ရုတ်တရက် ခြောက်ကပ်ကပ် ရယ်မောလိုက်သောအသံက ဟိန်း၍ ထွက်ပေါ်လာ၏။

ရယ်သံကြားရာသို့ လှည့်ကြည့်မိကြသည်။

ယင်းသို့ ရယ်မောလိုက်သူမှာ အခြားသူမဟုတ်၊ မိုချုံးရိပင် ဖြစ်သည်။

ထိုသို့ ... မိုချုံးရိက အားရအောင်ရယ်ပြီးသည်နှင့် ထိုလူငါးယောက်ကိုကြည့်၍ ပြောလိုက်သည်။

'ကျုပ် ... ခင်ဗျားတို့နဲ့ပေါင်းမိတာ ... အမှားကြီးမှားပြီ၊ တကယ်တော့ ... ခင်ဗျားတို့ မုန်းအင်းကျားရဲ့ ငါးယောက်ဟာ သစ္စာမရှိကြဘူး၊ အခု ... ကျုပ်ညီမလေးကို ရက်ရက်စက်စက် လုပ်ကြံလိုက်ကြပြီ'

မိုချုံးရှိသည် မိုရှုရိထံ ပြေးလာပြီး ... ပခုံးနှစ်ဘက်ကို ကိုင်၍ ကြည့်၏။

ညီမဖြစ်သူ၏ အဖြစ်ကို မြင်လိုက်ရ၍ ဝမ်းနည်းလာကာ မျက်ရည်စတို့သည် မိုချုံးရှိ၏ မျက်လုံးအိမ်မှ တွေတွေစီးကျလာနေတော့သည်။

မိုချုံးရှိက ဆို့နင့်သော လေသံဖြင့် ....

'ညီမလေး ... တကယ်တော့ ငါဟာ မင်းရဲ့အစ်ကိုလတ်အစစ်ပါ၊ ငါဟာ မင်းတို့ကို ညာခဲ့မိတယ်၊ ငါ့မှာ ... သေလောက်တဲ့အထိ အပြစ်ဒဏ် ရှိနေပြီ'

ထိုအခါ . .

မိုရှုရိက အားယူ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

'အစကတည်းက ... အစ်ကိုလတ်ဟာ ကျွန်မတို့ကို ညာနေမှန်း သိပါတယ်၊ အစ်ကိုလတ်အနေနဲ့ အမှားကိုသိရင် အမှန်ကို ပြုပြင်ပါ'

မိုရှုရိက မိုချုံးရှိအား နွမ်းလျသောအသံဖြင့် အားယူ၍ ပြောလိုက်ခြင်း ဖြစ်၏။



ထို့နောက် . .

မိုရှုရိက လီထိုက်ဟိုအား မော့ကြည့်လိုက်ပြီး ...

'အစ်ကိုလီ ... ကျွန်မသေရင် အစ်ကိုလီထိုက်ဟို ရင်ခွင်ထဲမှာပဲ သေပါရစေ၊ တကယ်တော့ ... အစ်ကိုလီထိုက်ဟိုလို စိတ်သဘောထား ဖြူစင်ပြီး မွန်မြတ်သန့်စင်တဲ့ လူတစ်ယောက်ကို ကျွန်မ အလွန်ပဲ ကြည်ညိုလေးစားမိတယ်'

ဟု လေသံခပ်တိုးတိုးကလေးဖြင့် ပြောလေ၏။

လီထိုက်ဟိုမှာ ... မိုရှုရိ၏စကားကြောင့် ပို၍စိတ်မကောင်းဖြစ်သွားလေ၏။

လီထိုက်ဟိုက မိုရှုရိအား ငုံ့ကြည့်ကာ ပြန်လည်၍ အားပေးစကားပြောလိုက်သည်။

'ညီမရှုရိ ... ညီမကိုလဲ အစ်ကိုခင်ပါတယ်၊ အစ်ကိုလဲ ညီမလိုချစ်ခင်နှစ်သက်စရာကောင်းတဲ့ မိန်းကလေးမျိုး အခုမှ တွေ့ဖူးပါတယ်၊ ညီမ အခုလိုဖြစ်ရတာကို အစ်ကို့ကြောင့်ပါ၊ အစ်ကို တကယ်ပဲ စိတ်မကောင်းပါဘူး၊ '

မိုရှုရိသည် အားယူ၍ ပြုံးလိုက်ပြန်သည်။

သို့သော် ...

သူမ၏အပြုံးမှာ ... မလန်းဆန်းတော့ပါ၊ နွမ်းလျလျသာ ရှိချေသည်။

မိုရှုရိက ပြုံးရင်း အားယူ၍ ပြောလိုက်သည်။

'အစ်ကို လီထိုက်ဟို ... ကျွန်မကို ခင်တယ်လို့ ကြားရတာ ကျွန်မ သိပ်ဝမ်းသာမိပါတယ်၊ ကျွန်မ အခုလို အစ်ကိုလီထိုက်ဟိုရဲ့ ခင်မင်မှုကို ရပြီးရင် ... သေပျော်ပါပြီ'

မိုရှုရီ၏ စကားကြောင့် လီထိုက်ဟို ရင်ထဲ ဆို့နင့်သွား၏။

မိချုံးရီမှာ ညီမဖြစ်သူကိုကြည့်ကာ မျက်ရည်ကျနေသည်။ ရုတ်တရက် ... မိချုံးရီသည် သူ့အိတ်ထဲမှ အသက်ဆက် အဆိပ်ဖြေ ဆေးပုလင်းကို အမြန်ထုတ်ယူလိုက်၏။

ပြီးနောက် ...

ဆေးလုံးတစ်လုံးကိုယူ၍ ညီမဖြစ်သူအား တိုက်ကျွေးလိုက်လေသည်။

ပြီးမှ ... မိချုံးရီက လီထိုက်ဟိုအား မှာကြားလိုက်သည်။

'လီထိုက်ဟို ... ခင်ဗျား ကျွန်တော့ညီမလေး ဒဏ်ရာကို အမြန်ဆုံးသက်သာအောင် အကြောပိတ်ပေးထားပါ၊ ဗိုက်မှာဒဏ်ရာ ရပေမယ့် သိပ်မနက်လို့ အသက်ရှင်ဖို့ မျှော်လင့်ချက် ရှိပါသေးတယ်'

မုန်းအင်းကျားငါးကောင်တို့သည် ငြိမ်လျက် ရပ်ကြည့်နေကြ၏။

စောစောက ... လက်နက်ပုန်းသုံး၍ လုပ်ကြံလိုက်ခြင်းမှာ မအောင်မြင်သဖြင့် အခြေအနေကို အကဲခတ်ကြည့်နေဟန် တူသည်။

လီထိုက်ဟိုက ... မိုရှုရီ၏ ဝမ်းဗိုက်ဒဏ်ရာတစ်ဝိုက်မှ သွေးထွက်နေသော သွေးကြောများကို တစ်ခုချင်း လိုက်ပိတ်နေ၏။



သူ၏ လက်ညှိုးဖြင့်ထောက်ကာ ... လိုက်ပိတ်နေခြင်းပင် ဖြစ်သည်။

ထိုသို့ ...

လီထိုက်ဟို အလုပ်ရှုပ်နေချိန်သည် .... မုန်းအင်းကျားငါးကောင်တို့အတွက် တိုက်ခိုက်ရန် အခွင့်အရေးတစ်ခု ဖြစ်သွားသည်။

ထို့ကြောင့် . .

မုန်းအင်းကျားငါးကောင်တို့သည် လီထိုက်ဟိုနှင့် မိချုံးရီအား လျှင်မြန်စွာဝင်၍ တိုက်ခိုက်လေတော့သည်။

မုန်းအင်းကျားရဲငါးကောင်တို့အနက် မုန်းအင်းကျားရဲထွေးသည် မိချုံးရီထံ ခုန်လွှားဝင်ရောက်လာပြီး သံသေတ္တာငယ်အား လုယူလိုက်လေသည်။

တစ်ပြိုင်နက်တည်းမှာပင် ....

မုန်းအင်းကျားရဲလေးကောင်က လီထိုက်ဟိုအား ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

မိချုံးရီ၏ လှုပ်ရှားမှုက လွန်စွာ လျှင်မြန်လှသည်။

မိချုံးရီသည် လှစ်ခနဲရှောင်တိမ်းလိုက်ပြီး ... သူ၏ညာဘက်လက်က မြောက်တတ်သွားသည်။

သံမဏိစွန်ကုတ်တံက သူ့လက်ထဲရောက်ရှိနေပြီး ညာလက်မြောက်တက်သွားချိန်တွင် ... သူ၏ သံမဏိစွန်ကုတ်တံဖြင့် မုန်းအင်းကျားရဲထွေးကို တစ်ပြိုင်တည်းလိုလို တိုက်ခိုက်ပြီး ဖြစ်နေသည်။

'ထန်း . . ထန်း . . ထန်း'

သံ ... သံချင်း ထိနိုက်သံက ချက်ချင်းထွက်ပေါ်လာ၏။

ထိုအချိန်တွင် ...

လီထိုက်ဟိုသည်လည်း မိုရှရိအား မြေပြင်ပေါ်တွင် ခွေခွေကလေး အသာချထားခဲ့၏။

ထို့နောက် ...

တစ်ပြိုင်တည်း တိုက်ခိုက်လာသော ငှက်ကြီးတောင်ဓားလေးလက်အား ... သူ၏သံသေတ္တာဖြင့် တစ်ဆက်တည်း ဝှေ့ယမ်းခတ်ထုတ်လိုက်ပြီး ဖြစ်နေသည်။

'ခြွမ်း ... ခြွမ်း ... ခြွမ်း ... ခြွမ်း'

ဓားလေးလက်စလုံး တုန်ခါသွားသည်။

အဆင့်မြင့် သိုင်းသမားတို့၏ တိုက်ပွဲကား ကြာရှည်ခြင်းမရှိပါ။

အချိန်တိုတိုကလေး အတွင်း၌ လျင်မြန်စွာ ပြီးဆုံးသွားလေတော့၏။

မိုချုးရိ၏ သံမဏိစွန်ကုတ်တံ လက်နက်က မုန်းအင်းကျားရဲထွေး၏ တိုက်ကွက်အား ချေမှုန်း တိုက်ဖျက်လိုက်ပြီး ဖြစ်သည်။

ထိုစဉ် . .

မိုချုးရိက ကြောက်မက်ဖွယ် ကောင်းအောင် ကြုံးဝါးလိုက်လေသည်။



'ဟေ့ .... မင်းတို့အားလုံး ကျုပ်ညီမလေး အသက်အတွက် လျော်ကြေးပေးရလိမ့်မယ်'

ထိုသို့ အော်ဟစ်ရင်းမှ သူ့လက်ထဲရှိ သံမဏိစွန်ကုတ်တံ လက်နက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လေတော့၏။

မိုချုးရိ၏ ပြင်းထန်စွာတိုက်ခိုက်မှုကြောင့် မုန်းအင်းကျားရဲထွေးသည် အသေအလဲ ခုခံကာကွယ်နေရသည်။

ဤတွင် ....

လီထိုက်ဟိုအား .... တိုက်ခိုက်နေသော မုန်းအင်းကျားရဲလေးကောင်အနက် နှစ်ကောင်သည် မုန်းအင်းကျားရဲထွေးကို ကူညီကာကွယ်ပေးရန် ... မိုချုးရိထံ ကူးပြောင်းရောက်ရှိသွား၏။

သို့ဖြစ်၍ မိုချုးရိမှာ သုံးယောက်နှင့် တိုက်ခိုက်နေရသည့် အခြေအနေသို့ ပြောင်းလဲသွားလေတော့သည်။

လီထိုက်ဟိုမှာ မိုရှရိအား အကာအကွယ်ပေးရင် တိုက်ခိုက်နေရခြင်း ဖြစ်သည်။

ထို့ကြောင့် . .

မိုရှရိအား ထားခဲ့ကာ မိုချုးရိထံ သွားရောက် ကူညီတိုက်ခိုက်ရန်လည်း မဖြစ်ပေ။

လီထိုက်ဟိုသည် မိုရှရိအားကာကွယ်ရင်း ကျန်မုန်းအင်းကျားရဲနှစ်ကောင်အား ထိန်း၍ တိုက်ခိုက်နေရသည့် အခြေအနေတွင်ရှိနေသည်။

ထို့ကြောင့် ...

လီထိုက်ဟိုသည် တစ်ဘက်ရန်သူများအား ထိထိရောက်ရောက် မတိုက်ခိုက်နိုင်ဘဲ ရှိ၏။

အတန်ငယ်ကြာသောအခါ ...

ရုတ်တရက် ...

မိုချုံးရိဘက်မှ တိုက်ခိုက်နေသည့် ဓားသံများ ရပ်တန့်သွားသည်။

အကြောင်းမှာ ...

မုန်းအင်း ကျားသုံးကောင်သည် တိုက်ခိုက်နေမှုကို ရပ်တန့်လိုက်ပြီး ...

ရုတ်တရက် .... နောက်ဘက်သို့ ခုန်လွှားဆုတ်ခွာသွားကြသည်။

ချက်ချင်းပင် ခေါင်းဆောင်ကျားကြီးဖြစ်သော မုတ်ဆိတ်မွေး ထူလပျစ်နှင့် လူထံမှ အော်ဟစ်သံက စူးရှစွာ ပေါ်ထွက်လာသည်။

'ပစ် .....'

မုန်းအင်းကျားရဲသုံးကောင်စလုံး၏ လက်များ မြောက်တက်သွား၏။

တစ်ချိန်တည်းမှာပင် ငှက်ကြီးတောင် ဓားသုံးလက်သည် လေကိုခွင်းလျက် မိုချုံးရိထံသို့ တစ်ရှိန်ထိုး ဝင်ရောက်လာလေသည်။



'ထန်း ... ထန်း ... ထန်း ...'

သံ သံချင်း ထိခိုက်သံ ပေါ်ထွက်လာပြီး၊ ငှက်ကြီးတောင် ဓားသုံးလက်သည် မြေပြင်ပေါ်တွင် လွင့်စဉ် ကျသွားလေသည်။

'ဝုစ် ... ဝုစ် ...ဝုစ်'

တစ်ဖန် ...

လက်နက်ပုန်းပစ်ခတ်လိုက်သံက ... တစ်ဆက်တည်း ပေါ်ထွက်လာပြန်လေသည်။

မိုချုံးရိ၏ လှုပ်ရှားမှုသည် ... မည်မျှပင် လျင်မြန်ပါစေ၊ ဓားသုံးလက်နှင့် တစ်ဆက်တည်းလိုလို ဝင်ရောက်လာသော လက်နက်ပုန်းသုံးခုကိုမူ သူ့ထံသို့ ကျရောက်မလာစေရန် မည်သို့မျှဧဝ့ယမ်း ခတ်ထုတ်နိုင်စွမ်း မရှိတော့ပေ။

သို့ဖြစ်ရာ .... လက်နက်ပုန်းသုံးခုအနက် တစ်ခုကိုသာ ခတ်ထုတ်နိုင်ပြီး ကျန်နှစ်ခုမှာ မိုချုံးရိ၏ ရင်ဘတ်ကို လာရောက်ထိမှန်လေတော့၏။

'ခြိမ်း ...'

'ဒုတ် ... ဒုတ် ...'

'အင့် ...'

မိုချုံးရိမှာ ခပ်အုပ်အုပ်အော်ရင်း ... ယိမ်းယိုင်သွားသည်။

လီထိုက်ဟိုမှာ ... မုန်းအင်းကျားနှစ်ကောင်ကို တိုက်ခိုက်နေရင်းမှ မိုချုံးရိထံမှ ညည်းညူသံကြား၍ ကြည့်လိုက်မိသည်။

ထိုအခါ ....

မိချုံးရီ၏ ရင်ဘတ်တွင် သွေးများစို့ထွက်နေသဖြင့် နီရဲလျက် ရှိနေသည်ကို တွေ့ရ၏။

မိချုံးရီသည် လဲမကျသွားဘဲ အံကို တင်းတင်းကြိတ်လျက် မချိပြုံးပြုံးကာ ပြောလိုက်သည်။

'လီထိုက်ဟို ... ကျွန်တော့်အစ်ကိုကြီးကို ပြောပေးပါဗျာ၊ ကျွန်တော်မှားခဲ့ပါတယ်လို့ .... နောက်ပြီး အသက်ဆက် အဆိပ်ဖြေဆေးပုလင်းကိုလည်း ကျွန်တော့်အပေါ်ဖုံး အင်္ကျီအိတ်ထဲက နှိုက်ယူသွားပါ၊ အစ်ကိုကြီးရဲ့အသက်ကို ... ကယ်တင်ပေးလိုက်ပါ၊ ညီမလေး ရှုရီကိုလည်း ဂရုစိုက် ကုသပေးပါ၊ ကျွန်တော် ... အခုမှ ခင်ဗျားရဲ့ စေတနာကို သိ ... သိ ....'

မိချုံးရီသည် စကားကိုဆုံးအောင် ... မပြောနိုင်တော့ဘဲ ခွေလဲကျသွားလေတော့သည်။

လီထိုက်ဟိုက လျင်မြန်စွာပြေး၍ ပွေ့ထူလိုက်သည်။

သို့ရာတွင် ....

မိချုံးရီကား .... အသက်မရှိတော့ပေ။

လီထိုက်ဟိုက မိချုံးရီအား အသာပြန်ချကာ မတ်တတ်ရပ်လိုက်၏။

ပြီးလျှင် .... သေဆုံးနေပြီဖြစ်သော မိချုံးရီအား ကြည့်ကာ ပြောလိုက်သည်။



'မိချုံးရီ ... ခင်ဗျားနောင်တဟာ သိပ်နောက်ကျသွားပါပြီ၊ တကယ့်ကို နောက်ကျသွားပြီဗျာ'

ပြောပြောဆိုဆို .... မုန်းအင်းကျားရဲ့ငါးယောက်ဘက် လှည့်လိုက်ပြီး လီထိုက်ဟိုသည် ... စကားကို တစ်လုံးချင်း ဖြည်းလေးစွာ ပြောလိုက်၏။

'ကျုပ် ဘယ်သူနဲ့မှ မတိုက်ခိုက်ချင်ဘူး၊ တိုက်ဖို့ ခိုက်ဖို့ဆိုရင် ကျုပ် သိပ်ဝန်လေးတယ်၊ ဒါပေမယ့် ... ခင်ဗျားတို့လုပ်ရပ်ဟာ သိပ်ရက်စက်လွန်းနေပြီ၊ နေစမ်းပါဦး ... ကျုပ် မေးပါရစေ၊ ခင်ဗျားတို့ တကယ်ပဲ ... ကျုပ်နဲ့ တိုက်ခိုက်ချင်နေကြသလား'

သို့သော် ...

မုန်းအင်းကျားရဲ့ ငါးယောက်ထံမှ .... မည်သည့်အသံမျှ ထွက်ပေါ်မလာတော့ပါ။

မုန်းအင်းကျားရဲ့ငါးကောင်စလုံးသည် ... လီထိုက်ဟိုအား အကဲခတ်သလို ကြည့်နေကြသည်။

အသံရော လှုပ်ရှားမှုပါ ... တိတ်ဆိတ်ငြိမ်သက်သွားသည်။

အတန်ကြာမှ .... မုန်းအင်းကျားကြီးက ရုတ်တရက် လက်တစ်ဘက်မြှောက်၍ အချက်ပေးလိုက်သည်။

ထိုအခါ . .

မုန်းအင်းကျားရဲ့လေးကောင်သည် မုန်းအင်းကျားကြီး နောက်ဘက်မှ ရှေ့သို့ ခြေတစ်လှမ်းစီ လှမ်းတက်လိုက်ကြသည်။

ယခုအခါတွင် . .

မုန်အင်းကျားရဲငါးကောင်အနေဖြင့် .... လီထိုက်ဟိုရှေ့ မလှမ်းမကမ်းတွင် ရင်ဘောင်တန်း ရပ်မိသွားကြသည်။

ကျားကြီးက လီထိုက်ဟိုအား လက်ညှိုးငေါက်ငေါက်ထိုး ကာ ... တစ်လုံးချင်း ပြောလိုက်၏။

'လီထိုက်ဟို .... ကျုပ်တို့ မုန်းအင်းကျားရဲငါးကောင်ဟာ ခြောက်တိုင်းကြောက်တဲ့လူတွေ မဟုတ်ဘူး၊ ကျုပ်တို့နဲ့ လက်တွေ့ ယှဉ်ပြိုင်ကြပြီးမှ ခင်ဗျားအနေနဲ့ စကားကိုကုန်အောင် ပြောပါ'

လီထိုက်ဟိုက ပြုံးလိုက်လေ၏။

'ကောင်းပြီလေ ... ကဲ ... ဟိုသုံးယောက် ခင်ဗျားတို့ရဲ့ ဓားတွေကို သွားပြန်ကောက်လိုက်ပါ၊ ကျုပ်ဟာ .... ဘယ်တော့မှ လက်နက်မဲ့ လူတွေနဲ့ မယှဉ်ပြိုင်ချင်ဘူး'

လီထိုက်ဟို၏စကားကြောင့် မှတ်ဆိတ်မွေးထူလပျစ်နှင့် ကျားကြီးက မဲ့ပြုံးပြုံးကာ ... ချီးမွမ်းစကား ပြန်ပြောလိုက်၏။

'လီထိုက်ဟို ... ခင်ဗျားဟာ နံပါတ်တစ်ဓားသမား ဆိုတဲ့ အတိုင်း သူ့ရဲကောင်း ပီသပါပေတယ်'

ပြောပြောဆိုဆို ကျားကြီးက ငေ့ယမ်းပြလိုက်၏။

မုန်းအင်းကျားရဲသုံးကောင်သည် ... မိုချုံးရိအလောင်းနှင့် ခပ်လှမ်းလှမ်းတွင် ကျနေသော ... သူတို့၏ ဓားများကို လျင်မြန်စွာ သွားရောက် ကောက်ယူလိုက်ကြသည်။



ပြီးလျှင် ...

ကျားရဲငါးကောင်သည် တိုက်ခိုက်ရန် အသီးသီးနေရာယူ လိုက်ကြသည်။ သူတို့သည် အဆင့်မြင့်သိုင်းသမားများဖြစ်ကြသည့် အပြင် လူအင်အားအရ အသာစီးရနိုင်သည်ဟု မျှော်လင့်ထားကြ သည်။ သူတို့၏ တိုက်ခိုက်နည်းဗျူဟာမှာ ပြောသံပေး၍ တစ်ပြိုင် နက်တည်း ဝင်၍ တိုက်ခိုက်ရန် ... တိုင်ပင်ထားကြသည်။

သူတို့၏ အတွေ့အကြုံအရ ... ဓားငါးလက် တစ်ပြိုင်တည်း တိုက်ခိုက်မှုကို ... တော်တန်ရုံ ဓားသမားတစ်ယောက်အနေဖြင့် ခုခံ ကာကွယ်နိုင်စွမ်း မရှိပေ။

ထိုစဉ် .... လီထိုက်ဟိုကလည်း ... သူ့ဓားကို လေထဲတွင် ဝှေ့ယမ်းလိုက်သည်။

လီထိုက်ဟို၏ ဓားမှ အလင်းရောင်က ... တဖိတ်ဖိတ်နှင့် လင်းလက်ဝင်းဖြာသွားသည်။

ပြီးနောက် ... အသံကိုမြှင့်၍ .... ကျားရဲငါးကောင်အား အော်ပြောလိုက်လေသည်။

'ခင်ဗျားတို့ငါးယောက်စလုံးကို ကျုပ်က တစ်ပြိုင်တည်း ယှဉ်ပြိုင်တိုက်ခိုက်မယ်၊ ကဲ ... စနိုင်ပြီ'

လီထိုက်ဟို၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မုန်းအင်း ကျားရဲငါးကောင်သည် ပြိုင်တူအော်ဟစ်ကာ မာန်သွင်းလိုက်ပြီး လီထိုက်ဟိုအား .... ဝိုင်းဝန်းတိုက်ခိုက်လေတော့သည်။

'ယား ...' 'ဟိုင်း ...' 'အီး ...' 'ယား ...'

အော်ဟစ်မာန်သွင်းသံများနှင့်အတူ... အလွန်ပြင်းထန်သော ဓားချက်များကို အသုံးပြုကြသည်။

'ချွင်း ....' 'ချွမ်း ...' 'ထန်း ....'

သို့ဖြစ်ရာ ....

ဓားချင်းထိခိုက်သံများက ဆူညံစွာထွက်ပေါ်လာသည်၊

ထို့အတူ ... လူရိပ်များမှာလည်း ... ရှုပ်ထွေးသွားသည်၊

သို့သော် ...

ဤအသံများနှင့် လှုပ်ရှားမှုများက မကြာလိုက်ပါ။

မျက်စိတစ်မှိတ် ... လျှပ်တစ်ပြက်မျှသာ ကြာမြင့်ခဲ့သည်၊

လီထိုက်ဟိုသည် ... သူ့အား ဝိုင်းဝန်း တိုက်ခိုက်နေသော မုန်းအင်းကျား၏ ငါးကောင်၏ အလယ်မှ 'ရေငုပ်နဂါးကောင်းကင်တက်' သိုင်းကွက်ဖြင့် အပေါ်သို့ ရုတ်ခြည်း ခုန်တက်လိုက်၏။

ခုန်တက်လိုက်စဉ်မှာပင် .... သူသည် ဓားကိုနှစ်ချက် ဝှေ့ယမ်းလိုက်သည်။

'အူး .... ' 'အင့် ....'

အော်သံခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

လျှပ်တစ်ပြက်အတွင်း လီထိုက်ဟိုသည် ... မုန်းအင်းကျား၏ ငါးကောင်၏အလယ်မှ လေထုအတွင်းသို့ ခုန်တက်လွတ်မြောက်သွားလေ၏။ ထို့နောက် ...



ခြေလှမ်းဆယ်လှမ်းခန့်အကွာ မြေပြင်ပေါ်သို့ ပေါ့ပါးစွာ ပြန်ကျလျက် ဓားကိုကိုင်ကာ ... စောင့်ကြည့်နေလိုက်သည်။

ထိုစဉ် ...

မုန်းအင်းကျားရဲ့ငါးကောင်အနက် ... ကျားနှစ်ကောင်မှာ ဓားကို ဆုပ်ကိုင်လျက်နှင့် မြေပေါ်သို့မှောက်လျက်လဲကျသွားသည်။

မုန်းအင်းကျားကြီး၏ မျက်နှာတွင်သွေးဆုတ်ကာ ဖြူရော်ရော် ဖြစ်လျက်ရှိနေသည်။

ထို့နောက် ... သူက လီထိုက်ဟိုအား လှမ်းပြောလိုက်၏။

'ခင်ဗျားရဲ့ ဓားရေးအစွမ်းဟာ ... အံ့မခန်းလောက်စရာပါပဲ၊ ကဲ ... နောက်တော့ တွေ့ကြသေးတာပေါ့'

ထိုသို့ပြောပြီးသည်နှင့် ... ကျားကြီးက လက်ကာပြလိုက်လေ သည်။

မုန်းအင်းကျားနှစ်ကောင်က လဲကျသေဆုံးနေသော သူတို့၏ညီအစ်ကို ကျားနှစ်ကောင်၏ အလောင်းများအား ပွေ့ယူထမ်းချီလိုက်သည်။

မကြာမီ ...

မုန်းအင်းကျားရဲ့သုံးကောင်သည် အလောင်းနှစ်လောင်းနှင့်အတူ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

❖❖❖❖❖

**အခန်း (၁၆)**

**ယိုးလင်ဂေဟာ၏ အခြေအနေဆိုး**

မုန်းအင်းကျားများ ထွက်ခွာသွားသည်နှင့် တစ်ပြိုက်နက်
လီထိုက်ဟိုမှာ သတိဝင်လာကာ နှုတ်မှ တီးတိုးရေရွတ်လိုက်မိ၏

'အင်း ... ငါလူနှစ်ယောက်ကို သတ်မိပြီ'

ထိုအချိန်တွင် ... လီထိုက်ဟိုအနီးသို့ 'ကျုန်း' ဂေဟာ
သခင်ကြီး ရောက်ရှိလာသည်။

သူက ... လီထိုက်ဟို၏ ပခုံးအား ဆုပ်ကိုင်လျက် ...

'လီထိုက်ဟို၊ ခင်ဗျား ဒီလောက်လဲ စိတ်မကောင်းဖြစ်မနေ
ပါနဲ့၊ ဒီလူတွေကို သတ်သင့်ပါတယ်၊ သူတို့အထဲက လူတစ်ယောက်
နှစ်ယောက်ကို သတ်မိလို့ ခင်ဗျား စိတ်မကောင်းဖြစ်စရာမလိုဘူး
သူတို့ငါးယောက်စလုံးကို သတ်မိလည်း ခင်ဗျားမှာ အပြစ်မရှိပါဘူး



ကျုန်းဂေဟာသခင်ကြီးက ဆက်ပြောသည်။

'ခုလိုသတ်ပစ်မှ တစ်ယောက်လျော့ရင် လျော့သလောက်
သူတို့ရဲ့အင်အားလည်း လျော့သွားမယ်၊ ကဲ ... ကဲ ... ခင်ဗျားရဲ့
မိန်းကလေးကို ကြည့်ပါဦး၊ သူ့ ဒဏ်ရာက မသေးလှဘူး'

ထိုအခါကျမှ လီထိုက်ဟို သတိပြန်ဝင်လာပြီး မိုရှုရီထံသို့
ချက်ချင်းပြေးလွှားသွားသည်။ ပြီးနောက် ... ကျုန်းဂေဟာ အစောင့်
များက ဖေးမထားသော မိုရှုရီအား ပွေ့ထူလိုက်သည်။

မိုရှုရီမျက်နှာမှာ သွေးထွက်လွန်နေသောကြောင့် ဖြူရော်
ရော် ဖြစ်နေသည်။ သို့သော် ... မိုရှုရီ သတိရှိနေသေးသည်။

'အစ်ကိုလီ . . '

မိုရှုရီက အားလျော့သောလေသံဖြင့် ခေါ်လိုက်သည်။

လီထိုက်ဟိုက ... ကပျာကယာ ပြန်ထူးလိုက်သည်။

'အစ်ကို ... အနားမှာ ရှိပါတယ် ရှုရီ၊ ညီမဒဏ်ရာကို အစ်ကို
ကြည့်ပြီးပြီ၊ အူတွေကို ... ထိမသွားပါဘူး၊ သမားတော်နဲ့ကုပြီးရင်
ပျောက်သွားမှာပါ၊ အခု ညီမမှာ သွေးထွက်လွန်နေလို့ အားပြတ်သွား
တာပဲ၊ မစိုးရိမ်ပါနဲ့'

မိုရှုရီ၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

သူမက ခေါင်းကိုခါယမ်းပြီး ပြောလိုက်၏။

'အစ်ကိုလီ ... ကျွန်မတို့အတွက်နဲ့ အစ်ကို့မှာ ဘေးအန္တရာယ်
ကြုံခဲ့ရပြီ၊ ခွင့်လွှတ်ပါနော် . . '

လီထိုက်ဟိုက မိုရှရီ၏ပါးစပ်လေးကို သူ့လက်ဖြင့် အသာ လှမ်းပိတ်လိုက်ပြီး . .

'ရှရီ ... ဒါတွေပြောမနေနဲ့တော့၊ ညီမမောနေမယ်၊ အခု အစ်ကို ညီမကို အိပ်ပျော်သွားအောင် အိပ်ကြောပိတ်ပေးလိုက်မယ်၊ ညီမ ... အိပ်ပျော်သွားရင် ဒဏ်ရာကနာတာလဲ သက်သာသွားမယ်၊ ပြီးတော့ အစ်ကိုက ညီမကို ယိုးလင်ဂေဟာကို ပြန်ပို့ပေးမယ်၊ ဟိုမှာ လဲ အစ်ကိုကြီးမိုပိုက်ရိကို အချိန်မီဆေးတိုက်ပြီး အသက်ကယ်ရဦး မယ်၊ ဒါကြောင့် ... အချိန်သိပ်ဆွဲနေလို့ မဖြစ်ဘူး'

ပြောပြောဆိုဆို လီထိုက်ဟိုက ... မိုရှရီ၏ ခါးအောက်ရှိ အိပ်ကြောကို လက်ဖြင့်တို့နှိပ်ပြီး ပိတ်လိုက်၏။ ချက်ချင်းပင် ... မိုရှရီ သည် လောကကြီးနှင့် ခေတ္တ အဆက်ပြတ်သွားလေသည်။

ထို့နောက် လီထိုက်ဟိုက မတ်တပ်ရပ်လိုက်ပြီး သက်ပြင်း တစ်ချက် ချလိုက်သည်။ ထိုစဉ် ... ကျန်းဂေဟာသခင်ကြီးသည် လီထိုက်ဟို အနားသို့ ရောက်ရှိလာကာ ...

'လီထိုက်ဟို ... မိုရှရီရဲ့အစ်ကို အသုဘကိစ္စကို ကျုပ်ပဲ စီစဉ် လိုက်ပါ့မယ်၊ ခင်ဗျား မိုရှရီကိုခေါ်ပြီး ယိုးလင်ဂေဟာကို အမြန်ဆုံး ပြန်ပါ၊ ကျုပ် မိုရှရီ သက်သက်သာသာ ပြန်နိုင်အောင် မြင်းလှည်း တစ်စီး ... စီစဉ်ပေးလိုက်မယ်'

လီထိုက်ဟိုက ...

'ကျေးဇူးတင်ပါတယ်၊ သခင်ကြီး'



ကျန်းဂေဟာ သခင်ကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း လိုက်ပြီး ...

'ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ၊ ခင်ဗျားရဲ့ကျေးဇူးတွေဟာ ကျုပ်တို့ ကျန်းဂေဟာ တစ်ခုလုံးပေါ်မှာ အများကြီးရှိပါတယ်၊ ကျုပ် တို့ ဘယ်လို ဆပ်ရမှန်းတောင် မသိပါဘူး'

ပြောပြောဆိုဆို ကျန်းဂေဟာသခင်ကြီးက တစုံတစ်ခုကို သတိရဟန်ဖြင့် ခေတ္တ စဉ်းစားလိုက်သည်။ ထို့နောက် ...

သက်ပြင်းရှည်တစ်ခုကို လေးတွဲ့စွာချလိုက်ကာ ...

'အင်း ... လီထိုက်ဟိုကို၊ ခုလိုဆုံတုန်းမှာ အရေးကြီးတဲ့ ကိစ္စတခု ပြောပြချင်တယ်'

'ဘာများလဲ သခင်ကြီး၊ ပြောပါ'

ကျန်းသခင်ကြီးက ခေါင်းကိုတဆတ်ဆတ် ညိတ်ပြီး ...

'အင်း ... မပြောလို့လည်း မဖြစ်ဘူး၊ အကြောင်းကတော့ ဒီလိုပါ'

ကျန်းဂေဟာသခင်ကြီးက သူ ပြောချင်သောကိစ္စကို အတို ချုံး၍ ပြောပြလိုက်လေသည်။ သူ့ စကားဆုံးသွားသောအခါ ... လီထိုက်ဟို၏ မျက်နှာတွင် ကြီးစွာသော ထိတ်လန့်တုန်လှုပ်မှုကြီး ဖြစ်ပေါ်လာလေတော့သည်။

❖❖❖❖❖

ယိုးလင်ဂေဟာ၏ နံနက်ခင်းသည် တိတ်ဆိတ်ငြိမ်သက်
လျက်ရှိသည်။

ဂေဟာ၏ တံခါးမကြီးသည် စေ့စေ့ ပိတ်လျက်ရှိ၏။ ယင်း
တံခါးမရှေ့တွင် ယိုးလင်ဂေဟာမှ တံခါးစောင့်လေးယောက်
စောင့် ကြပ်လျက်ရှိသည်။

သူတို့အားလုံးသည် ခါးတွင်ဓားများ ချိတ်ဆွဲထားလျက်ရှိ
သည်။

ထို့ပြင် ...

လက်ထဲတွင်လည်း လှံတံများကို ကိုယ်စီကိုင်ဆောင်ထား
ကြသည်။

သူတို့၏အသွင်ကို ကြည့်ခြင်းအားဖြင့် ယိုးလင်ဂေဟာအား
ယခင်ကထက် ပို၍ဂရုစိုက် စောင့်ကြပ်နေကြောင်း သိသာလှပေ
သည်။



ဧည့်ခန်းမကြီးထဲတွင် မိုစုရိသည် လက်နှစ်ဘက်ကို နောက်
ပစ်လျက်၊ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိနေသည်။

သူသည် မကြာခဏ တံခါးကြီးဆီမှ ဝင်လာရာ ကျောက်လမ်း
ဆီသို့ လှမ်းမျှော်ကြည့်လေရှိသည်။

သူ၏လှုပ်ရှားမှုက စိတ်မငြိမ်မှုကို ဖော်ပြနေသည်။

ထို့အပြင် . . .

သူ့မျက်နှာပေါ်တွင်လည်း စိုးရိမ်သည့် အသွင်က ထင်ထင်
ရှားရှား ပေါ်လွင်နေသည်။

ခဏအကြာတွင် . .

မိုစုရိသည် ... ဧည့်ခန်း၏ ညာဘက်တံခါးပေါက်မှ အခန်း
အတွင်းသို့ ဝင်သွားသည်။

ထိုအခန်းထဲတွင်ကား . .

စားပွဲခုံတစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ချလျက် ထိုင်နေ
သော မိုပိုက်ရိကို တွေ့လိုက်ရသည်။

ယိုးလင်ဂေဟာသခင်ကြီး ... မိုပိုက်ရိ၏မျက်နှာသည် သွေး
ဆုတ်ဖြူရော်လျက် ရှိနေသည်။

သူ့နဖူးပြင်တွင်လည်း ချွေးသီးချွေးပေါက်များက နေရာ အနှံ့
စီတွဲလျက်ရှိသည်။

မိုစုရိသည် ... သူ့အစ်ကို ဝေဒနာခံစားနေရသည်ကို လှမ်း
ကြည့်လိုက်ပြီး စိတ်မသက်သာစွာဖြင့် သက်ပြင်းချလိုက်သည်။

ထိုသို့ . .

မိုစုရီသည် စိတ်လှုပ်ရှားလွန်းနေသဖြင့် လက်နှစ်ဘက်အား ပူးယှက်ကာ လက်ချောင်းကလေးများအား တစ်ဘက်နှင့်တစ်ဘက် ကူးပြောင်းလျက် ချိုးခေါက်နေမိသည်။

'တောက် . . တောက် . .တောက်'

ထိုသို့ . .

ချိုးခေါက်ရာမှ ထွက်ပေါ်လာသောအသံသည် တိတ်ဆိတ်လှသော အခန်းတွင်းဝယ် တတောက်တောက်ဖြင့် တိုးညင်းစွာမြည်လျက် ထွက်ပေါ်နေပေသည်။

ထိုစဉ် ...

မိုပိုက်ရီသည် သူ့မျက်လုံးအစုံအား ဖြည်းလေးစွာ ဖွင့်ကြည့်လိုက်သည်။

'ညီလေး ... စုရီ'

မိုပိုက်ရီ၏ခေါ်သံကြောင့် မိုစုရီက ကမန်းကတန်း ပြန်လည်ထူးလိုက်ပြီး . .

'အစ်ကိုကြီး ... ဘယ်လိုနေသေးသလဲ'

မိုပိုက်ရီသည် မချိပြုံးပြုံးရင်း ဦးခေါင်းကို ခါယမ်းပြလိုက်သည်။ ပြီးမှ အားလျော့သောလေသံဖြင့် . .

'ငါ ... ငါ့အတွင်းအားတွေကို ပြန်ညှိလို့ မရတော့ဘူး၊ ပြန်ညှိဖို့အင်အားကလဲ မရှိဘူးဖြစ်နေတယ်၊ ဒါဟာ ... စိတ်သွားတိုင်း ကိုယ်



မပါတော့တာကို ပြတာပဲ၊ ငါတော့ ... လီထိုက်ဟိုနဲ့ ညီမလေးတို့သာ အချိန်မီပြန်မရောက်လာကြရင်... အင်း ... ငါ့အသက်ဟာ မျှော်လင့်ချက် မရှိတော့ဘူး'

ထိုအခါ ...

မိုစုရီသည် သစ္စာဖောက်သွားသော သူ့အစ်ကိုလတ် မိုချုံးရီ အပေါ် ... ဒေါပွစွာ ရေရွတ်ကြုံးဝါးလိုက်၏။

'တောက် . . ဒီလောက်မိုက်မိုက်မဲမဲ လုပ်သွားတဲ့ မိုချုံးရီကို ကျုပ် အခုချက်ချင်း ... သွားသတ်ပစ်လိုက်ချင်တယ်၊ အစ်ကိုကြီး ဝေဒနာသာ သက်သာသွားပြီးရင်တော့လား၊ ဒီကောင်ကိုတွေ့အောင် ရှာပြီး ... ဓားနဲ့ နုပ်နုပ်စဉ်းပစ်မယ်'

မိုပိုက်ရီက ဒေါသထွက်နေသော သူ့ညီငယ်အား မျက်လုံးလှန် ကြည့်လိုက်ကာ . .

'ညီလေး၊ မိုချုံးရီကို အပြစ်တင် မစောနဲ့အုံး၊ သူ ဘာကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတာကို သေသေချာချာ ပြန်ဆန်းစစ်ကြည့်ရင် ငါတို့ညီအစ်ကိုမောင်နှမတွေရဲ့ ပယောဂ မကင်းဘူး၊ တကယ်တော့ သူ့ကို ဒီလို အမှားကျူးလွန်လာမိအောင် ဖန်တီးတာက တို့တစ်တွေပဲ၊ တို့ဟာ သိုင်းလောကကြီးတစ်ခုလုံးကိုတောင် စိုးမိုးချုပ်ကိုင်ဖို့ ကြံစည်ခဲ့သေးတာပဲ မဟုတ်လား'

မိုပိုက်ရီက စကားကိုခေတ္တနားလိုက်ပြီး၊ အသက်ကို ပြင်းပြင်းရှူလိုက်၏။ ထို့နောက် ... ဆက်ပြောသည်။

'အင်း ... အခုငါသေဖို့ဖြစ်လာတာဟာ ငါရဲ့အကုသိုလ်နဲ့ ငါခံရတာပါ'

ဤတွင် မိစုရိက ဒေါသအလျောက် ခြေဆောင့်လိုက်ပြီး ....

'အစ်ကိုကြီး၊ အစ်ကိုကြီး ပြောတာတွေဟာ တစ်ခုမှမဟုတ်သေးဘူး'

မိပိုက်ရိက ခံစားနေရသည့်ဝေဒနာကြားမှ မချိပြုံးပြုံးကာ ပြောလိုက်သည်။

'ညီလေး . . မင်းအစ်ကိုလတ် အပေါ်မှာ ဘာအပြုံးမှမထားနဲ့ စောစောက မင်းပြောလိုက်တယ်မဟုတ်လား၊ ချုံးရိကို မင်းလိုက်ရှာပြီး သတ်ပစ်မယ်ဆိုတာ၊ ဒီလိုဆို မင်းလဲ ဘာထူးလဲ၊ ကိုယ့်အစ်ကိုရင်း တစ်ယောက်ကို သတ်ဖို့ကြံတာ မဟုတ်လား၊ ချုံးရိက ငါ့ကိုသတ်ဖို့ကြံသလို မင်းကလဲ ချုံးရိကိုသတ်ဖို့ကြံနေတယ်၊ ဒီတော့မင်းလဲ ဘာထူးသလဲ၊ သဘောက အတူတူပဲပေါ့'

ထိုအခါကျမှ မိစုရိမှာ သူ့အစ်ကိုကြီး၏ စကားကြောင့် ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

သို့နှင့် မိပိုက်ရိက ဆက်၍ပြောလိုက်ပြန်သည်။

'အင်း၊ ခုတော့ ငါလဲနားလည်ပါပြီ၊ တကယ်တော့ လောကမှာ လူတွေဟာ တစ်ဦးအပေါ်တစ်ဦး ကြင်နာစိတ်တွေ ထားကြမယ်ဆိုရင် မုန်းစိတ်၊ အနိုင်ယူလိုစိတ်တွေ ကွယ်ပျောက်သွားပြီး လောကကြီးဟာ ဘယ်လောက် အေးချမ်းသာယာလိမ့်မလဲ ဆိုတာပဲ'



မိစုရိက အစ်ကိုကြီးအား သဘောမပေါက်သေးဟန်ဖြင့် ပြောလိုက်သည်။

'အစ်ကိုကြီး . . အစ်ကိုကြီးဟာ အရင်က ဒီလိုစကားမျိုးတွေ ကျွန်တော်တို့ကို မပြောခဲ့ပါဘူး'

မိစုရိ၏စကားကြောင့် မိပိုက်ရိက ယဲ့ယဲ့မျှ ပြုံးလိုက်သည်။

'ညီလေး ... ငါအခုအမြင်မှန်ရနေပြီ၊ အရင်တုန်းက ငါ မင်းတို့ကို ဒီလိုစကားမျိုးမပြောဖူးဘူးဆိုတာမှန်တယ်၊ အဲဒီတုန်းက ငါဟာ သူတစ်ပါးအပေါ် စိုးမိုးအုပ်ချုပ်ချင်တဲ့စိတ် ကြီးစိုးနေတယ်၊ ခုတော့ အဲဒီစိတ်ကြောင့် ငါတို့ ဘာဖြစ်နေသလဲ'

မိပိုက်ရိက စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြော၏။ သူ့စကားသည် အေးချမ်းပြီး ရန်မလိုသောစကားများသာ ဖြစ်သည်။

'ချုံးရိဟာ ငါ့လိုပဲ အတ္တနဲ့ လောဘစိတ်တွေ လွှမ်းလွှမ်းကဲကဲ ဖြစ်လာပြီး နောက်ဆုံး ... ငါ့ကို လုပ်ကြံတဲ့အထိ ဖြစ်လာခဲ့တယ်၊ မဟုတ်လား၊ ဒါပေမယ့် ညီလေး ချုံးရိဟာ တစ်နေ့တော့ သူ့အမှားတွေကို ငါလိုပဲ ... မြင်လာလိမ့်မယ်'

မိပိုက်ရိက စကားကိုဆုံးအောင် ... ဆက်မပြောတော့ပဲ ရပ်လိုက်ပြီး၊ အံကိုတင်းတင်းကြိတ်လိုက်သည်။

သူ့ရင်ပြင်တစ်ခုလုံးသည် တစစ်စစ်နှင့် နာကျင်လာသည်။

သူ့အသည်းနှလုံးကို လက်ဖြင့် ညှစ်ထားသကဲ့သို့ ခံစားလိုက်ရ၏။

ထို့ပြင် . .

သူ၏ဦးခေါင်းသည် တရိပ်ရိပ် မူးလာလေသည်။

သူသည် ကိုယ်ကို တည့်တည့်မတ်မတ်ပင် မထိုင်နိုင်တော့ဘဲ ထိုင်ခုံပေါ်မှယိုင်လဲကျတော့မလိုဖြစ်သွားသည်။

ဤသည်ကို မြင်လိုက်ရသော မိစုရီသည် ... ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့၏။

မိပိုက်ရီ၏ အနီးသို့ လျင်မြန်စွာ ပြေးကပ်သွားပြီး မိပိုက်ရီအား လှမ်းဆွဲ၍ ထိန်းထားလိုက်သည်။

'အစ်ကိုကြီး ... ဘာဖြစ်သွားလို့လဲ ဟင် ... ဘာဖြစ်သွားလို့လဲ'

မိစုရီက စိုးရိမ်တကြီးမေးလိုက်၏။

သို့သော် ...

မိစုရီ၏ အမေးကို ပြန်မဖြေနိုင်သေးဘဲ .... မိပိုက်ရီသည် မျက်လုံးအစုံကို မှိတ်ထားပြီး ထိုင်ခုံနောက်မှီပေါ်သို့ ကိုယ်ကိုမှီချလိုက်သည်။

မိစုရီက ခါးမှနေ၍ ... မိပိုက်ရီ၏ကိုယ်ခန္ဓာကို ဖေးမကာ အသာထိန်းပေးလိုက်ရသည်။

မိပိုက်ရီသည် အတန်ကြာအောင် ... မျက်လုံးကိုမှိတ်၍ မှိန်းနေရင်းမှ ရုတ်တရက် မျက်လုံးကိုဖွင့်လျက် မိစုရီအားကြည့်ကာမေးလိုက်သည်။



'ညီလေး . . လီထိုက်ဟိုနဲ့ ညီမလေးတို့ လာတာတွေ့ပြီလား'

မိစုရီသည် ခေါင်းကို ခါယမ်းပြလိုက်ပြီး . .

'အရိပ်အရောင်တောင် မတွေ့ရသေးဘူး အစ်ကိုကြီး ... အင်း ... တကယ်လို့ နေ့လယ်အထိမှ ရောက်မလာခဲ့ရင် ...'

မိစုရီက ရုတ်တရက် စကားကိုရပ်ပစ်လိုက်၏။

သို့သော် . .

မိစုရီ ဆက်ပြောမည့်စကားကို မိပိုက်ရီက သိပြီးဖြစ်သည်။

ထို့ကြောင့် . .

မိပိုက်ရီက . .

'ညီလေး ငါဟာ ငါ့အတွက် စိုးရိမ်လွန်းလို့ သူတို့ကိုမေးနေတာမဟုတ်ဘူး၊ အခုဆို သေခြင်းတရားကို ငါရဲရဲကြီး ရင်ဆိုင်နေပါပြီ၊ ငါစိုးရိမ်နေတာက ညီမလေးကိုပဲ၊ ပြီးတော့ လီထိုက်ဟို၊ နောက်ပြီး မင်းအစ်ကိုလတ် ချုံးရို၊ သူ့မှာလဲ အန္တရာယ်ရှိနိုင်တယ်၊ မနေ့က တို့ယိုးလင်ဂေဟာကို ရောက်လာကြတဲ့လူတွေဟာ ... စိတ်သဘောထား အလွန်ယုတ်ညံ့ သိမ်ဖျင်းတဲ့လူတွေပဲ၊ သူတို့ဟာ ... ချုံးရိုကို အကောက်ကြံပြီး အသက်အန္တရာယ် ပြုကြလိမ့်မယ်လို့ ငါထင်တယ်'

ဟု ဖြည်းလေးစွာ ပြောလိုက်သည်။

ထိုစဉ် .....

'ဒေါင် . . ဒေါင် . . ဒေါင်'

သံချောင်းခေါက် အချက်ပေးသံက အခန်းတွင်းသို့ ပြည့်ဟိန်း၍ ဝင်လာသည်။

ထိုအခါ . . .

မိစုရီသည် ထိတ်လန့်တကြား ဖြစ်သွားပြီး . . .

'အစ်ကိုကြီး ဒီခုံပေါ်မှာ မှီပြီး ထိုင်နေပါ၊ ကျွန်တော်အပြင်ထွက်ပြီး ကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆို မိစုရီအခန်းတွင်းမှ လျင်မြန်စွာ ပြေးထွက်သွား၏။

မိစုရီသည် တံခါးပေါက်ဝရှိ လှေကားထစ်ပေါ်တွင် ခြေစုံရပ်လိုက်ပြီး၊ အပြင်ဘက်သို့ အော်မေးလိုက်လေ၏။

'ဟေ့ . . ဘာဖြစ်တာလဲ'

သို့သော် . .

တံခါးမကြီးသည် ပိတ်မြဲပိတ်ထား၏။

လှုပ်ရှားမှုဟူ၍ အလျဉ်းမရှိပေ။

ရုတ်တရက် . .

တံခါးမကြီးပေါ်မှ လေးထောင့်ပုံသဏ္ဌာန် ချောင်းကြည့်ပေါက်ကလေးတစ်ခု ဖြတ်ကနဲ ပွင့်ဟသွားပြီး အပြင်ဘက်မှ အစောင့်တစ်ယောက်က ပြန်ဖြေလိုက်သံကို ကြားလိုက်ရသည်။

'သခင်လေး ... လူဆိုးတွေ ရောက်နေတယ်'

မိစုရီသည် ထိတ်ကနဲ ဖြစ်သွား၏။



အလွန်အမင်း စိုးရိမ်တကြီး ဖြစ်သွားသည်။

ထို့ကြောင့် . .

သူက ချက်ချင်းပင် ပြန်မေးလိုက်သည်။

'ရောက်နေတဲ့ လူဆိုးတွေ ဘယ်မှာလဲ'

အပြင်ဘက်မှ အစောင့်က . .

'အရှေ့ဘက် ... တံခါးမ ဝင်ပေါက်ဘက်ကို သွားတာတွေ့လိုက်ပါတယ်၊ သခင်လေး'

အစောင့်က ပြန်ဖြေလိုက်သည်။

'အေး ... မင်းတို့လည်း ဂရုစိုက်နေကြ'

မိစုရီ ထိတ်လန့်မှုသည် အနည်းငယ် သက်သာသွားသည်။

လူဆိုးများသည် ယိုးလင်ဂေဟာ အတွင်းသို့ အရှေ့ဘက်ဝင်ပေါက်မှ ချင်းနင်းဝင်ရောက်လာနေသည်ဟု ဆို၏။

သို့ဖြစ်ပါက ... စက်ယန္တရား လက်နက်သုံးထပ်ကို ဖြတ်ကျော်ပြီးမှ ရောက်လာနိုင်ပေမည်။

သို့ဆိုလျှင် ...

မိစုရီသည် ဂေဟာအတွင်းသို့ လျင်မြန်စွာ ပြန်လည်ပြေးဝင်လာခဲ့သည်။

ဧည့်ခန်းဆောင်သို့ ရောက်သောအခါ သူသည် ညာဘက်နံရံသို့ အလျင်အမြန် လျှောက်သွားပြီး ခလုပ်တစ်ခုကို လှမ်း၍ဆွဲချလိုက်သည်။

သူဆွဲချသော ခလုပ်မှာ ... အရှေ့ဘက်ဝင်ပေါက်တံခါးမှ ဂေဟာဧည့်ခန်းဆောင်အထိ စကြံလမ်းတစ်လျှောက်တွင် တပ်ဆင်ထားသေ ဘယန္တရား စက်သုံးခု၏ ခလုပ်ပင် ဖြစ်သည်။

'ဦးလေး . . ဘယ်သူတွေ ရောက်လာလို့လဲ'

မမျှော်လင့်သော အသံကြားလိုက်ရ၍ မိုစုရိက အံ့အားသင့်စွာ လှည့်ကြည့်မိသည်။

'ဟင် ... အစ်ကိုကြီး'

ဧည့်ခန်းဆောင်အတွင်းသို့ လျှောက်ဝင်လာနေသော မိုပိုက်ရိကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

မိုစုရိသည် သူ့အစ်ကိုကြီးထံ အမြန် လျှောက်သွားပြီး မိုပိုက်ရိအား လှမ်း၍ ထိန်းလိုက်သည်။

သို့သော် ...

မိုပိုက်ရိက လက်ကာ၍ ဟန့်တားလိုက်ပြီး ...

'မလိုဘူး ... ဦးလေး ငါလျှောက်နိုင်ပါတယ်'

မိုစုရိကမူ သူ့အစ်ကိုကြီး လက်မောင်းကို ဖွတ်အတင်း ဆွဲကိုင်လိုက်ကာ ...

'အစ်ကိုကြီး ဘာဖြစ်လို့ အပြင်ထွက်လာတာလဲ၊ အပြင်မှာ ရန်သူလို့ ထင်ရတဲ့ လူစိမ်းတွေ ရောက်နေတယ်တဲ့'

ဟု စိုးရိမ်တကြီး ပြောလိုက်သည်။

ထိုအခါ ...



မိုပိုက်ရိက မိုစုရိလက်ကို ပြန်လည်တွန်းဖယ်လိုက်ပြီး ...

'ကိစ္စမရှိဘူး၊ ငါလိုက်ကြည့်မယ်'

ပြောပြောဆိုဆို မိုပိုက်ရိက အားတင်းလျက် မတ်မတ်ရပ်နေလိုက်သည်။

မိုပိုက်ရိက မတ်မတ်ရပ်နေရင်းမှ . .

'ဦးလေး ... တို့ဂေဟာကို ရန်သူတွေ ဘယ်ဝင်းတံခါးပေါက်က ဝင်လာနေလို့လဲ'

မိုစုရိက ...

'အရှေ့ဘက် ဝင်းတံခါးကလို့ စောစောက အစောင့်တွေ သတင်းပို့သွားတယ်'

ဤတွင် မိုပိုက်ရိက သူ့ဦး၏ ပခုံးကို ဖက်လိုက်ပြီး ...

'ဒါဆို တို့အရှေ့ဘက်တံခါးကို သွားကြည့်ကြရအောင်'

မိုစုရိသည် ထိတ်လန့်တကြား မိုပိုက်ရိအားမော့ကြည့်လိုက်ကာ ...

'အစ်ကိုကြီး အစ်ကိုကြီး လိုက်ကြည့်လို့မဖြစ်ဘူး၊ အစ်ကိုကြီးမှာက အဆိပ်သင့်တဲ့ဒဏ်ရာနဲ့ဆိုတော့ ဘယ်ဖြစ်မလဲ၊ ပြီးတော့ ဒီလူတွေဟာရန်သူဖြစ်ပြီး အင်အားများနေခဲ့ရင် ကျွန်တော်အစ်ကိုကြီးကို အကာအကွယ်ပေးနိုင်မှာ မဟုတ်ဘူး'

ဟု ရှင်းပြသည်။

သို့သော် ....

မိုပိုက်ရိက မဲ့ပြုံးပြုံးလျက် . .

'ယိုးလင်ဂေဟာထဲကို ဘယ်လိုရန်သူက အလွယ်တကူဝင်ရောက်နိုင်မှာလဲ၊ ယိုးလင်ဂေဟာ အနံ့အပြားမှာရှိနေတဲ့ ယန္တရားစက်ခလုတ် လက်နက် သုံးရာခြောက်ဆယ်ကျော်ကို ဖြတ်ကျော် ဝင်ရောက်လာမိတဲ့ရန်သူဟာ ငရဲပြည်ကိုသွားတဲ့လမ်းကိုမှ တမင်ရွေးပြီး ဝင်ရောက်လာတာနဲ့အတူတူပဲမဟုတ်လား'

သို့သော် ...

မိုစုရိမှာ အစ်ကိုကြီးအား ကရုဏာသက်စွာ ကြည့်ကာ၊ ထပ်မံ၍ ဖျောင်းဖျလိုက်ရပြန်သည်။

'အစ်ကိုကြီး ... အစ်ကိုကြီးမှာဒဏ်ရာနဲ့မို့ ညီလေးတားမြစ်နေတာပါ၊ အစ်ကိုကြီးအခန်းထဲမှာနေပါ၊ ညီလေးပဲ ... သွားကြည့်လိုက်ပါ့မယ်'

မိုပိုက်ရိက သဘောကျစွာ ... တဟားဟား ရယ်မောလိုက်ပြန်သည်။

'အို ... ကိစ္စမရှိဘူး၊ ဘယ်လိုရန်သူမျိုး ထပ်ရောက်လာပြန်ပြီလဲဆိုတာ .... ငါသိချင်လို့'

မိုစုရိ ... မတတ်သာတော့ချေ။

သူ့အစ်ကိုကြီး မိုပိုက်ရိက ရန်သူကိုတွေ့ချင်သည်ဟုဆို၍ သူ့အနေနှင့် မည်သို့ တားနိုင်ပါတော့မည်နည်း။

ထို့နောက် . .



ညီအစ်ကိုနှစ်ဦးသား အခန်းအပြင်ဘက်သို့ ထွက်လာကြတော့သည်။

သူတို့သည် ... အရှေ့ဘက်တံခါးပေါက်ရှိရာသို့ စင်္ကြံလမ်းအတိုင်း တဖြည်းဖြည်းလျှောက်လာကြသည်။

မိုပိုက်ရိသည် သူ့ကိုယ်သူ အားတင်း၍သွားနေရခြင်းဖြစ်သည်ကို ညီဖြစ်သူမိုစုရိက သိ၏။

အကယ်၍ ...

ယခုအချိန်တွင် တစုံတစ်ယောက်သော ရန်သူက မိုပိုက်ရိအား လက်ကလေးတစ်ဖက်ဖြင့် အသာတွန်းလိုက်လျှင်ပင် မိုပိုက်ရိမှာ လဲကျသွားနိုင်သည်။

'အစ်ကိုကြီး လမ်းကောင်းကောင်းလျှောက်နိုင်ရဲ့လား'

မိုစုရိက စိတ်မချဟန်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။

မိုပိုက်ရိက အားပျော့နေသောလေသံနှင့် တိုးတိုးပင်ပြန်ဖြေလိုက်လေသည်။

'ရပါတယ်'

ဧည့်ခန်းဆောင်မှ အရှေ့ဘက်ဝင်းတံခါးသို့ရောက်ရန် သူတို့သည် အတော်ကလေးလျှောက်ရဦးမည် ဖြစ်သည်။

မကြာမီ ...

မိုစုရိတို့ညီအစ်ကိုနှစ်ဦး ... အရှေ့ဘက်ဝင်းတံခါးအနီးသို့ ရောက်ရှိလာကြသည်။

ဝင်းတံခါးမကြီးသို့ ရောက်ခါနီးတွင် ပန်းခက်ပန်းနွယ် သစ်ပင်များ စိုက်ပျိုးထားသော ဥယျာဉ်ကလေးတစ်ခု ရှိ၏။

ယင်းဥယျာဉ်ကလေးအား ... သူတို့ဖြတ်ကျော်လာခဲ့လေသည်။

ဥယျာဉ်အတွင်းဝယ် ... ရေကန်ကလေးတစ်ကန် ရှိသည်။

သူတို့သည် ထိုရေကန်ကလေးအား လွန်မြောက်လာသည်နှင့် ဝင်းတံခါးမကြီးကိုလှမ်း၍ မြင်လိုက်ရလေတော့သည်။

ရောက်ရောက်ခြင်းပင် မိုစုရီတို့ညီအစ်ကိုနှစ်ဦး ဝင်းတံခါးမကြီးဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုစဉ် ...

'ဟား . . ဟား . .ဟား'

အသံသြသြကြီးဖြင့် ရယ်မောလိုက်သော လူတစ်ယောက်၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။

တံခါးမုခ်ဝတွင် တံခါးချပ်ကြီးနှစ်ချပ်က ပွင့်ဟနေသည်။

ထို့ပြင် ...

ယိုးလင်ဂေဟာ၏ တံခါးစောင့်လေးဦးစလုံးမှာ တံခါးဝရှေ့တွင် သွေးအလိမ်းလိမ်းထွက်လျက် သေဆုံးနေသည်ကို တွေ့ရ၏။

ရန်သူများသည် တံခါးဝတွင် တန်းစီ၍ ရပ်နေကြသည်။

သူတို့သည် ...ဝင်းတံခါးဝတွင် ရပ်လျက် မိုပိုက်ရီတို့ ညီအစ်ကို နှစ်ဦးအားကြည့်၍ ဟားတိုက်ရယ်မောကြခြင်း ဖြစ်သည်။



ရန်သူစုစုပေါင်း ဆယ်ယောက်ကျော်ကျော် ရှိသည်။

ရှေ့ဆုံးမှ သုံးယောက်သည် မိုစုရီတို့အားစိုက်ကြည့်နေကြလေ၏။

ထိုသုံးယောက်ကား မနေ့က ယိုးလင်ဂေဟာထဲသို့ ရောက်ခဲ့ဖူးသူများပင် ဖြစ်သည်။

စင်စစ် ... ထိုလူသုံးယောက်မှာ မုန်းအင်းကျားရဲဂိုဏ်းကောင်အနက်မှ အသက်ရှင်လျက်ကျန်ရှိသော ကျားရဲသုံးကောင်သာလျှင် ဖြစ်ပေသည်။

ယခုသူတို့ ယိုးလင်ဂေဟာသို့ရောက်ရှိလာခြင်းမှာ သေဆုံးသွားသော သူတို့ညီအစ်ကိုတော် ကျားရဲနှစ်ကောင်အတွက် မိုပိုက်ရီတို့ညီအစ်ကိုအား လက်စားချေရန်ပင် ဖြစ်သည်။

'မိုပိုက်ရီ ... ခင်ဗျားဟာ တော်တော်စိတ်ဓာတ်ပြင်းထန်တာပဲ၊ ခင်ဗျားကိုယ်ထဲမှာ အဆိပ်မိထားတာတောင် ကျုပ်တို့ကို တိုက်ခိုက်ဖို့ ထွက်လာနိုင်သေးတယ်ဟုတ်လား၊ အင်း . . ဒါပေမယ့် ဒီတခါတော့ ... ခင်ဗျား ဒီနေရာမှာပဲ ပွဲချင်းပြီးသွားမှာပါ'

မုတ်ဆိတ်ထူလပျစ်နှင့်ကျားကြီးက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ...

မိုပိုက်ရီတို့ ညီအစ်ကိုနှစ်ယောက်သည် စင်္ကြံလမ်းအဆုံးသို့ ရောက်နေကြပြီ ဖြစ်၏။

မုန်းအင်းကျားရဲ့မျက်ကို ... ဦးဆောင်လာသော ကျားရဲ့သုံး ကောင်သည် ယိုးလင်ဂေဟာ၏ လျှို့ဝှက်ယန္တရား စက်ခလုတ်များ ရှိသည်ကို အတွင်းသိ အစဉ်းသိ ဖြစ်နေပုံရသည်။

ထို့ကြောင့် ...

သူတို့သည် စကြံလမ်းအတွင်းသို့ ဝင်မလာကြဘဲ ဝင်းခြံဝမှ ရပ်၍ စကားလှမ်းပြောနေကြခြင်း ဖြစ်သည်။

မိုစုရိမှာ .... သူတို့အား တွေ့မြင်လိုက်ကတည်းက ဒေါသ ပြင်းထန်စွာ ထွက်နေပြီ ဖြစ်သည်။

မိုပိုက်ရိက လှုပ်လှုပ်ရှားရှား ရှူးရှူးရှဲရှဲဖြစ်နေသော မိုစုရိ အား အသာမျက်ရိပ်ပြကာ ဟန့်တားသတိပေးလိုက်၏။

ပြီးနောက် ...

ကျားရဲ့သုံးကောင်အား မဲ့ပြုံးပြုံးလိုက်ကာ ...

'ကျုပ်တို့ ယိုးလင်ဂေဟာနဲ့ ခင်ဗျားတို့ ရန်ငြိုးရန်စ ရှိခဲ့တာ လဲမဟုတ်ဘဲနဲ့ ဘာကြောင့်ကျုပ်တို့ကို ခဏခဏ ဒုက္ခလာပေးနေရ တာလဲ၊ ကျုပ်တို့က အရင်ရန်ငြိုးရှိထားရင်တော့ ဟုတ်တာပေါ့ဗျာ'

မုန်းအင်းကျားကြီးက အားရပါးရ ရယ်မောလိုက်ပြီး ...

'ဟား . . ဟား . . ဟား'

'ဟုတ်တယ်၊ အစကတော့ခင်ဗျားတို့နဲ့ ကျုပ်တို့ ရန်ငြိုးရန်စ မရှိခဲ့ဘူး၊ ကျုပ်တို့လာခဲ့တာက သိုင်းအဖွဲ့ပေါင်းစုံရဲ့ မူပိုင်လျှို့ဝှက် သိုင်းကွက်တွေပါတဲ့ စာအုပ်ကိုရယူဖို့ လာခဲ့တာပဲ'



မုန်းအင်းကျားကြီးက အံကြိတ်လိုက်၏။ သူသည် အငြိုး ထားရခြင်းအကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်လေတော့၏။

'ဒါပေမယ့် .... ခုတော့ ပြောင်းပြန်ဖြစ်သွားပြီ၊ ခင်ဗျားတို့ ယိုးလင်ဂေဟာက မိုချုံးရိဟာ ကျုပ်တို့အပေါ် သစ္စာဖောက်ခဲ့တယ်၊ အခုလီထိုက်ဟိုနဲ့ ပူးပေါင်းပြီး ကျုပ်တို့ကို တိုက်ခိုက်ခဲ့လို့ ကျုပ်ညီ နှစ်ယောက်ကျဆုံးခဲ့ပြီ၊ ဒီသွေးကြွေးကို .... ခင်ဗျားတို့ ညီအစ်ကို နှစ်ယောက်ဆီမှာ တောင်းဖို့လာခဲ့တာပဲ'

ဤတွင် မိုပိုက်ရိ နှင့် မိုစုရိတို့မှာ ကြားလိုက်ရသောသတင်း အတွက် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြလေတော့၏။

❖❖❖❖❖

အခန်း (၁၇)

အကြံကုန် ဂဠုန်ဆားချက်

မိုပိုက်ရှိမှာ .... ရုတ်တရက် စကားပြန်မပြောနိုင်လောက်အောင် ဖြစ်သွားလေ၏။

'ကျုပ်ညီ မိုချုံးရှိဟာ ... လီထိုက်ဟိုနဲ့ ပေါင်းပြီး ခင်ဗျားတို့ညီ နှစ်ယောက်ကို သတ်ခဲ့တယ်ဟုတ်လား။ မိုးပြိုကျလာပြီဆိုတာကိုသာ ... ကျုပ်ယုံချင် ယုံမယ်၊ ခင်ဗျားတို့ပြောတာကိုတော့ ကျုပ်မယုံဘူး ....

'မိုချုံးရှိဟာ ခင်ဗျားတို့ ညီအစ်ကိုနဲ့ ပေါင်းသင်းခဲ့တယ်၊ ဒီကောင်ဘယ်လောက်ဆိုးသလဲဆိုရင် သူ့အစ်ကိုကြီးဖြစ်တဲ့ ကျုပ်ကိုတောင် အဆိပ်လက်နက်သုံးပြီး ဓားစာခံလုပ်ခဲ့သေးတာပဲ'

သူ့စကားဆုံးသေးဟန် မတူပါ၊ သူဆက်ပြီး ပြောသည်။



'နောက်ပြီး ... လီထိုက်ဟိုကလည်း လူသတ်မှုကို အင်မတန်ရွံမုန်းတဲ့လူပါ၊ ဒီလူက ခင်ဗျားတို့ညီနှစ်ယောက်ကို သတ်တယ်ဆိုတာလဲ ကျုပ်မယုံနိုင်ဘူး၊ ခင်ဗျားတို့စကားတွေဟာ ယုတ္တိရှိရဲ့လားဆိုတာ ပြန်စဉ်းစားစမ်းပါဦး'

မုန်အင်းကျားကြီးက ဒေါသ အကြီးအကျယ်ထွက်ကာ ပြန်ပြောလိုက်သည်။

သူ့အသံက ခက်ထန်ပြီး ကျယ်လောင်စူးရှနေသည်။

'ဒီမှာ မိုပိုက်ရှိ၊ ကျုပ်က ခင်ဗျားကိုလာပြီး လိမ်နေစရာအကြောင်းမရှိဘူး၊ ကျုပ်ညီနှစ်ယောက် သေသွားတာတော့ အမှန်ပဲ၊ သတ်တဲ့လူတွေကလဲ လီထိုက်ဟိုနဲ့ မိုချုံးရှိ၊ ဒီတော့ကျုပ်တို့အခု ခင်ဗျားတို့ ယိုးလင်ဂေဟာကို တိုက်ခိုက်ဖျက်ဆီးဖို့ လာခဲ့ကြတာပဲ'

သို့ဖြစ်၍ . . .

မိုပိုက်ရှိက သူ၏စိတ်ကို တည်ငြိမ်စွာ ထားလိုက်ပြီးနောက် မုန်အင်းကျားကြီးအား စူးစူးရဲရဲ စိုက်ကြည့်လိုက်ကာ . . .

'ခင်ဗျား ပြောနေတာတွေကို ... ကျုပ်မယုံဘူး၊ မကြာခင်ကျုပ်ညီမနဲ့ လီထိုက်ဟို ပြန်လာတော့မယ်၊ အဲဒီအခါကျမှ ခင်ဗျားပြောတာ ဟုတ်မဟုတ် သိရမှာပဲ၊ ခင်ဗျား စောင့်နိုင်ရင် အဲဒီအချိန်ထိ စောင့်ပါ၊ တကယ်လို့ ခင်ဗျားပြောသလို ကျုပ်ညီဟာ ခင်ဗျားတို့အပေါ်မှာ ကျူးလွန်ခဲ့တာ မှန်ရင်၊ ခင်ဗျားတို့ ကျေနပ်တဲ့အထိ ဖြေရှင်းပေးမယ်'

ထိုစဉ် .... မုန်းအင်းကျားကြီးသည် မချိပြုံးပြုံးလိုက်၏၊ သူက မလိုတမာ ပြောလေ၏။

'မိုပိုက်ရိ ... ခင်ဗျားက စစ်ကူရောက်လာအောင် စောင့်ချင်တဲ့သဘောလား၊ ဟဲ ... ဟဲ ... ဒီလိုနဲ့ဘယ်ရမလဲ၊ ခင်ဗျားသူတို့ကို စောင့်နေလို့ အပိုပဲ၊ ခင်ဗျား ညီမဟာလည်း အသက်ရှင်လမ်း သိပ်မမြင်ဘူး၊ လီထိုက်ဟိုလဲ ... ခုချိန်လောက်ဆိုရင် ကျန်းဂေဟာမှာ မိချုံးရိရဲ့ အသုဘကိစ္စအတွက် ... အလုပ်များနေလောက်ပြီ၊ ဒီတော့ .. ခင်ဗျား သူတို့ကို စောင့်နေလဲ ... အချိန်ကုန်တာပဲ ရှိမယ်'

သူ၏ စကားကြောင့် .... မိုပိုက်ရိ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့၏။ သူသည် တုန်လှုပ်သောအသံဖြင့် ...

'ဟင်၊ ဘယ်လို ... ကျုပ်ညီ သေပြီ ... ဟုတ်လား၊ ညီမလေးကော ... ဒဏ်ရာ သိပ်ပြင်းထန်သလား'

မိုပိုက်ရိ၏ စကားမဆုံးမီမှာပင် မိုစုရိက ဒေါသတကြီးဝင်ရောက်အော်ဟစ်လိုက်တော့သည်။

'ခွေးကောင်တွေ ... ခင်ဗျားတို့က ကျုပ်အစ်ကိုနဲ့ ကျုပ်ညီမကိုလည်း သတ်ခဲ့သေးတယ်၊ အခုယိုးလင်ဂေဟာကိုလာပြီး သွေးကြွေးလာတောင်းတာ တရားသလား၊ ခင်ဗျားတို့ကို ကျုပ်အစ်ကိုနဲ့ ညီမအတွက် လက်စားချေရမယ်'

ပြောပြောဆိုဆို ... မိုစုရိ၏ လက်များက လျှပ်တစ်ပြက်လှုပ်ရှားသွားသည်။



သူ၏ လက်လှုပ်ရှားမှုကို မည်သူမျှပင် မမြင်လိုက်ကြရပေ။

တစ်ချိန်တည်းတွင် ... သူ့လက်ထဲ၌ သံမဏိစွန်ကုတ်တံ လက်နက်က ရောက်ရှိနေသည်။

တစ်ဆက်တည်း မိုစုရိသည် မုန်းအင်းကျားရဲများကို တိုက်ခိုက်ရန် စကြိုလမ်းပေါ်သို့ လျင်မြန်စွာ ပြေးထွက်သွားလိုက်သည်။

'စုရိ ... မင်းရပ်နေလိုက်စမ်း'

မိုပိုက်ရိက မိုစုရိအား အော်ကာ ... အမိန့်ပေးလိုက်ပြီး၊ မုန်းအင်းကျားကြီးအား လက်ညှိုးထိုးကာ ပြောလိုက်သည်။

'ခင်ဗျားတို့ တရားလွန်လာပြီ၊ ကျုပ်တို့ ယိုးလင်ဂေဟာမှာ ခင်ဗျားတို့ကို ယှဉ်နိုင်တဲ့လူ မရှိတော့ဘူးလို့ ထင်နေကြသလား'

မိုပိုက်ရိက ... ပြောသာပြောနေရသည်။

သူ့လက်များက တုန်ယင်နေသည်။

သို့သော် . .

သူသည် ... မုန်းအင်းကျားရဲများအား ကြောက်ရွံ့၍တော့ မဟုတ်ပေ။

သူ့ကိုယ်ခန္ဓာအတွင်းမှ ... ဝေဒနာက ပို၍ ပြင်းထန်လာသောကြောင့် ဖြစ်သည်။

ထို့နောက် ...

မိုပိုက်ရိက အံကိုတင်းတင်းကြိတ်လိုက်ကာ ...

'ခင်ဗျား ... ခင်ဗျားတို့ ...'

မိုပိုက်ရီမှာ စကားကိုဆက်မပြောနိုင်တော့ပဲ ဒူးညွတ်လျက် ခွေလဲကျသွားလေတော့သည်။

မိုစုရီသည် မိုပိုက်ရီ လဲကျသွားသည်ကို တွေ့လိုက်ရသော အခါ သူ့ရှေ့တွင် ရန်သူများရှိနေသည်ကိုပင် ဂရုမစိုက်နိုင်တော့ပါ။

မိုစုရီသည် မိုပိုက်ရီထံ လျင်မြန်စွာပြေးသွားပြီး မိုပိုက်ရီအား ပွေ့ထူလိုက်သည်။

'အစ်ကိုကြီး ... အစ်ကိုကြီး ... ဘယ်လိုဖြစ်သွားတာလဲ'

မိုစုရီသည် စိုးရိမ်တကြီး အော်ခေါ်လိုက်သည်။

မိုပိုက်ရီမှာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။

မုန်းအင်းကျားကြီးကမူ ထိုမြင်ကွင်းကိုကြည့်ပြီး ဝမ်းသာ အားရဖြင့် တဟားဟား ရယ်မောနေသည်။

ကျန် မုန်းအင်းကျားများကပါ လိုက်၍ ရယ်လိုက်ကြသဖြင့် ရယ်မောသံသည် ဟိန်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာကြ၏။

'ဟား . . ဟား . . ဟား'

ထိုစဉ် ...

မုန်းအင်းကျားကြီးက ... ရယ်မောခြင်းကို ရုတ်တရက်ရပ် လိုက်သည်၊ ကျန်လူများသည်လည်း ရပ်တန့်သွားပြီး ခေတ္တမျှ ငြိမ်လည်တိတ်ဆိတ်သွားသည်။

ရုတ်တရက် ....

'အားလုံး ... အသင့်ပြင်'



'ညီလေး . . လီထိုက်ဟိုနဲ့ ညီမလေးတို့ လာတာတွေ့ပြီ လား'

မိုစုရီသည် ခေါင်းကို ခါယမ်းပြလိုက်ပြီး . .

'အရိပ်အရောင်တောင် မတွေ့ရသေးဘူး အစ်ကိုကြီး ... အင်း ... တကယ်လို့ နေ့လယ်အထိမှ ရောက်မလာခဲ့ရင် ...'

မိုစုရီက ရုတ်တရက် စကားကိုရပ်ပစ်လိုက်၏။

သို့သော် . .

မိုစုရီ ဆက်ပြောမည့်စကားကို မိုပိုက်ရီက သိပြီးဖြစ်သည်။

ထို့ကြောင့် . .

မိုပိုက်ရီက . .

'ညီလေး ငါဟာ ငါ့အတွက် စိုးရိမ်လွန်းလို့ သူတို့ကိုမေးနေ တာမဟုတ်ဘူး၊ အခုဆို သေခြင်းတရားကို ငါရဲရဲကြီး ရင်ဆိုင်နေပါပြီ၊ ငါစိုးရိမ်နေတာက ညီမလေးကိုပဲ၊ ပြီးတော့ လီထိုက်ဟို၊ နောက်ပြီး မင်းအစ်ကိုလတ် ချုံးရီ၊ သူမှာလဲ အန္တရာယ်ရှိနိုင်တယ်၊ မနေ့က တို့ယိုးလင်ဂေဟာကို ရောက်လာကြတဲ့လူတွေဟာ ... စိတ်သဘော ထား အလွန်ယုတ်ညံ့ သိမ်ဖျင်းတဲ့လူတွေပဲ၊ သူတို့ဟာ ... ချုံးရီကို အကောက်ကြံပြီး အသက်အန္တရာယ် ပြုကြလိမ့်မယ်လို့ ငါထင်တယ်'

ဟု ဖြည်းလေးစွာ ပြောလိုက်သည်။

ထိုစဉ် .....

'ဒေါင် . . ဒေါင် . . ဒေါင်'

သံချောင်းခေါက် အချက်ပေးသံက အခန်းတွင်းသို့ မြည်ဟီး၍ ဝင်လာသည်။

ထိုအခါ . . .

မိစုရီသည် ထိတ်လန့်တကြား ဖြစ်သွားပြီး . . .

'အစ်ကိုကြီး ဒီနံပေါ်မှာ မှီပြီး ထိုင်နေပါ၊ ကျွန်တော်အပြင်ထွက်ပြီး ကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆို မိစုရီအခန်းတွင်းမှ လျင်မြန်စွာ ပြေးထွက်သွား၏။

မိစုရီသည် တံခါးပေါက်ဝရှိ လေ့ကားထစ်ပေါ်တွင် ခြေစုံရပ်လိုက်ပြီး၊ အပြင်ဘက်သို့ အော်မေးလိုက်လေ၏။

'ဟေ့ . . ဘာဖြစ်တာလဲ'

သို့သော် . .

တံခါးမကြီးသည် ပိတ်မြဲပိတ်ထား၏။

လှုပ်ရှားမှုဟူ၍ အလျဉ်းမရှိပေ။

ရုတ်တရက် . .

တံခါးမကြီးပေါ်မှ လေးထောင့်ပုံသဏ္ဌာန် ချောင်းကြည့်ပေါက်ကလေးတစ်ခု ဖြတ်ကနဲ ပွင့်ဟသွားပြီး အပြင်ဘက်မှ အစောင့်တစ်ယောက်က ပြန်ဖြေလိုက်သံကို ကြားလိုက်ရသည်။

'သခင်လေး ... လူဆိုးတွေ ရောက်နေတယ်'

မိစုရီသည် ထိတ်ကနဲ ဖြစ်သွား၏။



အလွန်အမင်း စိုးရိမ်တကြီး ဖြစ်သွားသည်။

ထို့ကြောင့် . .

သူက ချက်ချင်းပင် ပြန်မေးလိုက်သည်။

'ရောက်နေတဲ့ လူဆိုးတွေ ဘယ်မှာလဲ'

အပြင်ဘက်မှ အစောင့်က . .

'အရှေ့ဘက် ... တံခါးမ ဝင်ပေါက်ဘက်ကို သွားတာတွေ့လိုက်ပါတယ်၊ သခင်လေး'

အစောင့်က ပြန်ဖြေလိုက်သည်။

'အေး ... မင်းတို့လည်း ဂရုစိုက်နေကြ'

မိစုရီ ထိတ်လန့်မှုသည် အနည်းငယ် သက်သာသွားသည်။

လူဆိုးများသည် ယိုးလင်ဂေဟာ အတွင်းသို့ အရှေ့ဘက်ဝင်ပေါက်မှ ချင်းနင်းဝင်ရောက်လာနေသည်ဟု ဆို၏။

သို့ဖြစ်ပါက ... စက်ယန္တရား လက်နက်သုံးထပ်ကို ဖြတ်ကျော်ပြီးမှ ရောက်လာနိုင်ပေမည်။

သို့ဆိုလျှင် ...

မိစုရီသည် ဂေဟာအတွင်းသို့ လျင်မြန်စွာ ပြန်လည်ပြေးဝင်လာခဲ့သည်။

ဧည့်ခန်းဆောင်သို့ ရောက်သောအခါ သူသည် ညာဘက်နံရံသို့ အလျင်အမြန် လျှောက်သွားပြီး ခလုပ်တစ်ခုကို လှမ်း၍ဆွဲချလိုက်သည်။

သူဆွဲချသော ခလုပ်မှာ ... အရှေ့ဘက်ဝင်ပေါက်တံခါးမှ ဂေဟာဧည့်ခန်းဆောင်အထိ စင်္ကြံလမ်းတစ်လျှောက်တွင် တပ်ဆင်ထားသေ ၁ယန္တရား စက်သုံးခု၏ ခလုပ်ပင် ဖြစ်သည်။

'ညီလေး . . ဘယ်သူတွေ ရောက်လာလို့လဲ'

မမျှော်လင့်သော အသံကြားလိုက်ရ၍ မိုစုရိက အံ့အားသင့်စွာ လှည့်ကြည့်မိသည်။

'ဟင် ... အစ်ကိုကြီး'

ဧည့်ခန်းဆောင်အတွင်းသို့ လျှောက်ဝင်လာနေသော မိုပိုက်ရိကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

မိုစုရိသည် သူ့အစ်ကိုကြီးထံ အမြန် လျှောက်သွားပြီး မိုပိုက်ရိအား လှမ်း၍ ထိန်းလိုက်သည်။

သို့သော် ...

မိုပိုက်ရိက လက်ကာ၍ ဟန့်တားလိုက်ပြီး ...

'မလိုဘူး ... ညီလေး ငါလျှောက်နိုင်ပါတယ်'

မိုစုရိကမူ သူ့အစ်ကိုကြီး လက်မောင်းကို ဖွတ်အတင်း ဆွဲကိုင်လိုက်ကာ ...

'အစ်ကိုကြီး ဘာဖြစ်လို့ အပြင်ထွက်လာတာလဲ၊ အပြင်မှာ ရန်သူလို့ ထင်ရတဲ့ လူစိမ်းတွေ ရောက်နေတယ်တဲ့'

ဟု စိုးရိမ်တကြီး ပြောလိုက်သည်။

ထိုအခါ ...



မိုပိုက်ရိက မိုစုရိလက်ကို ပြန်လည်တွန်းဖယ်လိုက်ပြီး ...

'ကိစ္စမရှိဘူး၊ ငါလိုက်ကြည့်မယ်'

ပြောပြောဆိုဆို မိုပိုက်ရိက အားတင်းလျက် မတ်မတ်ရပ်နေလိုက်သည်။

မိုပိုက်ရိက မတ်မတ်ရပ်နေရင်းမှ . .

'ညီလေး ... တို့ဂေဟာကို ရန်သူတွေ ဘယ်ဝင်းတံခါးပေါက်က ဝင်လာနေလို့လဲ'

မိုစုရိက ...

'အရှေ့ဘက် ဝင်းတံခါးကလို့ စောစောက အစောင့်တွေ သတင်းပို့သွားတယ်'

ဤတွင် မိုပိုက်ရိက သူ့ညီ၏ ပခုံးကို ဖက်လိုက်ပြီး ...

'ဒါဆို တို့အရှေ့ဘက်တံခါးကို သွားကြည့်ကြရအောင်'

မိုစုရိသည် ထိတ်လန့်တကြား မိုပိုက်ရိအားမော့ကြည့်လိုက်ကာ ...

'အစ်ကိုကြီး အစ်ကိုကြီး လိုက်ကြည့်လို့မဖြစ်ဘူး၊ အစ်ကိုကြီးမှာက အဆိပ်သင့်တဲ့ဝေဒနာနဲ့ဆိုတော့ ဘယ်ဖြစ်မလဲ၊ ပြီးတော့ ဒီလူတွေဟာရန်သူဖြစ်ပြီး အင်အားများနေခဲ့ရင် ကျွန်တော်အစ်ကိုကြီးကို အကာအကွယ်ပေးနိုင်မှာ မဟုတ်ဘူး'

ဟု ရှင်းပြသည်။

သို့သော် ....

မိုပိုက်ရိက မဲ့ပြုံးပြုံးလျက် . .

'ယိုးလင်ဂေဟာထဲကို ဘယ်လိုရန်သူက အလွယ်တကူဝင်ရောက်နိုင်မှာလဲ၊ ယိုးလင်ဂေဟာ အနှံ့အပြားမှာရှိနေတဲ့ ယန္တရားစက်ခလုတ် လက်နက် သုံးရာခြောက်ဆယ်ကျော်ကို ဖြတ်ကျော် ဝင်ရောက်လာမိတဲ့ရန်သူဟာ ငရဲပြည်ကိုသွားတဲ့လမ်းကိုမှ တမင်ရွေးပြီး ဝင်ရောက်လာတာနဲ့အတူတူပဲမဟုတ်လား'

သို့သော် ...

မိစုရိမှာ အစ်ကိုကြီးအား ကရုဏာသက်စွာ ကြည့်ကာ၊ ထပ်မံ၍ ဖျောင်းဖျလိုက်ရပြန်သည်။

'အစ်ကိုကြီး ... အစ်ကိုကြီးမှာဒဏ်ရာနဲ့မို့ ညီလေးတားမြစ်နေတာပါ၊ အစ်ကိုကြီးအခန်းထဲမှာနေပါ၊ ညီလေးပဲ ... သွားကြည့်လိုက်ပါ့မယ်'

မိုပိုက်ရိက သဘောကျစွာ ... တဟားဟား ရယ်မောလိုက်ပြန်သည်။

'အို ... ကိစ္စမရှိဘူး၊ ဘယ်လိုရန်သူမျိုး ထပ်ရောက်လာပြန်ပြီလဲဆိုတာ .... ငါသိချင်လို့'

မိစုရိ ... မတတ်သာတော့ချေ။

သူ့အစ်ကိုကြီး မိုပိုက်ရိက ရန်သူကိုတွေ့ချင်သည်ဟုဆို၍ သူ့အနေနှင့် မည်သို့ တားနိုင်ပါတော့မည်နည်း။

ထို့နောက် . .



ညီအစ်ကိုနှစ်ဦးသား အခန်းအပြင်ဘက်သို့ ထွက်လာကြတော့သည်။

သူတို့သည် ... အရှေ့ဘက်တံခါးပေါက်ရှိရာသို့ စင်္ကြံလမ်းအတိုင်း တဖြည်းဖြည်းလျှောက်လာကြသည်။

မိုပိုက်ရိသည် သူ့ကိုယ်သူ အားတင်း၍သွားနေရခြင်းဖြစ်သည်ကို ညီဖြစ်သူမိစုရိက သိ၏။

အကယ်၍ ...

ယခုအချိန်တွင် တစုံတစ်ယောက်သော ရန်သူက မိုပိုက်ရိအား လက်ကလေးတစ်ဖက်ဖြင့် အသာတွန်းလိုက်လျှင်ပင် မိုပိုက်ရိမှာ လဲကျသွားနိုင်သည်။

'အစ်ကိုကြီး လမ်းကောင်းကောင်းလျှောက်နိုင်ရဲ့လား'

မိစုရိက စိတ်မချဟန်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။

မိုပိုက်ရိက အားပျော့နေသောလေသံနှင့် တိုးတိုးပင်ပြန်ဖြေလိုက်လေသည်။

'ရပါတယ်'

ဧည့်ခန်းဆောင်မှ အရှေ့ဘက်ဝင်းတံခါးသို့ရောက်ရန် သူတို့သည် အတော်ကလေးလျှောက်ရဦးမည် ဖြစ်သည်။

မကြာမီ ...

မိစုရိတို့ညီအစ်ကိုနှစ်ဦး ... အရှေ့ဘက်ဝင်းတံခါးအနီးသို့ ရောက်ရှိလာကြသည်။

ဝင်းတံခါးမကြီးသို့ ရောက်ခါနီးတွင် ပန်းခက်ပန်းနွယ် သစ်ပင်များ စိုက်ပျိုးထားသော ဥယျာဉ်ကလေးတစ်ခု ရှိ၏။

ယင်းဥယျာဉ်ကလေးအား ... သူတို့ဖြတ်ကျော်လာခဲ့လေသည်။

ဥယျာဉ်အတွင်းဝယ် ... ရေကန်ကလေးတစ်ကန် ရှိသည်။

သူတို့သည် ထိုရေကန်ကလေးအား လွန်မြောက်လာသည်နှင့် ဝင်းတံခါးမကြီးကိုလှမ်း၍ မြင်လိုက်ရလေတော့သည်။

ရောက်ရောက်ခြင်းပင် မိုဝိုရိုတို့ညီအစ်ကိုနှစ်ဦး ဝင်းတံခါးမကြီးဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုစဉ် ...

'ဟား . . ဟား . . ဟား'

အသံသြသြကြီးဖြင့် ရယ်မောလိုက်သော လူတစ်ယောက်၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။

တံခါးမမုခ်ဝတွင် တံခါးချပ်ကြီးနှစ်ချပ်က ပွင့်ဟနေသည်။

ထို့ပြင် ...

ယိုးလင်ဂေဟာ၏ တံခါးစောင့်လေးဦးစလုံးမှာ တံခါးဝရှေ့တွင် သွေးအလိမ်းလိမ်းထွက်လျက် သေဆုံးနေသည်ကို တွေ့ရ၏။

ရန်သူများသည် တံခါးဝတွင် တန်းစီ၍ ရပ်နေကြသည်။

သူတို့သည် ...ဝင်းတံခါးဝတွင် ရပ်လျက် မိုပိုက်ရိုတို့ ညီအစ်ကို နှစ်ဦးအားကြည့်၍ ဟားတိုက်ရယ်မောကြခြင်း ဖြစ်သည်။



ရန်သူစုစုပေါင်း ဆယ်ယောက်ကျော်ကျော် ရှိသည်။

ရှေ့ဆုံးမှ သုံးယောက်သည် မိုစုရိုတို့အားစိုက်ကြည့်နေကြလေ၏။

ထိုသုံးယောက်ကား မနေ့က ယိုးလင်ဂေဟာထဲသို့ ရောက်ခဲ့ဖူးသူများပင် ဖြစ်သည်။

စင်စစ် ... ထိုလူသုံးယောက်မှာ မုန်းအင်းကျားရဲငါးကောင်အနက်မှ အသက်ရှင်လျက်ကျန်ရှိသော ကျားရဲသုံးကောင်သာလျှင် ဖြစ်ပေသည်။

ယခုသူတို့ ယိုးလင်ဂေဟာသို့ရောက်ရှိလာခြင်းမှာ သေဆုံးသွားသော သူတို့ညီအစ်ကိုတော် ကျားရဲနှစ်ကောင်အတွက် မိုပိုက်ရိုတို့ညီအစ်ကိုအား လက်စားချေရန်ပင် ဖြစ်သည်။

'မိုပိုက်ရို ... ခင်ဗျားဟာ တော်တော်စိတ်ဓာတ်ပြင်းထန်တာပဲ၊ ခင်ဗျားကိုယ်ထဲမှာ အဆိပ်မိထားတာတောင် ကျုပ်တို့ကို တိုက်ခိုက်ဖို့ ထွက်လာနိုင်သေးတယ်ဟုတ်လား၊ အင်း . . ဒါပေမယ့် ဒီတခါတော့ ... ခင်ဗျား ဒီနေရာမှာပဲ ပွဲချင်းပြီးသွားမှာပါ'

မှတ်ဆိတ်ထူလပျစ်နှင့်ကျားကြီးက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ...

မိုပိုက်ရိုတို့ ညီအစ်ကိုနှစ်ယောက်သည် စကြံလမ်းအဆုံးသို့ ရောက်နေကြပြီ ဖြစ်၏။

မုန်းအင်းကျားရဲ့များကို ... ဦးဆောင်လာသော ကျားရဲ့သုံးကောင်သည် ယိုးလင်ဂေဟာ၏ လျှို့ဝှက်ယန္တရား စက်ခလုတ်များရှိသည်ကို အတွင်းသိ အစဉ်းသိ ဖြစ်နေပုံရသည်။

ထို့ကြောင့် ...

သူတို့သည် စကြိုလမ်းအတွင်းသို့ ဝင်မလာကြဘဲ ဝင်းခြံဝမှ ရပ်၍ စကားလှမ်းပြောနေကြခြင်း ဖြစ်သည်။

မိစုရိမှာ .... သူတို့အား တွေ့မြင်လိုက်ကတည်းက ဒေါသ ပြင်းထန်စွာ ထွက်နေပြီ ဖြစ်သည်။

မိုပိုက်ရိက လှုပ်လှုပ်ရှားရှား ရှူးရှူးရှဲရှဲဖြစ်နေသော မိစုရိအား အသာမျက်ရိပ်ပြကာ ဟန့်တားသတိပေးလိုက်၏။

ပြီးနောက် ...

ကျားရဲသုံးကောင်အား မဲ့ပြုံးပြုံးလိုက်ကာ ...

'ကျုပ်တို့ ယိုးလင်ဂေဟာနဲ့ ခင်ဗျားတို့ ရန်ငြိုးရန်စ ရှိခဲ့တာလဲမဟုတ်ဘဲနဲ့ ဘာကြောင့်ကျုပ်တို့ကို ခဏခဏ ဒုက္ခလာပေးနေရတာလဲ၊ ကျုပ်တို့က အရင်ရန်ငြိုးရှိထားရင်တော့ ဟုတ်တာပေါ့ဗျာ'

မုန်းအင်းကျားကြီးက အားရပါးရ ရယ်မောလိုက်ပြီး ...

'ဟား . . ဟား . . ဟား'

'ဟုတ်တယ်၊ အစကတော့ခင်ဗျားတို့နဲ့ ကျုပ်တို့ ရန်ငြိုးရန်စ မရှိခဲ့ဘူး၊ ကျုပ်တို့လာခဲ့တာက သိုင်းအဖွဲ့ပေါင်းစုံရဲ့ မူပိုင်လျှို့ဝှက်သိုင်းကွက်တွေပါတဲ့ စာအုပ်ကိုရယူဖို့ လာခဲ့တာပဲ'



မုန်းအင်းကျားကြီးက အံကြိတ်လိုက်၏။ သူသည် အငြိုးထားရခြင်းအကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်လေတော့၏။

'ဒါပေမယ့် .... ခုတော့ ပြောင်းပြန်ဖြစ်သွားပြီ၊ ခင်ဗျားတို့ ယိုးလင်ဂေဟာက မိုချုံးရီဟာ ကျုပ်တို့အပေါ် သစ္စာဖောက်ခဲ့တယ်၊ အခုလီထိုက်ဟိုနဲ့ ပူးပေါင်းပြီး ကျုပ်တို့ကို တိုက်ခိုက်ခဲ့လို့ ကျုပ်ညီနှစ်ယောက်ကျဆုံးခဲ့ပြီ၊ ဒီသွေးကြွေးကို .... ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက်ဆီမှာ တောင်းဖို့လာခဲ့တာပဲ'

ဤတွင် မိုပိုက်ရိ နှင့် မိစုရိတို့မှာ ကြားလိုက်ရသောသတင်းအတွက် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြလေတော့၏။

❖❖❖❖❖

အခန်း (၁၇)

အကြံကုန် ဂဠုန်ဆားချက်

မိုပိုက်ရှိမှာ .... ရုတ်တရက် စကားပြန်မပြောနိုင်လောက်အောင် ဖြစ်သွားလေ၏။

'ကျုပ်ညီ မိုချုံးရှိဟာ ... လီထိုက်ဟိုနဲ့ ပေါင်းပြီး ခင်ဗျားတို့ညီ နှစ်ယောက်ကို သတ်ခဲ့တယ်ဟုတ်လား၊ မိုးပြိုကျလာပြီဆိုတာကိုသာ ... ကျုပ်ယုံချင် ယုံမယ်၊ ခင်ဗျားတို့ပြောတာကိုတော့ ကျုပ်မယုံဘူး ....

'မိုချုံးရှိဟာ ခင်ဗျားတို့ ညီအစ်ကိုနဲ့ ပေါင်းသင်းခဲ့တယ်၊ ဒီကောင်ဘယ်လောက်ဆိုးသလဲဆိုရင် သူ့အစ်ကိုကြီးဖြစ်တဲ့ ကျုပ်ကိုတောင် အဆိပ်လက်နက်သုံးပြီး ဓားစာခံလုပ်ခဲ့သေးတာပဲ'

သူ့စကားဆုံးသေးဟန် မတူပါ၊ သူဆက်ပြီး ပြောသည်။



'နောက်ပြီး ... လီထိုက်ဟိုကလည်း လူသတ်မှုကို အင်မတန်ရွံမုန်းတဲ့လူပါ၊ ဒီလူက ခင်ဗျားတို့ညီနှစ်ယောက်ကို သတ်တယ်ဆိုတာလဲ ကျုပ်မယုံနိုင်ဘူး၊ ခင်ဗျားတို့စကားတွေဟာ ယုတ္တိရှိရဲ့လားဆိုတာ ပြန်စဉ်းစားစမ်းပါဦး'

မုန်းအင်းကျားကြီးက ဒေါသ အကြီးအကျယ်ထွက်ကာ ပြန်ပြောလိုက်သည်။

သူ့အသံက ခက်ထန်ပြီး ကျယ်လောင်စူးရှနေသည်။

'ဒီမှာ မိုပိုက်ရှိ၊ ကျုပ်က ခင်ဗျားကိုလာပြီး လိမ်နေစရာအကြောင်းမရှိဘူး၊ ကျုပ်ညီနှစ်ယောက် သေသွားတာတော့ အမှန်ပဲ၊ သတ်တဲ့လူတွေကလဲ လီထိုက်ဟိုနဲ့ မိုချုံးရှိ၊ ဒီတော့ကျုပ်တို့အခု ခင်ဗျားတို့ ယိုးလင်ဂေဟာကို တိုက်ခိုက်ဖျက်ဆီးဖို့ လာခဲ့ကြတာပဲ'

သို့ဖြစ်၍ . . .

မိုပိုက်ရှိက သူ၏စိတ်ကို တည်ငြိမ်စွာ ထားလိုက်ပြီးနောက် မုန်းအင်းကျားကြီးအား စူးစူးရဲရဲ စိုက်ကြည့်လိုက်ကာ . . .

'ခင်ဗျား ပြောနေတာတွေကို ... ကျုပ်မယုံဘူး၊ မကြာခင် ကျုပ်ညီမနဲ့ လီထိုက်ဟို ပြန်လာတော့မယ်၊ အဲဒီအခါကျမှ ခင်ဗျားပြောတာ ဟုတ်မဟုတ် သိရမှာပဲ၊ ခင်ဗျား စောင့်နိုင်ရင် အဲဒီအချိန်ထိ စောင့်ပါ၊ တကယ်လို့ ခင်ဗျားပြောသလို ကျုပ်ညီဟာ ခင်ဗျားတို့အပေါ်မှာ ကျူးလွန်ခဲ့တာ မှန်ရင်၊ ခင်ဗျားတို့ ကျေနပ်တဲ့အထိ ဖြေရှင်းပေးမယ်'

ထိုစဉ် .... မုန်းအင်းကျားကြီးသည် မချိပြုံးပြုံးလိုက်၏။ သူက မလိုတမာ ပြောလေ၏။

'မိုပိုက်ရီ ... ခင်ဗျားက စစ်ကူရောက်လာအောင် စောင့်နေတဲ့သဘောလား၊ ဟဲ ... ဟဲ ... ဒီလိုနဲ့ဘယ်ရမလဲ၊ ခင်ဗျားသူတို့ကို စောင့်နေလို့ အပိုပဲ၊ ခင်ဗျား ညီမဟာလည်း အသက်ရှင်လမ်း သိပ်မမြင်ဘူး၊ လီထိုက်ဟိုလဲ ... ခုချိန်လောက်ဆိုရင် ကျန်းဂေဟာမှာ မိချုံးရီရဲ့ အသုဘကိစ္စအတွက် ... အလုပ်များနေလောက်ပြီ၊ ဒီတော့ .. ခင်ဗျား သူတို့ကို စောင့်နေလဲ ... အချိန်ကုန်တာပဲ ရှိမယ်'

သူ၏ စကားကြောင့် .... မိုပိုက်ရီ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့၏။ သူသည် တုန်လှုပ်သောအသံဖြင့် ...

'ဟင်၊ ဘယ်လို ... ကျုပ်ညီ သေပြီ ... ဟုတ်လား၊ ညီမလေးကော ... ဒဏ်ရာ သိပ်ပြင်းထန်သလား'

မိုပိုက်ရီ၏ စကားမဆုံးမီမှာပင် မိုစုရီက ဒေါသတကြီးဝင်ရောက်အော်ဟစ်လိုက်တော့သည်။

'ခွေးကောင်တွေ ... ခင်ဗျားတို့က ကျုပ်အစ်ကိုနဲ့ ကျုပ်ညီမကိုလည်း သတ်ခဲ့သေးတယ်၊ အခုယိုးလင်ဂေဟာကိုလာပြီး သွေးကြွေးလာတောင်းတာ တရားသလား၊ ခင်ဗျားတို့ကို ကျုပ်အစ်ကိုနဲ့ ညီမအတွက် လက်စားချေရမယ်'

ပြောပြောဆိုဆို ... မိုစုရီ၏ လက်များက လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။



သူ၏ လက်လှုပ်ရှားမှုကို မည်သူမှပင် မမြင်လိုက်ကြရပေ။

တစ်ချိန်တည်းတွင် ... သူ့လက်ထဲ၌ သံမဏိစွန်ကုတ်တံ လက်နက်က ရောက်ရှိနေသည်။

တစ်ဆက်တည်း မိုစုရီသည် မုန်းအင်းကျားရဲ့များကို တိုက်ခိုက်ရန် စကြံလမ်းပေါ်သို့ လျင်မြန်စွာ ပြေးထွက်သွားလိုက်သည်။

'စုရီ ... မင်းရပ်နေလိုက်စမ်း'

မိုပိုက်ရီက မိုစုရီအား အော်ကာ ... အမိန့်ပေးလိုက်ပြီး၊ မုန်းအင်းကျားကြီးအား လက်ညှိုးထိုးကာ ပြောလိုက်သည်။

'ခင်ဗျားတို့ တရားလွန်လာပြီ၊ ကျုပ်တို့ ယိုးလင်ဂေဟာမှာ ခင်ဗျားတို့ကို ယှဉ်နိုင်တဲ့လူ မရှိတော့ဘူးလို့ ထင်နေကြသလား'

မိုပိုက်ရီက ... ပြောသာပြောနေရသည်။

သူ့လက်များက တုန်ယင်နေသည်။

သို့သော် . .

သူသည် ... မုန်းအင်းကျားရဲ့များအား ကြောက်ရွံ့၍တော့ မဟုတ်ပေ။

သူ့ကိုယ်ခန္ဓာအတွင်းမှ ... ဝေဒနာက ပို၍ ပြင်းထန်လာသောကြောင့် ဖြစ်သည်။

ထို့နောက် ...

မိုပိုက်ရီက အံကိုတင်းတင်းကြိတ်လိုက်ကာ ...

'ခင်ဗျား ... ခင်ဗျားတို့ ...'

မိုပိုက်ရီမှာ စကားကိုဆက်မပြောနိုင်တော့ပဲ ဒူးညွတ်လျက် ခွေလဲကျသွားလေတော့သည်။

မိုစုရီသည် မိုပိုက်ရီ လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ သူ့ရှေ့တွင် ရန်သူများရှိနေသည်ကိုပင် ဂရုမစိုက်နိုင်တော့ပါ။

မိုစုရီသည် မိုပိုက်ရီထံ လျင်မြန်စွာပြေးသွားပြီး မိုပိုက်ရီအား ပွေ့ထူလိုက်သည်။

'အစ်ကိုကြီး ... အစ်ကိုကြီး ... ဘယ်လိုဖြစ်သွားတာလဲ'

မိုစုရီသည် စိုးရိမ်တကြီး အော်ခေါ်လိုက်သည်။

မိုပိုက်ရီမှာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။

မုန်းအင်းကျားကြီးကမူ ထိုမြင်ကွင်းကိုကြည့်ပြီး ဝမ်းသာအားရဖြင့် တဟားဟား ရယ်မောနေသည်။

ကျန် မုန်းအင်းကျားများကပါ လိုက်၍ ရယ်လိုက်ကြသဖြင့် ရယ်မောသံသည် ဟိန်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာကြ၏။

'ဟား . . ဟား . . ဟား'

ထိုစဉ် ...

မုန်းအင်းကျားကြီးက ... ရယ်မောခြင်းကို ရုတ်တရက်ရပ်လိုက်သည်၊ ကျန်လူများသည်လည်း ရပ်တန့်သွားပြီး ခေတ္တမျှ ငြိမ်လည်တိတ်ဆိတ်သွားသည်။

ရုတ်တရက် ....

'အားလုံး ... အသင့်ပြင်'



မုန်းအင်းကျားကြီး၏ အမိန့်ပေးသံက ဟိန်း၍ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် . . .

မုန်းအင်းကျားရဲ့များ၏ ဓားဆွဲထုတ်လိုက်သံက တခြွမ်းခြွမ်း မြည်ကာ ပေါ်ထွက်လာသည်။

ထို့နောက် ...

မုန်းအင်းကျားရဲ သုံးကောင်သည် စကြီလမ်းအတိုင်း အရှေ့မှ ပြေးတက်လာသည်။

သူတို့၏နောက်မှ မုန်းအင်းကျားများကလည်း ဓားများကို ဝင့်ကာ လိုက်ပါလာကြသည်။

သူတို့အားလုံး၏လက်ထဲမှ ငှက်ကြီးတောင်ဓားများသည် တဝင်းဝင်းလက်လျက် ရှိသည်။

မုန်းအင်း ကျားရဲသုံးကောင် စကြီလမ်းပေါ်သို့ ရောက်သည်နှင့် . . .

'ဝှစ် . .ဝှစ် . .ဝှစ်'

တစ်စုံတစ်ခုက လေကို တိုးသွားသည့် အသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

ကျောက်ဆောင်ထု၏ အပေါက်များမှ ယန္တရားစက်ခလုပ်တပ်ဆင်ထားသော လက်နက်ပုန်းများက ပြေးထွက်လာကြသည်။

မြားတံ လက်နက်ပုန်းများပင် ဖြစ်သည်။

စကြိုလမ်းအား နင်းမိသည်နှင့် ... ကျောက်ဆောင်များ၏ အတွင်းမှ လက်နက်ပုန်းများ ဦးစွာထွက်လာကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ ....

မုန်းအင်း ကျားရဲသုံးကောင်သည် ... သူတို့၏ဓားများကို ဝှေ့ယမ်းလိုက်သည်။

ချက်ချင်းပင် ဓားရိပ်စက်ဝန်းများ ပေါ်ထွက်လာပြီးနောက် ကျားရဲသုံးကောင်တို့ကို လွှမ်းခြုံထားလိုက်လေတော့သည်။

မြားတံ လက်နက်ပုန်းများသည် ကျားရဲသုံးကောင်တို့၏ ဓားစကြာစက်ဝန်းကို မထိုးဖောက်နိုင်ဘဲ ဘေးနားရှိ မြေပြင်ပေါ်သို့ လွင့်စင်၍ ထွက်သွားကြလေသည်။

မကြာမီ ... မြားတံများ အထွက် ရပ်သွားသည်။

ပထမအကြိမ် ထွက်ပေါ်လာသောမြားတံများ ကုန်သွားပြီ ဖြစ်၏။

သို့သော် . . .

မုန်းအင်းကျားရဲသုံးကောင်အား တစ်ယောက်မျှ ထိခိုက်မှု မရှိချေ။ သူတို့ဒဏ်ရာ မရသဖြင့် အားလုံးမာန်ဝင့်နေကြလေ၏။

မြားတံလက်နက်ပုန်းများတွင် ... ပြင်းထန်သောအဆိပ်ကို သုတ်လိမ်းထားသည်။

ထိုလက်နက်ပုန်း မြားတံဖြင့် ထိခိုက်မိလျှင် ချက်ချင်းသေဆုံးသွားနိုင်လေသည်။



စင်စစ် ...

မုန်းအင်းကျားရဲသုံးကောင်၏ သိုင်းပညာကား ... အဆင့်မနိမ့်လှပေ။

များပြားလှသော မြားတံများကို စကြာသိုင်းကွက်ဖြင့် ရိုက်ထုတ်ပစ်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ထို့နောက် ...

မုန်းအင်းကျားကြီးက လက်ထဲမှဓားကို ဝှေ့ယမ်းနေရာမှ ရပ်တန့်လိုက်ပြီး သဘောကျစွာ ရယ်မောလျက် မေးလိုက်သည်။

'ဟား ... ဟား ... ဟား ... မင်းတို့ နောက်ထပ် မြားတံ ဘယ်နှယ်ချောင်း ကျန်နေသေးသလဲ၊ ရှိသေးရင် ထပ်ပြီး လွှတ်ပါဦးလား၊ မင်းတို့မြားတံနဲ့ ငါတို့ကစားရတာ အတော်ပျော်စရာကောင်းတာပဲ'

မိုးစုရှိသည် ... သူ့အစ်ကိုကြီး မိုပိုက်ရိုကို ပွေ့ချီပြီးနောက် အိမ်တံခါးမ ကျောက်လှေကားပေါ်သို့ သွားချလိုက်ပြီး ပြန်လှည့်လာခဲ့သည်။

မိုစုရှိသည် သံမဏိစွန်ကုတ်တံကိုကိုင်၍ မုန်းအင်းကျားကြီးအား ထိုးညွှန်လိုက်ကာ . .

'ဟေ့ ... ကျုပ်တို့ ယိုးလင်ဂေဟာကိုလာပြီး စော်ကားတဲ့ကောင်တွေ ... ခင်ဗျားတို့အားလုံး ဒီနေ့ ယိုးလင်ဂေဟာက အသက်ရှင်လျက်နဲ့ ပြန်ထွက်သွားဖို့ စိတ်မကူးနဲ့'

ဤတွင် မုန်းအင်းကျားကြီးက အေးစက်စွာ ရယ်မောလိုက်၏။

'ဟေ့ .... စုရီ မင်းတို့ မိုဂေဟာရဲ့ အရှေ့ဘက်တံခါးမှာ ယန္တရားမြားတံ လက်နက်တွေအပြင် လုံတံလက်နက်၊ နောက်ဆုံး မီးလျှံမှုတ် သံနဂါး ငါးကောင်ရှိသေးတယ် ဆိုတာ ငါတို့ သိထားပြီးသား၊ ဒါပေမယ့် ... မင်းတို့ရဲ့ယန္တရား လက်နက်ဗျူဟာက ငါတို့ကို တားဆီးနိုင်မှာ မဟုတ်ဘူး'

ထိုသို့ မုန်းအင်းကျားကြီးက ... ပြောလိုက်ပြီးသည်နှင့် သူ့ လက်ကိုဝှေ့ယမ်းကာ အချက်ပြလိုက်သည်။

ထိုအခါ ...

သူ့နောက်မှ မုန်းအင်း ကျားရဲနှစ်ကောင်က အရှေ့သို့ ပြေးထွက်လိုက်၏။

မုန်းအင်း ကျားရဲနှစ်ကောင်က ပြေးထွက်လာပြီး၊ စကြံအလယ်ကို ရောက်သွားသောအခါ မြေကြီးသည် နိမ့်ခနဲ ဖြစ်သွားသည်ကို ကျားရဲနှစ်ကောင်က သတိပြုမိလိုက်သည်။

'ဝှီး . . ဝှီး . . ဝှီး'

ဝှီး . . ဝှီး . . မြည်သောအသံများနှင့် အတူလုံသွားတပ် ယန္တရား လက်နက်များ ထိုးထွက်လာကြသည်။

မုန်းအင်းကျားရဲနှစ်ကောင်က လက်ထဲမှဓားဖြင့် ဝှေ့ယမ်း လှုပ်ရှားလိုက်၏။



ဓားရိပ်စက်ဝန်းများ မြောက်မြားစွာ ပေါ်ထွက်လာပြန်သည်။

'ချွင်း . . ဒန် . . ဂလွမ်'

ထိုအခါ ...

ကျားရဲနှစ်ကောင်၏ ဓားစက်ဝန်းများနှင့် ထိတွေ့သွားသော လုံတံများမှာ ဘေးသို့ လွင့်စဉ် ထွက်သွားကြ၏။

မကြာမီ ...

ကျောက်ဆောင်ပေါက်မှ ... လုံတံများ ထွက်ခြင်း ရပ်တန့်သွားပြန်တော့၏။

'ဟား ... ဟား ... ဟား'

မုန်းအင်းကျားကြီးမှာ အားရပါးရ ရယ်မောလိုက်ပြန်သည်။

ပြီးနောက် ...

လက်တစ်ဘက်ကို မြှောက်၍ အချက်ပေးလိုက်၏။

သူ့နောက်မှ နောက်လိုက်များသည် ရှေ့သို့ တိုးထွက်လာခဲ့ကြသည်။

သူတို့၏လက်ထဲတွင် သံအိတ် လေးငါးလုံးခန့်စီ ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

ထို့နောက် ...

မုန်းအင်းကျားကြီးက ထိုလူများကို လက်ညှိုးထိုးလျက် မိုစုရီ အား ပြောလိုက်သည်။

'သူတို့လက်ထဲမှာ သဲအိတ်ကလေးတွေ အားလုံးပေါင်းလေးဆယ်ကျော်ပါတယ်၊ ဘာလုပ်ဖို့လဲ .... ဆိုတာကိုတော့ ငါအခုလက်တွေ့ပြမယ်'

ပြောပြောဆိုဆို မှန်းအင်းကျားကြီးက လက်ကိုဝှေ့ယမ်းပြလိုက်လေ၏။

ထိုအခါ မှန်းအင်းကျားရဲများသည် ကျောက်ဆောင်အေးသို့ လျှပ်တစ်ပြက် ပြေးကပ်လိုက်ကြပြီး ကျောက်ဆောင်ပေါက်များအတွင်းသို့ သဲအိတ်များဖြင့် ထိုးသွင်းပိတ်ဆို့လိုက်ကြသည်။

လျှပ်တစ်ပြက်အတွင်း ယန္တရား လက်နက်ပုန်းများ ထွက်ပေါ်လာသော ကျောက်ဆောင်ပေါက်များ အားလုံးနီးနီး ပိတ်ဆို့ပြီးဖြစ်သွားသည်။

မှန်းအင်းကျားကြီးမှာ လှောင်ပြောင်သောအသံဖြင့် ရယ်မောလိုက်ပြီး ...

'ဟား ... ဟား ... ဟား ဘယ်နဲ့လဲကွ၊ မင်းတို့ရဲ့ မီးလျှံမှုတ်နဂါးတွေဟာ အပေါက်ကထွက်ပြီး မီးတောက်တွေကို [illegible]နိုင်သေးရဲ့လား ... ဟား ... ဟား ... ဟား'

ဟု ပြောလိုက်သည်။

ထိုအခါ ...

မှန်းအင်းကျားကြီး၏ စကားကြောင့် မိုစုရီမှာ ဒေါသထွက်သွားလေတော့သည်။



'အို ... ကျုပ်ရဲ့သံမဏိစွန်ကုတ်တံက ခင်ဗျားရဲ့ အသက်ကို နုတ်ယူသွားလိမ့်မယ် ဆိုတာကိုတော့ ... ခင်ဗျားမသိသေးဘူးမဟုတ်လား'

မှန်းအင်းကျားကြီးက ပမာမခန့် ရယ်မောလိုက်ရင်း ...

'မိုစုရီ ... မင်းရဲ့ သံမဏိစွန်ကုတ်တံက ငါ့အတွက် အသေးအမွှားမို့ သိစရာမလိုဘူး၊ မင်းရဲ့ ... သံမဏိ စွန်ကုတ်တံဟာ ငါရဲ့ ငှက်ကြီးတောင်ဓားကို ဓားကွက်သုံးကွက်တောင် ခံနိုင်မှာမဟုတ်ဘူး၊ မင်းလည်း ... မကြာခင် မင်းအစ်ကို မိုချုံးရီ နောက်ကို လိုက်ဖို့သာ ပြင်ပေတော့'

ပြောပြောဆိုဆို မှန်းအင်းကျားကြီးက နောက်သို့လှည့်၍ အချက်ပြလိုက်လေသည်။

အမှန်မှာ ...

မှန်းအင်းကျားကြီးက အများနှင့် တစ်ယောက်ကို ဝိုင်းဝန်းတိုက်ခိုက်အနိုင်ယူရန် ဖြစ်လေသည်။

သို့သော် ...

မိုစုရီက ဒေါသစိတ်မွှန်နေသောကြောင့် ယင်းအချက်ကို မရိပ်မိချေ။

ထို့ကြောင့် ...

မိုစုရီသည် ဒေါသတကြီး အော်ဟစ်လျက် ...

'ခင်ဗျား .... သိပ်အပြောမကြီးမနေနဲ့'

သူသည် သံမဏိစွန်ကုတ်တံလက်နက်ကို ဝှေ့ယမ်းလျက် မုန်းအင်းကျားကြီးထံ ပြေးဝင်သွားသည်။

'ထန်း . .'

သံ ... သံချင်း ထိခိုက်သံက ပြင်းထန်စွာ ပေါ်ထွက်လာလေသည်။

မိုစုရိက .... မုန်းအင်းကျားကြီးအား ဦးစွာ သူ၏ သူ့ရဲ တစ်ထောင် သိုင်းကွက်ဖြင့် ဝှေ့ယမ်းခုတ်ဆွဲလိုက်၏။

သို့သော် ...

မုန်းအင်းကျားကြီးက လက်ထဲမှဂုက်ကြီးတောင်ဓားဖြင့် ဆီးခံကာ လှစ်ခနဲ ဘေးဘက်သို့ ရှောင်ထွက်လိုက်သည်။

သူရှောင်ထွက်လိုက်ပုံမှာ လွန်စွာ လျင်မြန်လှသည်။

မုန်အင်းကျားကြီးသည် ဘေးသို့ ရှောင်ထွက်ပြီးသည်နှင့် မိုစုရိအား ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လေတော့၏။

မုန်းအင်းကျားကြီးကလည်း .... ကျောက်စိမ်းခါးပတ် သိုင်းကွက်၊ သစ်မြစ်ထိုးနတ်သိုင်းကွက်နှင့် စလွယ်ခုတ်ပိုင်းသိုင်းကွက် စသော အစွမ်းထက်သည့် ဓားသိုင်းကွက်များကို သုံး၍ မိုစုရိအား ပြန်လည်တိုက်ခိုက်သည်။

ထိုအခါ ...

မိုစုရိမှာ ထိုအစွမ်းထက်လှသည့် ဓားသိုင်းကွက်များကို လွတ်အောင်ကြိုးစား၍ ရှောင်နေရသည်။



'ဒန်း ... ဒန်း ...ဒန်း'

'ဟိုက် ... ယား'

'ဟိုက် ... ဟိုင်း'

မာန်သွင်းအော်ဟစ်သံများက ထွက်ပေါ်လာသည်။

ဓားနှင့် သံမဏိစွန်ကုတ်တံတို့ ထိတွေ့မှုမှာလည်း ပြင်းထန်လွန်းသဖြင့်၊ ကျယ်လောင်သော အသံများ၊ လူရိပ်များဖြင့် ရှုပ်ထွေးဆူညံသွား၏။

'အားလုံး ... တက်ကြ'

မုန်းအင်းကျားကြီး၏ အမိန့်ပေးလိုက်သံက ရုတ်တရက် ပေါ်ထွက်လာသည်။

သို့ဖြစ်၍ . .

မုန်းအင်းကျားရဲ့အဖွဲ့သားများသည် တစ်ရှိန်ထိုး ပြေးတက်လာကြပြီး မိုစုရိအား ဝိုင်းတိုက်ကြတော့သည်။

ခေါင်းဆောင်ငယ် .... မုန်းအင်းကျားရဲ့ နှစ်ကော်င်ကလည်း မိုစုရိအား ဝင်ရောက် တိုက်ခိုက်ပြန်သည်။

ကျားရဲသုံးကောင်သည် သုံးဘက်သုံးတန်မှ ဝိုင်း၍ မိုစုရိအား ထွက်ပေါက်မပေးဘဲ တိုက်ခိုက်ကြသည်။

မိုစုရိကလည်း လျင်မြန်မှုကို တိုးမြှင့်၍ လှုပ်ရှားလေသည်။

ကိုယ်ဖော့ပညာဖြင့် လှစ်ခနဲလှစ်ခနဲနေအောင် လှုပ်ရှားလိုက်၏။

ထို့နောက် . .

မိစုရီသည် သုံးဘက်သုံးတန်မှ ဓားချက်များကို လျှင်မြန်စွာ ရှောင်တိမ်းရင်း ... ပြန်လည်တိုက်ခိုက်နေသည်။

ထိုသို့ ရှောင်တိမ်းနေရာမှ မိစုရီက ရုတ်တရက် တိုက်ကွက်ကို ပြန်လည်ဆင်ကာ ... တိုက်ခိုက်လိုက်ပြန်သည်။

'ဟိုင်း . . ယား'

မိစုရီသည် မာန်သွင်းအော်ဟစ်သံနှင့်အတူ လေထုထဲသို့ ခုန်တက်သွားသည်။

ခုန်တက်လိုက်သည်နှင့် ... တစ်ဆက်တည်းမှာပင် သူ၏ သံမဏိ စွန်ကုတ်တံကို စက်ဝိုင်းသဏ္ဌာန်တစ်ချက် ဝှေ့ယမ်းလိုက်၏။

'အား '

'အား '

မုန်းအင်းကျားများထံမှ နာကျင်စူးရှစွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိစုရီမှာ အပြင်ဘက်တွင်စောင့်နေသော မုန်းအင်းကျားများရှိရာဘက်သို့ ပေါ့ပါးစွာကျရောက်သွား၏။

ဤတွင် မုန်းအင်းကျားများသည် ရုတ်ရုတ်သဲသဲဖြစ်ကာ နောက်သို့ ဆုတ်သွားကုန်ကြသည်။

ရုတ်တရက် ... မုန်းအင်းကျားအဖွဲ့သား နှစ်ကောင်သည် မြေပေါ်သို့ လဲကျသွားသည်။



ယင်းသို့ လဲကျသွားသော ကျားနှစ်ကောင်၏ မျက်နှာပြင်တစ်ခုလုံး သွေးများဖြင့် ခြင်းခြင်းနီရဲလျက် ရှိသည်။ လူးလွန့်ပြီးနောက် ခဏအကြာတွင် ... အသက်ပျောက်သွားတော့သည်။

'ဟေ့ . . ထပ်တိုက်ကြစမ်း ... လွတ်မသွားစေနဲ့'

မုန်းအင်းကျားကြီး၏ အမိန့်ပေးသံက ချက်ချင်း ထွက်ပေါ်လာပြန်သည်။

ထိုအခါ . . .

မုန်းအင်းကျားများသည် ချက်ချင်းမိစုရီအား ဝိုင်းထားလိုက်ကြပြန်သည်။

တစ်ချိန်တည်းမှာပင် . .

ကျားကြီး၊ ကျားလတ်၊ ကျားလေး တို့သည် မိစုရီထံဓားများကို ဝှေ့ယမ်းလျက် တိုးဝင်သွားကြပြန်လေသည်။

'ဟိုင်း ... ယား'

'ထန်း ... ထန်း ... ထန်း'

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

'အား ...'

မာန်သွင်း၍ အော်ဟစ်သံများ၊ ထိုးခုတ်သံများနှင့် နာကျင်စွာ အော်လိုက်သံများဖြင့် ဆူညံစွာ ထွက်ပေါ်လာပြန်သည်။

မိစုရီ၏ လက်ချက်ဖြင့် .... မုန်းအင်းကျားရဲအဖွဲ့သား နှစ်ယောက် ထပ်မံကျဆုံးသွားကြပြန်သည်။

အများနှင့်တစ်ယောက်မို့ မိစုရီသည်လည်း ကြာရှည်တိုက်ခိုက်နိုင်စွမ်း မရှိတော့ပေ။

တဖြည်းဖြည်း ... လက်ပန်းကျလာခဲ့၏။

သို့သော် ...

မိစုရီသည် ဒူးမာန်ကို မလျှော့ချေ။

သူသည် ပြင်းထန်သော သိုင်းကွက်များကို ဆက်တိုက်ပြောင်းလဲ၍ တရကြမ်း တိုက်ခိုက်နေသည်။

ထို့ကြောင့် ...

မုန်းအင်းကျားရဲများသည် မိစုရီအနီးသို့ လွယ်လွယ်နှင့် မချဉ်းကပ်နိုင်ဘဲ ရှိနေကြသည်။

ခပ်လှမ်းလှမ်းမှသာ ... တိုက်ခိုက်နေရသည်။

ထိုစဉ် ...

'အား ... '

မုန်းအင်းကျားရဲအဖွဲ့သားတစ်ဦး မိစုရီ လက်ချက်ကြောင့် ထပ်မံကျဆုံးသွားပြန်သည်။

မိစုရီမှာလည်း .... အလွန်အမင်း မောပန်းလာသဖြင့် စိုးရိမ်စိတ် အနည်းငယ် ဝင်လျက်ရှိသည်။

ဤအတိုင်းသာ အများနှင့်တစ်ယောက် ဆက်လက်တိုက်ခိုက်နေရလျှင်၊ နောက်ထပ်အချိန် သိပ်ကြာကြာခုခံနိုင်မည်မဟုတ်တော့ကြောင်းကို သူသိသည်။



ရုတ်တရက် ...

မုန်းအင်းကျားကြီးက မိစုရီအား 'ငှက်ကြီးအိမ်ပြန်' သိုင်းကွက်ဖြင့် ရင်ဝသို့ထိုးရန် ဟန်ပြလိုက်၏။

ထို့နောက် ဓားကို ဖြတ်ကနဲ ပြန်ရုပ်လိုက်ကာ ...

'ပင်လယ်မုန်တိုင်း' သိုင်းကွက်ဖြင့် ရှေ့သို့တစ်လှမ်းတက်ကာ မိစုရီအား စလွယ်သိုင်း ပိုင်းလိုက်လေသည်။

'အား . '

မုန်းအင်းကျားကြီး၏ ငှက်ကြီးတောင်ဓားသွားက မိစုရီ၏ ဘယ်ဘက်ပခုံးပြင်အား ရုပ်ထိသွားလေတော့သည်။

မိစုရီသည် နောက်သို့ခုန်လိုက်သော်လည်း ကျားကြီး၏ ဓားချက်ကို လွတ်အောင်မရှောင်နိုင်ပဲ ပခုံးကိုထိမိသွားခြင်းဖြစ်သည်။

ထိုအခါ ...

ဝိုင်းထားသော မုန်းအင်းကျားများက မိစုရီ၏ နောက်မှ ထက်ကြပ်မကွာ ပူးကပ်၍ လိုက်ပါလာသည်။

ထိုစဉ် . .

'ဒေါင် ... ဒေါင် ... ဒေါင်'

သံချောင်းခေါက်သံများ ရုတ်တရက်ဆူညံစွာ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် ယိုးလင်ဂေဟာ တစ်ခုလုံး ဆူညံစွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လျှပ်တစ်ပြက်အတွင်း ... ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမား နှစ်ဆယ်ကျော်ခန့်သည် အိမ်ထဲမှ ပြေးထွက်လာကြသည်ကို တွေ့လိုက်ရ၏။

ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားများကို တွေ့လိုက်ရသော မုန်းအင်းကျားများသည် တိုက်ခိုက်မှုများကို ရပ်တန့်လိုက်ကြသည်။

မုန်းအင်းကျားကြီးက ထိုလူစုကိုမြင်သည်နှင့် မျက်မှောင်ကုပ်ပြီး အော်ဟစ်၍ပြောလိုက်သည်။

'မိုစုရီ ... မင်းတောင် ... ငါတို့ကို နိုင်အောင်မတိုက်နိုင်ဘဲ ဘာကြောင့် မင်းရဲ့ဂေဟာအစောင့် သိုင်းသမားတွေကို အသေခံနိုင်းနေရတာလဲ'

တစ်ချိန်တည်းမှာပင် ... မုန်းအင်းကျားလတ်ကလည်း အော်ပြောလိုက်ပြန်သည်။

သူက သူ့ထံသို့ ဦးတည်ပြေးလာနေသူများကိုကြည့်၍ မဲ့ပြုံးပြုံးကာ ပြောလိုက်ပြန်သည်။

'ဟေ့ ... မင်းတို့ အသက်မသေချင်ရင် ရပ်လိုက်ကြစမ်း၊ ငါတို့လာတာ ယိုးလင်ဂေဟာရဲ့ ညီအစ်ကိုနှစ်ယောက်ကိုပဲ သတ်ဖို့လာတာ၊ အေး ... မင်းတို့ဟာ ယိုးလင်ဂေဟာသခင်နှစ်ယောက်ရဲ့ အသက်ကိုကယ်တင်ဖို့ ကြိုးစားရင်တော့ မင်းတို့ကို သက်ညှာနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ... အေးအေးဆေးဆေး နောက်ဆုတ်နေကြစမ်း'



သို့သော် . .

ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားများက နောက်သို့ မဆုတ်ပါ၊ မုန်းအင်းကျားများ၏ စကားကို လုံးဝဂရုမစိုက်ဘဲ သူတို့ကို ဝိုင်းရံလိုက်ကြသည်။

ထို့နောက် . .

သူတို့သည် မုန်းအင်းကျားကြီးအား ... စေ့စေ့ကြည့်ကာ လက်ထဲမှ လက်နက်များဖြင့် ထိုးခုတ်ရန် ဟန်ပြင်လိုက်ကြ၏။

မိုစုရီသည် ပခုံးတွင် ဒဏ်ရာရသွားသော်လည်း သူ့လူများကို လက်မြှောက်ကာ ဟန့်တားထားလိုက်သည်။

ထို့နောက် ...

မိုစုရီက သူ့လူများကို လှမ်းကြည့်ပြီး . .

'အားလုံး နောက်ဆုတ်ကြစမ်း၊ မင်းတို့ ... သခင်ကြီးကိုပဲ ကာကွယ်ထားကြ'

မုန်းအင်းကျားကြီးက မိုစုရီ၏စကားကြောင့် သဘောကျစွာ ဟားတိုက်၍ ရယ်မောလိုက်၏။

ပြီးမှ လက်ထဲမှဓားဖြင့် မိုစုရီအား ထိုးညွှန်လိုက်ကာ . .

'မိုစုရီ . .မင်းသတ္တိကိုတော့ ကြိုက်သွားပြီ၊ ဒါပေမယ့် မင်းသတ္တိဟာ .. မကြာခင် နိဂုံးချုပ်တော့မှာပါ'

ပြောပြောဆိုဆို ကျားကြီးသည် လက်ကို ဝှေ့ယမ်းလိုက်ပြန်သည်။

စတင်တိုက်ခိုက်ရန် အချက်ပြလိုက်ခြင်းပင် ဖြစ်၏။

ထိုအခါ ...

မုန်းအင်းကျားလတ်နှင့် ကျားလေးတို့သည် ဓားများကို ဝှေ့ယမ်းလိုက်ကြပြီး မိုစုရိကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ကျားကြီးကလည်း လက်ထဲမှဓားကိုဆကာ ရှေ့သို့တိုးကပ်လာနေပြန်သည်။

မုန်းအင်းကျားသုံးကောင်သည် ... မိုစုရိထံ တဖြည်းဖြည်းချဉ်းကပ်လာ၏။

မိုစုရိသည် ပခုံးမှဒဏ်ရာကို အုပ်ထားသော သူ၏လက်ကို လွှတ်လိုက်ပြီး သူ၏သံမဏိစွန်ကုတ်တံလက်နက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားလျက် နောက်သို့တဖြည်းဖြည်း ဆုတ်နေ၏။

ထိုသို့ဆုတ်နေရင်းမှ ... မုန်းအင်းကျားရဲသုံးကောင်အား ပြန်လည်တိုက်ခိုက်ရန် သူတို့၏ဟာကွက်ကို စောင့်လျက်ရှိ၏။

မုန်းအင်းကျားရဲသုံးကောင်ကား အဆင့်မနိမ့်လှချေ။

သိုင်းလောကတွင် ထင်ရှားသောသိုင်းသမားများပင် ဖြစ်သည်။

မိုစုရိသည် ပခုံးတွင်ဒဏ်ရာရရှိထားသဖြင့် နောက်ဆုတ်နေရခြင်း ဖြစ်သည်။

သို့မဟုတ်ပါက သူ့အနေနှင့် သူတို့အား လုံးဝမှုမည်မဟုတ်ပါ။ ခုခံတိုက်ခိုက်နိုင်စွမ်း ရှိပါသည်။



ထို့အပြင် ... သုံးယောက်နှင့်တစ်ယောက် ဖြစ်နေခြင်းက သူ့အနေနှင့် သူတို့အားယှဉ်ပြိုင်ရမည်မှာ အခက်အခဲရှိနေသည်။

ထို့ကြောင့် ...

မိုစုရိအဖို့ သူသေကိုယ်သေ နောက်ဆုံးတိုက်ခိုက်ရမည့် တိုက်ပွဲ ဖြစ်နေ၏။ သူသည် ယတိပြတ် ဆုံးဖြတ်ထားသော်လည်း နိုင်အောင်တိုက်နိုင်ရန် သန္နိဋ္ဌာန် ချထားသည်။

မိုစုရိသည် သတိနှင့် နောက်ဆုတ်နေရသည်။

ထိုသို့ဆုတ်နေရင်းမှ ... သူသည် မုန်တိုင်းဝှေ့ကြမ်း သိုင်းကွက်ကို သုံး၍ တရကြမ်း ဝင်ရောက်တိုက်ခိုက်ရန် စဉ်းစားနေသည်။

ထိုသိုင်းကွက်သည် ... အသေခံတိုက်သောသိုင်းကွက်ဖြစ်သည်။ သူသေကိုယ်သေ သိုင်းကွက်ဖြစ်သည်။

နောက်ဆုံးအခြေအနေရောက်မှသာ ... ထုတ်သုံးရန်ဖြစ်သည်။ ယခု အများနှင့် တစ်ယောက်ဖြစ်နေသဖြင့် ဤသိုင်းကွက်ကို မသုံး၍ မဖြစ်တော့ပေ။

အချိန်ဆွဲတိုက်နေမည်ဆိုလျှင် မိမိသည် သားကောင်ပမာ လည်စင်းခံရပေတော့မည်။

မုန်းအင်းကျားရဲသုံးကောင်ကလည်း မိုစုရိ၏အကြံကိုသိရှိထားဟန် တူသည်။

သူတို့သည် မိုစုရိက သူတို့အား မည်သို့ စတင်တိုက်ခိုက်လိမ့်မည်ကို စောင့်စားအကဲခတ်လျက်ရှိ၏။

နောက်ဆုံး သူတို့သည် စိတ်မရှည်တော့ဟန်ဖြင့် မိုစုရီအား ပိတ်ဆို့ဝိုင်းရံလိုက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

'ဟေ့ ... ရပ်လိုက်စမ်း'

သူတို့အားလုံး ... မျှော်လင့်မထားကြသော အော်ငေါက်တားဆီးသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာတော့သည်။

ရုတ်တရက်ဖြစ်၍ သူတို့အားလုံးသည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်မိကြ၏။

ထိုအခါ .....

မုန်းအင်းကျားရဲအားလုံး၏ မျက်နှာပြင်ပေါ်တွင် အံ့ဩ ထိတ်လန့်မှုများ ရုတ်ခြည်းပင် ဖြစ်ပေါ်လာလေသည်။

သို့ဆိုလျှင် .....

သူတို့အားလုံးကို ထိတ်လန့်သွားစေသည့် အော်သံရှင်သည် မည်သူ ဖြစ်နိုင်ပါသနည်း။

❖❖❖❖❖



အခန်း (၁၈)

ခေတ္တ ခွဲခွာခြင်း

ထိုအော်ငေါက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေ၏။

အော်သံနှင့်အတူ လူရိပ်တစ်ရိပ်သည် ကျောက်ဆောင်ထုပေါ်မှ လျှင်မြန်စွာ ခုန်လွှားဆင်းသက်လာ၏။

ထိုလူရိပ်သည် မိုးပေါ်မှကျလာသော သစ်ရွက်တစ်ရွက်ပမာ ပေါ့ပါးသွက်လက်လှပေသည်။

ထိုလူရိပ်က မိုစုရီ၏ ရှေ့သို့ ရုတ်ခြည်းကျရောက်လာပြီး ရင်ဆိုင်ရပ်လိုက်တော့သည်။

အားလုံး ... အံ့အားသင့်စွာ ကြည့်လိုက်မိကြ၏။

ရောက်လာသူကတော့ လီထိုက်ဟိုပင် ဖြစ်ပါသည်။

လီထိုက်ဟိုသည် ... မိစုရီ၏ ရှေ့တွင် မားမားမတ်မတ် ရပ်လျက် ရှိသည်။ သူသည် မုန်းအင်းကျားရဲ သုံးကောင်ကို မမှုပါ။

မကျေမနပ်ဖြစ်နေခြင်းကြောင့် လီထိုက်ဟို၏ မျက်နှာသည် တင်းမာခက်ထန်နေသယောက် ရှိသည်။

လီထိုက်ဟိုက ... မုန်းအင်းကျားရဲသုံးကောင်ကို အေးတိ အေးစက်ဖြင့် စူးစိုက်ကြည့်လိုက်ပြီး .....

'ခင်ဗျားတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုကို မရပ်ကြသေးဘူး လား၊ ခင်ဗျားတို့ရဲ့ မုန်းအင်းကျားရဲ နှစ်ကောင် ... သေရတာဟာ ကျုပ်နဲ့ပဲ ပတ်သက်တယ်၊ ဒါ့ကြောင့် ဒီကိစ္စကို ကျုပ်နဲ့ပဲ ဖြေရှင်းမှပေါ့ ဘာကြောင့် ... ယိုးလင်ဂေဟာကို ရန်လာရှာနေရတာလဲ'

ဟု ခပ်မာမာ ပြောလိုက်သည်။

ယခုအခါ .... မုန်းအင်းကျားရဲ သုံးကောင် အကျပ်ရိုက်သွား လေတော့သည်။

သူတို့သည် လီထိုက်ဟို၏ သိုင်းပညာစွမ်းကို သိရှိထားကြ ပြီး ဖြစ်သည်။ သူတို့၏ ကျားရဲနှစ်ကောင် ကျဆုံးသွားခဲ့ရပြီ။

သူတို့အနေနှင့် ... လီထိုက်ဟိုနှင့် ထိပ်တိုက်မတိုးချင်ကြ၍ လီထိုက်ဟို မရှိခိုက် ယိုးလင်ဂေဟာသို့ လာရောက် ရန်စခြင်းပင် ဖြစ်သည်။

သူတို့ကျားရဲသုံးကောင်မကဘဲ ကျားရဲငါးကောင် ဝိုင်း၍ တိုက်ခဲ့စဉ်ကပင် ... လီထိုက်ဟိုအား လုံးဝ မယှဉ်နိုင်ခဲ့ကြပေ။



ယခု ကျားရဲသုံးကောင်တည်းနှင့်သာဆိုလျှင် ... သူတို့၏ ကျားရဲဦးရေမှာ နောက်ထပ် လျော့နည်းသွားဖွယ်ရာသာ ရှိချေတော့ ပေမည်။

သို့တိုင်အောင် ... လီထိုက်ဟိုကိုတော့ သူတို့ အနိုင်ရလိမ့် မည် မဟုတ်ပေ။

စင်စစ် ...

လီထိုက်ဟိုသည် သိုင်းလောကတွင် နံပါတ်တစ် ထိပ်တန်း မားသမားတစ်ယောက်ပင် မဟုတ်ပါလော။

ထိုစဉ် ....

လီထိုက်ဟိုသည် ရှေ့သို့ ခြေလှမ်းငါးလှမ်းမျှတိုး၍ လျှောက် လာနေသည်။

သူ့လက်ထဲတွင် မည်သည့်လက်နက်မျှ ကိုင်ဆောင်မထား ချေ။

သူ့မျက်နှာကား ကြောက်ရွံ့ခြင်း အလျဉ်းမရှိ၊ အထူးပင် တည်ကြည်လေးနက်နေသည်။

ခြေလှမ်း လေးငါးလှမ်းမျှ လှမ်းပြီးသည်နှင့် လီထိုက်ဟို တုံ့ခနဲ ရပ်လိုက်၏။

ထို့နောက် ... လီထိုက်ဟိုသည် မုန်းအင်းကျားရဲများ အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ မုန်းအင်းကျားရဲများမှာ လီထိုက်ဟိုကို စတင်တိုက်ခိုက်ရန် မဝံ့သည့်ပုံ ပေါ်နေသည်။

လီထိုက်ဟိုက အေးဆေးသောလေသံဖြင့် ပြောလိုက်သည်။

'ခင်ဗျားတို့လည်း သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းသမားတွေပဲ၊ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ မှန်တယ်၊ မှားတယ် ဆိုတာ သိမှာပါ၊ ကျုပ်ပြောခဲ့ပြီးပြီပဲ၊ 'ကျွန်း'ဂေဟာမှာ ဖြစ်တဲ့ ပြဿနာဟာ ကျုပ်နဲ့သာ ဆိုင်တယ်၊ ခင်ဗျားတို့ရဲ့ မုန်းအင်းကျားရဲ့နှစ်ကောင် သေဆုံးရတာကို မကျေနပ်ဘူးဆိုရင် အခု ကျုပ်နဲ့ ဖြေရှင်းနိုင်တယ်'

လီထိုက်ဟိုသည် စကားကို ခေတ္တရပ်လိုက်၏။ ကျားရဲ သုံးကောင်ကို ကြည့်လိုက်သည်။

ကျားရဲသုံးကောင်မှာ သူ့စကားကို နားထောင်နေသည်။ ထိုအခါမှ ဆက်၍ ပြောသည်။

'ဒီကိစ္စကို ဒီမှာပဲ ရပ်တန်းက ရပ်မယ်ဆိုရင်တော့ ခင်ဗျားတို့အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်၊ တကယ်တော့ ရန်ငြိုးဖွဲ့မယ်၊ သူတစ်ပါးကို သတ်ဖြတ်တဲ့ လုပ်ရပ်မျိုးတွေဟာ သိုင်းသမားကောင်းတွေရဲ့ လုပ်ရပ်မျိုး မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ နားလည်ထားပါ၊ တတ်နိုင်သမျှ ခင်ဗျားတို့ ရှောင်ကြဉ်ပါ .....'

ထိုအခါ ...

မုန်းအင်း ကျားရဲသုံးကောင်သည် ထိုနေရာတွင်ပင် ရပ်လျက် ငြိမ်နေကြသည်။

အတန်ကြာမှ မုန်းအင်း ကျားရဲသုံးကောင်သည် အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။



ထို့နောက် .....

ကျားကြီးသည် သူ၏ လက်ထဲမှ ဓားကိုမြှောက်၍ ငွေ့ယမ်းကာ တပည့်များအား အော်ဟစ် အမိန့်ပေးလိုက်သည်။ ဆုတ်ခွာခြင်းသည်သာ သူတို့အတွက် အကောင်းဆုံးဖြစ်သည် မဟုတ်ပါလော။

'အားလုံး .... ပြန်ကြမယ်ဟေ့'

မုန်းအင်းကျားရဲများက ဓားများကို ပြန်လည်ရုပ်သိမ်းလိုက်ကြသည်။

သူတို့၏ ဓားများကို ဓားအိမ်ထဲသို့ ပြန်ထည့်ကာ ကျားသုံးကောင်စလုံး ထွက်ခွာသွားကြရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် ...

မုန်းအင်းကျားကြီးသည် လီထိုက်ဟိုဘက် ဖြတ်ခနဲ လှည့်ကာ တင်းမာသော မျက်နှာထားဖြင့် ပြောလိုက်သည်။

'လီထိုက်ဟို .... တစ်နေ့တော့ မင်းနဲ့ ကျုပ်တို့ တွေ့ကြသေးတာပေါ့'

ပြောပြောဆိုဆို မုန်းအင်းကျားကြီးသည် သူ၏ မုန်းအင်းကျားရဲများကို ဦးဆောင်ကာ ယိုးလင် ဂေဟာမှ ထွက်ခွာသွားကြလေတော့သည်။

မုန်းအင်းကျားများ ထွက်ခွာသွားသည်ကို လီထိုက်ဟိုက အေးဆေးစွာ လက်ပိုက်၍ ရပ်ကြည့်နေမိလေ၏။

'အစ်ကို ..... လီ'

လီထိုက်ဟိုက မိစုရီ၏ ထူးခြားပြောင်းလဲ ခေါ်ဝေါ်လိုက်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မိစုရီသည် သူ့ လက်ထဲမှ သံမဏိစွန်ကုတ်တံ လက်နက်ကို မြေပေါ်သို့ ပစ်ချလိုက်ပြီး လီထိုက်ဟို၏ ပခုံးနှစ်ဘက်အား ရင်းနှီးစွာ ဆုပ်ကိုင်လိုက်သည်။

'အစ်ကိုလီကို ကျွန်တော်တို့ သိပ်ကျေးဇူးတင်ပါတယ်'

သို့သော် .....

လီထိုက်ဟိုက မဲ့ပြုံးပြုံးကာ..... ဦးခေါင်းကို ခါယမ်းလိုက်ပြီးနောက် ...

'မလိုပါဘူး မိစုရီ ... ဒီကိစ္စလောက်နဲ့တော့ ကျေးဇူးတင်စရာ မလိုသေးပါဘူး၊ မိပိုက်ရီရဲ့ အသက်အန္တရာယ်က အရေးကြီးနေတယ်၊ ကဲ ... ကျုပ်တို့ မိပိုက်ရီကို သွားကြည့်ကြစို့'

ပြောပြောဆိုဆို လီထိုက်ဟိုက မိပိုက်ရီ လဲနေရာသို့ အမြန်ပြေးထွက်ခဲ့သည်။

မိစုရီကလည်း လီထိုက်ဟို၏ နောက်မှ အမြန်ပြေးလိုက်လာသည်။

ဧည့်ခန်းဆောင် ရှေ့တံခါးဝသို့ ရောက်သည်နှင့် မိပိုက်ရီအား ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားတစ်ဦးက ပွေ့ချီထားသည်ကို တွေ့လိုက်ရ၏။



လီထိုက်ဟိုက မိချူးရီထံမှ ရယူလာသော 'အသက်ဆက်' အဆိပ်ဖြေဆေးပုလင်းကို အိတ်ထဲမှ အမြန်ဆုံး ထုတ်ယူလိုက်သည်။

ထို့နောက် ...

ဆေးတစ်လုံးအား နှိုက်ယူကာ ... မိပိုက်ရီ၏ ပါးစပ်ထဲသို့ တိုက်ကျွေးလိုက်သည်။

ထိုအချိန်တွင် ... မိပိုက်ရီမှာ အားအင်ကုန်ခမ်းလျက် သတိမေ့လုနီးနီး ဖြစ်နေပေပြီ။

သူ ... ဆေးတိုက်လိုက်သည်မှာ အချိန်မီရုံသာ ရှိသည်။

ဆေးလုံးက မိပိုက်ရီ ဝမ်းထဲသို့ ကျရောက်သွားပြီးနောက် မိပိုက်ရီမှာ မျက်လုံးကို အသာမှေးမှိတ်ထားသည်။

မိစုရီနှင့် ယိုးလင် ဂေဟာ အစေအပါးများက မိပိုက်ရီအား ချက်ချင်း သယ်ယူသွားကြပြီး အိမ်ခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်တွင် တင်ထားလိုက်ကြသည်။

မိစုရီ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှု လွှမ်းကဲစွာ ဖြစ်နေသည်ကို တွေ့ရ၏။

မိစုရီသည် မိပိုက်ရီအား သေချာစွာ စူးစိုက်ကြည့်နေရင်းမှ ရုတ်တရက် လီထိုက်ဟိုဘက်လှည့်ကာ မေးလိုက်သည်။

'ဒါနဲ့ ... အစ်ကိုလီ၊ ကျွန်တော့်ရဲ့ အစ်ကိုလတ်နဲ့ ညီမလေးကော ...'

လီထိုက်ဟိုက မိစုရီကို တစ်ချက် စိုက်ကြည့်လိုက်ကာ ...

'မိုစုရိ ခင်ဗျားအစ်ကိုလတ်ဟာ သူ့အမှားကို သိပြီး သေခါနီး ဆဲဆဲမှာ .... တောင်းပန်သွားရှာတယ်၊ မိုပိုက်ရိအတွက် 'အသက် ဆက် အဆိပ်ဖြေဆေး' ကျမ်းကို ထုတ်ပေးသွားတယ်၊ မိုရှုရိ ကတော့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်၊ ဒါပေမယ့် ယိုးလင်ဂေဟာရဲ့ အဆိပ်ဖြေဆေး အစွမ်းကြောင့် စိုးရိမ်စရာ မရှိတော့ဘူး၊ အခုလောက် ဆိုရင် ... သူဟာ ကျုပ်နောက်ကနေ မြင်းလှည်းနဲ့ လိုက်လာနေပြီ'

ထိုသို့ လီထိုက်ဟိုက အလုံးစုံ ပြောပြပြီးနောက် ... မိုစုရိကို အကဲခတ်သလို သေချာစွာ ကြည့်လိုက်၏။ ထို့နောက် ...

'မိုစုရိ ... ခင်ဗျားတို့ သိပ်လိုချင်နေကြတဲ့ မြေပုံ စာရွက်နဲ့ သိုင်းအဖွဲ့ပေါင်းစုံ လျှို့ဝှက်သိုင်းကွက် မှတ်စုစာအုပ်အကြောင်းကို ရော မမေးတော့ဘူးလား'

ထိုအခါ ...

မိုစုရိက သက်ပြင်းကို အသာအယာ ချလိုက်ပြီး ...

'အင်း ... ဒီပစ္စည်းအတွက်ကြောင့် ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ ဒုက္ခပင်လယ်ဝေခဲ့ရတယ်၊ ကျွန်တော် ဒီပစ္စည်းတွေကို မလိုချင်တော့ဘူး၊ အစ်ကိုလီထိုက်ဟို ပြောတဲ့စကားဟာ သိပ်မှန် တယ်၊ သိုင်းလောကကို ... လက်ဝါးကြီးအုပ် စိုးမိုးဖို့ စိတ်ကူးနေရင် 'ယိုးလင် ဂေဟာ' ဟာ ဘယ်တော့မှ အေးချမ်းမှုရှိမယ် မဟုတ်ဘူး ဆိုတာလေ၊ အခုတော့ .... တကယ်လက်တွေ့ကြုံတွေ့နေရပြီ၊ ဒါဟာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေအတွက် သင်ခန်းစာပါပဲ'



လီထိုက်ဟိုမှာ .... မိုစုရိ၏ စကားကြောင့် အလွန်အမင်း ဝမ်းသာသွားသည်။

လီထိုက်ဟိုက မိုစုရိအား ပီတိဖြာသော အကြည့်ဖြင့် ကြည့် လိုက်ကာ ....

'မိုစုရိ ..... မင်းရဲ့ အတွေးတွေ မှန်ကန်လာပြီ'

မိုစုရိက မချိပြုံးဖြင့် ပြန်လည်တုံ့ပြန် ပြုံးပြလိုက်သည်။

'ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်ကိုတော့ ဒီတစ်သက် မေ့နိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် လည်း အစ်ကိုလီထိုက်ဟိုကို ကျေးဇူးသိပ်တင်ပါတယ်၊ အစ်ကိုကြီးနဲ့ ညီမလေးတို့ကလည်း ကျေးဇူးတင်ကြမှာပါ၊ အင်း .... အစ်ကို လီ ထိုက်ဟိုသာ ရောက်မလာခဲ့ရင်တော့ ကျွန်တော်တို့ ယိုးလင် ဂေဟာ ဟာ လုံးဝပျက်စီးသွားမှာ သေချာတယ်'

မိုစုရိက ထိုသို့ပြောလိုက်ပြီးနောက် ... ဦးခေါင်းကို ခါယမ်း နေပြန်၏။

အတန်ကြာမှ ....

'အင်း ... အစ်ကိုကြီးရဲ့ ဝေဒနာ ... ပျောက်ကင်းသွားရင် ကျွန်တော်တို့ 'ယဲ့လီ' တောင်တန်းဆီကို ပြောင်းရွှေ့ပြီး အေးအေး ချမ်းချမ်း နေထိုင်တော့မယ်'

မိုစုရိ၏ စကားကြောင့် လီထိုက်ဟိုက ဝမ်းသာအားရ ဖြစ် သွားလေ၏။

'ကောင်းတာပေါ့၊ အစ်ကိုလည်း မကြာခင် ခရီးဆက်ထွက်ရ တော့မယ်၊ မိစုရီ .... အစ်ကိုကြီး မိုပိုက်ရီ သတိရလာရင် အစ်ကို နှုတ်ဆက်ခဲ့တဲ့အကြောင်း ပြောပြပေးပါ'

မိစုရီသည် လီထိုက်ဟိုထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ အလန့်တကြား ဖြစ်သွားလေ၏။

'ဟင် ... အစ်ကိုလီထိုက်ဟိုက အခုပဲ ခရီးဆက်ထွက်တော့ မလို့လား'

သို့နှင့် လီထိုက်ဟိုက မချိပြုံးပြုံးလျက် ခေါင်းကို ညိတ်ပြ လိုက်ရင်း ....

'ဟုတ်တယ် မိစုရီ ... အစ်ကို အခုပဲ ခရီးထွက်တော့မယ်၊ အစ်ကို့ကြောင့် သူတစ်ပါးတွေရဲ့ အသက်ကို ဆက်ပြီး မသေစေချင် ဘူး၊ အခုတောင် အစ်ကို မုန်းအင်း ကျားရဲနှစ်ကောင်ရဲ့ အသက်ကို မမျှော်လင့်ဘဲ သတ်ခဲ့မိတယ်၊ ဒီအတွက် သူတို့က အစ်ကို့ကို ကျေနပ် ကြမှာ မဟုတ်ဘူး၊ အစ်ကို့အနေနဲ့က ရန်ငြိုးရန်စကို မရှည်ချင်ဘူး၊ ဒါ့ကြောင့် ... အစ်ကို အခုပဲ ခရီးထွက်တော့မယ်၊ အစ်ကို မသွားခင် တစ်ခု ပြောခဲ့ချင်တယ်၊ ညီလေး မိစုရီ ကနေတစ်ဆင့် အစ်ကိုကြီး မိုပိုက်ရီကိုပါ ... ပြောပေးပါ'

ဤတွင် မိစုရီက စိတ်ဝင်တစား မေးလိုက်သည်။

'ဘာများလဲ အစ်ကို လီထိုက်ဟို၊ ကျွန်တော် အစ်ကိုကြီးကို တစ်ဆင့် ပြောပြပေးပါ့မယ်'



ထိုအခါ ...

လီထိုက်ဟိုက ခေါင်းကို အသာငုံ့လိုက်ပြီး လေသံတိုးတိုး ကလေးဖြင့် ....

'မိစုရီနဲ့ အစ်ကိုကြီး မိုပိုက်ရီဆီမှာ မိရှုရီကို လက်ထပ်ခွင့် တောင်းချင်လို့ပါ'

လုံးဝ မမျှော်လင့်သော လီထိုက်ဟို၏ စကားကြောင့် မိစုရီ မှာ မျက်လုံးပြူးလျက် လွန်စွာ အံ့အားသင့်သွားလေတော့သည်။

သူ ... အလွန်ဝမ်းသာသွားသည်။ ဤစကားမျိုးကို သူ လုံးဝ မမျှော်လင့်ခဲ့ပါ။ သူက ပြုံးရွှင်စွာဖြင့် ... မေးလိုက်လေ၏။

'အစ်ကို လီထိုက်ဟို .... တကယ်ပြောနေတာလား'

လီထိုက်ဟိုက မိစုရီအား လက်ဖမိုးယှက်ကာ အရိုအသေ ပေးလိုက်ပြီး ...

"အစ်ကို ပြောမိတာကို .... ရိုင်းတယ်လို့ မထင်လိုက်ပါနဲ့၊ အစ်ကို အခုပဲ ခရီးထွက်မှာမို့၊ မထွက်ခင် အစ်ကိုရဲ့ ဆန္ဒကို ညီလေး မိစုရီနဲ့ အစ်ကိုကြီး မိုပိုက်ရီ တို့ကို အသိပေးချင်လို့ပါ၊ မိရှုရီ အပေါ် ထားတဲ့ အစ်ကိုရဲ့ မေတ္တာကိုတော့ ယုံကြည်စေချင်ပါတယ်'

မိစုရီက လီထိုက်ဟို၏ ပခုံးအား ဝမ်းသာအားရ လှမ်း၍ ဆုပ်ကိုင်လိုက်၏။

'ဟုတ်ပြီ .... ဒီလိုဆို ကျွန်တော် အခုကတည်းက အစ်ကို လီထိုက်ဟိုကို 'အစ်ကို' လို့ပဲ ခေါ်တော့မယ်'

ထို့ကြောင့် ....

လီထိုက်ဟိုကလည်း ပြန်လည်ပြုံးပြရင်း မိုစုရီ၏ လက်များကို ဖျစ်ညှစ်လိုက်၏။

မိုစုရီက ....

'အစ်ကို ... အစ်ကို့ကို ကျွန်တော် တကယ်လေးစားပါတယ်၊ အစ်ကိုကြီးကလည်း အစ်ကိုရဲ့ ဆန္ဒကို လိုက်လျောမှာပါ၊ နောက်ပြီး ညီမကလေးကလည်း အစ်ကို့ကို ချစ်ခင်နှစ်သက်နေတယ်လို့ ကျွန်တော် ထင်တယ်၊ သူ့အကြည့်တွေကို ကျွန်တော် ရိပ်စားမိပါတယ်'

လီထိုက်ဟိုကမူ ... အားနာစွာဖြင့် ပြုံးနေမိသည်။

ထို့နောက် ....

မိုစုရီသည် လီထိုက်ဟိုအား ပြုံးကြည့်နေပြီး ဆက်၍ ပြောလိုက်ပြန်သည်။

'အစ်ကို .... အစ်ကို ခရီးမထွက်သေးဘဲ ကျွန်တော်တို့နဲ့ 'ယဲ့လီ'ကို လိုက်ခဲ့ပါလား'

လီထိုက်ဟို မိုစုရီအား ခင်မင်စွာ ကြည့်ရင်း ....

'ညီလေး မိုစုရီ ... အစ်ကို သုံးနှစ်ပြည့်မြောက်ရင် လိုက်လာခဲ့ပါ့မယ်၊ အဲဒီအခါကျရင် အစ်ကို ... မိုရှုရိကို လက်ထပ်ယူပါ့မယ်၊ မိုရှုရိကို သည်းခံပြီး စောင့်ပေးပါလို့ ပြောလိုက်ပါ'

ပြောပြောဆိုဆို လီထိုက်ဟိုက ခါးတွင် ချိတ်ထားသော ဓားကို ဖြုတ်ယူလိုက်၏။



ထို့နောက် ....

ဓားအိမ်ဖြင့် ထည့်ထားသော သံသေဓားကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ကာ ... မိုစုရီကို လှမ်းပေးလိုက်ကာ ...

'ညီလေး .... ဒီဓားကို မိုရှုရိနဲ့ အစ်ကိုတို့ရဲ့ မင်္ဂလာပွဲ အထိမ်းအမှတ်အဖြစ် ယိုးလင် ဂေဟာကို ပေးအပ်ခဲ့ပါတယ်၊ နောက်တစ်ကြိမ် ရန်သူတွေ ... ယိုးလင် ဂေဟာကို အန္တရာယ်ပြုရင် ဒီဓားနဲ့ တိုက်ခိုက်ကာကွယ်ပါ'

ဟု လေးနက်စွာ ပြောလိုက်သည်။

မိုစုရီက လီထိုက်ဟို လှမ်းပေးသော ဓားကို ယူလိုက်ပြီး ဝမ်းနည်းစွာဖြင့် ... ပြန်ပြောလိုက်သည်။

'အစ်ကို .... အစ်ကိုကြီးရဲ့ ကိုယ်စား ကျွန်တော်ပဲ ဒီဓားကို လက်ခံလိုက်ပါ့မယ်၊ ညီမလေးအတွက်လည်း ဒီဓားဟာ အလွမ်းပြေ ပစ္စည်းကလေးတစ်ခုပေါ့၊ ဒါပေမယ့် .... အစ်ကို့မှာ ဒီဓားမရှိရင် ဖြစ်ပါ့မလား၊ သွားရမယ့် ခရီးစဉ်၊ လုပ်ရမယ့် အလုပ်တွေ အစ်ကို့မှာ ရှိသေးတယ် မဟုတ်လား'

မိုစုရီ၏ လေသံမှာ လှိုက်လှဲမှု ရှိလှသည်။

ဤတွင် ...

လီထိုက်ဟိုက သဘောကျစွာ ရယ်မောလိုက်ပြီး ...

'အစ်ကို .... ဒီဓားကို မကိုင်ချင်တော့ဘူး၊ နောက်ထပ် သူတစ်ပါးရဲ့ အသက်ကိုလည်း အကြောင်းမဲ့ မသေစေချင်တော့ဘူး၊

ဒါကြောင့် ဒီစားကို ဒီမှာပဲ ထားခဲ့ပါတော့မယ်၊ ကဲ ... ညီလေး မိုစုရီ၊ အစ်ကို့အနေနဲ့ အစ်ကိုကြီး မိုပိုက်ရီ သတိရအောင်နဲ့ မိုရှုရီ ရောက်လာအောင် မစောင့်နိုင်တော့ဘူး၊ အစ်ကို ... အခုပဲ သွားတော့မယ်၊ သုံးနှစ် ပြည့်တဲ့နေ့ကျရင် 'ယဲ့လီ'ကို အရောက်လာခဲ့မယ် ဆိုတာ ကတိပေးခဲ့ပါတယ်'

ဟု ကတိပေးလိုက်သည်။

မိုစုရီက လီထိုက်ဟို၏ ပခုံးကို တစ်ချက်ပုတ်၍ ...

'ဒီလိုဆို ... သုံးနှစ်ပြည့်တဲ့နေ့ကျရင်သာ အစ်ကို 'ယဲ့လီ' ကို ဆက်ဆက်လာခဲ့ပေတော့ ....'

လီထိုက်ဟိုသည် မိုစုရီကို နှုတ်ဆက်ပြီး အလျင်အမြန် ပြေးထွက်သွားလေတော့၏။

ထိုအခါ ...

မိုစုရီမှာ ဝမ်းသာ ဝမ်းနည်း ငေးမော ကျန်ရစ်ခဲ့တော့သည်။

❖❖❖❖❖

စာစဉ်(၂) ပြီး၏။

တက္ကသိုလ် နေလင်းအောင်